ဂုံ
ကျော်
ဝတ်
ရည်

mgyoe.com
SAMPLE BOOK


NEW YORK TIMES
BESTSELLER

RUTH HARRIS

# MODERN WOMEN


# ခန်းထတဲ့မမများ

တင်မောင်မြင့်



mgyoe.com

SAMPLE BOOK



NEW YORK TIMES BESTSELLER

RUTH HARRIS

MODERN WOMEN

စန်းထတဲ့မမများ

တင်မောင်မြင့်

mgyoe.com

K0302

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ဖေဖော်ဝါရီလ၊ ၂၀၀၄ ခုနှစ်၊ ယုံကြည်ချက် စာပေ။

ဒုတိယအကြိမ် - စက်တင်ဘာလ၊ ၂၀၁၇ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

ပုံနှိပ်သူ - ဦးလင်းဇာနည် (သီရိဂုဏ်ဝေပုံနှိပ်တိုက်) [၀၁၄၃၇]
အမှတ် (၃၂)၊ ၅၃ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - ဘဌေးကြည်

တန်ဖိုး - ၆၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# တင်မောင်မြင့်

# ဝန်းထတဲ့မမများ

**ကံ့ကော်ဝတ်ရည်စာပေ**

အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၇၃၀ ၄၁၁၃၇ ၊ ၀၉ ၄၄ ၃၀ ၄၁၁၃၇

email: kantkawwutyee@gmail.com

**http://kantkawwutyee.myanmaronlinesales.com**

**www.facebook.com/KantKawWutYeePublishing**

တို့တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## ယခင်'သတင်းမှုဆိုး'ကို 'စန်းထတဲ့မမများ'အမည်ဖြင့် ဒုတိယအကြိမ် ပြန်ထွက်ခြင်းအတွက် အမှာစာ

၁၉၆၀ ပြည့်လွန်နှစ်များဆီက ကျွန်တော်တို့နိုင်ငံမှာ အစစအရာရာ ရှားပါးပြတ်လပ်လွန်းလို့ 'ဘာမေးရှား'နိုင်ငံလို့ ခေါ်ကြတာကို မှတ်မိကြပါလိမ့်မယ်။ မိန်းမကလေးမွေးလို့ ဟောလစ်တစ်ပုလင်းရဖို့ ဆရာဝန်လက်မှတ်နဲ့ ကုန်သွယ်ရေးမှာ လျှောက်လွှာတင်ရတယ်။ အနီးပိတ်လည်း အလားတူပါပဲ။ (ငါးဦးကော်မတီ ထောက်ခံစာပါဖို့ လိုသေးတယ်။) အရက်ဖြူဆိုင်မှာ လူတွေတန်းအရှည်ကြီးစီရတယ်။ ရမ်တို့၊ ဘီယာတို့လည်း ကုန်သွယ်ရေး(၄)မှာ လျှောက်လွှာတင်ရတာပါပဲ။ အဲ... စာအုပ်စာပေ ရှားလိုက်ပုံကလည်း ပန်းဆိုးတန်းနဲ့ မြေနီကုန်း အဟောင်းတန်းသည်သာ အားထားရာ။ စာပေဗိမာန် စာအုပ်ဆိုင်နဲ့ ကုန်သွယ်ရေး(၉)ဆိုင်တွေမှာ အင်္ဂလိပ်စာအုပ် အဟောင်းတွေနဲ့ ပါတီစာနယ်ဇင်းက ထုတ်တဲ့ စာအုပ်ပြာတွေချည်း။

အဲဒီ အချိန်မှာ ကျွန်တော် စာအုပ်အသစ်ကျပ်ချွတ် တစ်အုပ် ရတယ်။ ပေးတဲ့သူက ကြေးမုံ အယ်ဒီတာ လူထွက် သဘော်အရာရှိ သူငယ်ချင်း ကိုဌေးနိုင်။ စာအုပ်အမည်က Modern Women၊ ရေးသူက Ruth Harris။ စာအုပ်ရော စာရေးဆရာမကိုပါ တစ်ခါမှ မကြားဖူး။ (ခုမှ Internet မှာ ကြည့်တော့ Ruth က အမေရိကန် တက္ကသိုလ်တစ်ခုရဲ့သမိုင်းပါမောက္ခတဲ့။ စာအုပ်က New York Time Best Seller စာရင်းဝင်၊ အုပ်ရေ မီလျံနဲ့ချီ ရောင်းခဲ့ရတဲ့ စာအုပ် ) ကိုဌေးနိုင်က ကောင်းလှချည်ရဲ့ ဆိုပြီး အတင်းညွှန်းလို့ ဖတ်ကြည့်တော့ လက်က မချနိုင်ဘူး။ ဒီတော့ ကျွန်တော် ဘာသာပြန်ဖြစ်သွားပါတယ်။ ဇာတ်လမ်းက အမေရိကန် စာပေလောက၊ စာအုပ်လောကရဲ့ အတွင်းရေးတွေ။ အဲဒီတုန်းက ခေတ်စားတဲ့ Jet Set Society အကြောင်း မဟုတ်ဘူး။ စီအိုင်အေ မပါဘူး။ မော့ဆက် မပါဘူး။ ကေဂျီဘီ မပါဘူး။ ဒီတော့ တော်တော်နဲ့ ထုတ်ဝေပေးမယ့်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

မတွေ့ခဲ့ဘူးပေါ့။ ဒီလိုနဲ့ ဒီစာမူက ကျွန်တော့်လက်ထဲမှာ ဆယ်စုနှစ်တစ်စုစာလောက် အိပ်နေခဲ့ပါတယ်။ (ဝတ္ထုအဖွင့်မှာ သမ္မတ ကနေဒီ လုပ်ကြံခံရတဲ့နေ့အကြောင်းနဲ့ စဖွင့်ထားတော့ စာပေစိစစ်ရေးက ပေးမယ်မထင်တာလည်း တစ်ကြောင်းကြောင့် ကျွန်တော် ပစ်ထားလိုက်ပါတယ်။)

၂၀၀၃ ခုနှစ်ရောက်မှ သူငယ်ချင်း မြတ်ငြိမ်းက သူထုတ်မယ်ဆိုပြီး စိစစ်ရေးတင်ပေးပါတယ်။ ကံကောင်းလို့ ထုတ်ခွင့်ရခဲ့ပါတယ်။ ဒါပေမဲ့ သူရဲ့ 'ငြိမ်းအေး' စာပေက မထွက်ဖြစ်ဘဲ ၂၀၀၄ ခုနှစ်ကျမှ 'နှန်းဒေဝီ' က ဘာကြောင့် ထွက်သွားတာလဲ ဆိုတာတော့ သိပ်မမှတ်မိတော့ဘူး။

နောက်နှစ်အတော်ကြာသွားတော့ စာအုပ်တိုက်တစ်တိုက်က ကြိုက်လှချည်ရဲ့၊ ပြန်ထုတ်ပါရစေဆိုပြီး ထုတ်ဖို့ စီစဉ်ပါတယ်။ နှစ်နှစ်ကျော် ကြာသွားတယ်။ အကြောင်းကြောင်းကြောင့် မထုတ်ဖြစ်ခဲ့ပါဘူး။

ခု ပထမအကြိမ် ထုတ်ဝေပြီးနောက် ၁၄ နှစ်နီးပါးရှိလာတဲ့ အချိန်မှာ 'ကံ့ကော်ဝတ်ရည်' က ထုတ်မယ်ဆိုတော့ ကျွန်တော်ဝမ်းသာသွားတယ်။ ဇာတ်လမ်းက 'ကံ့ကော်ဝတ်ရည်'နဲ့ ပိုလိုက်လို့ပါပဲ။ ဘယ်လိုလိုက်တယ်၊ ဘာကြောင့် ကျွန်တော်ဝမ်းသာရတယ်ဆိုတာတော့ စကားဦးမသန်းတော့ပါဘူး။ ဆေးရိုးသည် မလုပ်ချင်တော့ပါဘူး။

ဒီနေရာမှာ စာဖတ်သူတို့ကို အသိပေးဖို့ ရှိပါတယ်။ အဲဒါကတော့ ပထမအကြိမ် ထုတ်ဝေခဲ့စဉ်က ဒီစာအုပ်အမည်ဟာ 'သတင်းမှုဆိုး' ဖြစ်ပါတယ်။ အခု ဒုတိယအကြိမ် ထုတ်ဝေတဲ့အခါ ကျွန်တော့် ဆန္ဒအလျောက် 'စမ်းထတဲ့မမများ' လို့ အမည် ပြောင်းလိုက်ပါတယ်။ ဒီအမည်ဟာ ဇာတ်လမ်းနဲ့ရော၊ မူရင်းစာအုပ်အမည်နဲ့ရော ပိုပြီး လိုက်ဖက်လိမ့်မယ်လို့ ထင်ပါတယ်။

ဒီစာအုပ် ဒုတိယအကြိမ်ထွက်လာတဲ့အတွက် ကျေးဇူးတင်စကားဆိုအပ်သူများကတော့ ကံ့ကော်ဝတ်ရည် မရွှေပိုင်းရယ်၊ စိတ်ရှည် လက်ရှည်နဲ့ Proof ကို အကြိမ်ကြိမ်ဖတ်ပေးတဲ့ ဆရာ တက္ကသိုလ်တင်ဟန်ကျော်ရယ်၊ ထုတ်မယ်ဆိုတဲ့ တိုက်မှာ နှစ်နဲ့ချီကြာပြီး စာမူပျောက်လိုက်၊ CD ပျောက်လိုက်၊ အကြိမ်ကြိမ် ပြန်ရိုက်ပေး၊ ပြန်ထုတ်၊ နောက်ဆုံး ဖိုင်တွေပျောက်၊ ပြန်ရိုက်နဲ့ အဖေမို့ မပြောသာလို့ စိတ်ရှည်ပေးတဲ့ ရွှေနဒီကွန်ပျူတာက သမီး မရွှေတိုးတို့ ဖြစ်ပါတယ်။

တင်မောင်မြင့်

၁၁-၉-၂၀၁၇

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း [၁]
## ဒါးလက်စ်

**အရှေ့ပိုင်းစံတော်ချိန် ၁၁း၃၀ နာရီ**

ပထမတွင် ဂျိန်း ဘာဖြစ်မှန်း မသိလိုက်။ ဘာဖြစ်တာပါလိမ့်။ လက်မောင်းတွင် သတင်းထောက် လက်ပတ်အတုနှင့် အီယန်ဖလင်းမင်း၏ ဝတ္ထုထဲမှ နာမည်ကို ယူထားသည့် ဂျိန်းဂရက်ချ်သည် သမ္မတကနေဒီ၏ တက်ဆက်စ်ခရီးစဉ်တွင် သတင်းနှင့် ပြန်ကြားရေး ဘတ်စ်ကား ပြတင်းပေါက်ဘက် ရှေ့ဆုံးတန်းမှ ထိုင်လိုက်လာခဲ့ခြင်း ဖြစ်သည်။

ခရီးစဉ် ရှည်လျား ရှုပ်ထွေးမှုကြောင့် သူတို့ကားမှာ သမ္မတ၏ ကားနှင့် အဝေးကြီး ပြတ်ကျန်ခဲ့သည်။ လမ်းနံဘေး တစ်ဖက်တစ်ချက်မှ ကျိုးတိုးကျဲတဲ ပရိသတ်ကို ဂျိန်း ငေးလိုက်လာခဲ့၏။ သူတို့ဆီမှ ပြည်နယ် အုပ်ချုပ်ရေးမှူးထက် အပုံကြီး ပို၍ ချစ်စရာကောင်းသည့် သမ္မတကို တိုးဝှေ့ ကြည့်ရှုနေကြသည်။ ထိုစဉ်တွင် မော်တော်ကား အိတ်ဇောပေါက်သံလိုလို ကြားလိုက်ရခြင်း ဖြစ်၏။

နေရောင်ကာ ကပ်ထားသည့် မှန်ပြတင်းမှ အပြင်ဘက်ကို မြင်နေရပုံက အသံတိတ်ကားထဲမှ မြင်ကွင်းနှင့် တူနေ၏။ လူအုပ်ကြီးထဲတွင် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ အချို့ ကားလမ်းကို ကျောခိုင်းပြီး ခြေဦးတည့်ရာသို့ ထွက်ပြေးနေကြသည်။ အမျိုးသမီးငယ်တစ်ဦးက သူ့ကလေးနှစ်ယောက်ကို ပလက်ဖောင်းပေါ်

mgyoe.com

ဆွဲလှဲပြီး ကိုယ်လုံးနှင့် ဖိထားလိုက်၏။ ဒီယာလေပလာဇာ အဆောက်အအုံရှေ့မှ ခုံးကျော်တံတားအောက်သို့ ကားဝင်လိုက်သဖြင့် နေ့ခင်းကြောင်တောင် အလင်းရောင်မှာ ရုတ်ခြည်းမှောင်သွားသည်။

အိုဝင်ကာဆယ် ထိုင်နေသည့် နောက်ဘက်တန်းကိုလှည့်ပြီး ဂျိန်း မေးလိုက်သည်။

"ဘာဖြစ်တာလဲဟင်"

အိုဝင်ကာဆယ်မှာ သည်တစ်ပတ်အတွက် ဂျိန်း၏အတွဲ ဖြစ်၏။ အရပ် မြင့်မြင့်၊ ရုပ်ဖြောင့်ဖြောင့်။ အလုပ် လုပ်စရာရှိလျှင် တစ်နေကုန် ကျွဲလို နွားလို ကျုံးလုပ်ပြီး ညပိုင်းတွင်မူ မြာကလေးတွေနှင့် ခပ်ပျော်ပျော် နေတတ်သူ။

သူက အပြင်ဘက်မှ မြင်ကွင်းကို ပို၍ သဲသဲကွဲကွဲ မြင်ရအောင် မတ်တတ်ထပြီး ရှေ့သို့ ကြည့်သည်။

"သမ္မတကား မောင်းထွက်သွားတယ်၊ တအား မောင်းချသွားတာ"

အိုဝင်က ဂျိန်းဘက်ကို လှည့်ကြည့်ပြီး အထိတ်တလန့် ပြောသည်။ စောစောက အသံကို အိုဝင်လည်း ကြားလိုက်သည်။ သူက သေနတ်သံဟု ထင်လိုက်၏။ သို့သော် မဖြစ်နိုင်ဟုလည်း တစ်ဖက်မှ တွေးလိုက်သည်။ ဘယ်လို ဖြစ်နိုင်ပါမည်လဲ။ ဒါ ကိုရီးယားနိုင်ငံက ယာလူး မြစ်ကမ်းနဖူးမှ မဟုတ်တာ၊ ဒါ အမေရိကန်ပဲ။

အိုဝင်သည် အဖေဖြစ်သူ ရဲမှူးခင်းသတင်းထောက်ထံမှ ရခဲ့သည့် အခြေခံဖြင့် သတင်းစာလောကထဲသို့ ဝင်ခဲ့ပြီး လျှမ်းလျှမ်းတောက် သတင်းထောက် တစ်ယောက်အဖြစ် ဝုန်းခနဲ တက်လာခဲ့သူ ဖြစ်၏။ အသက် သုံးဆယ့်နှစ်နှစ်တွင် ကမ္ဘာကျော် သတင်းသမားတစ်ယောက် ဖြစ်နေပြီ။ သတင်းမဂ္ဂဇင်းလောကတွင် သတင်းမုဆိုးဟု နာမည်ကြီးနေသူ ဖြစ်၏။ သတင်းနောက်ကို တကောက်ကောက် လိုက်၏။ မဂ္ဂဇင်း၏ ထိပ်တန်းသတင်း မှန်သမျှ သူ့လက်ရာတွေချည်း ဖြစ်၏။ ယခု သမ္မတ၏ တက်ဆက်စ်ခရီးစဉ် သတင်းမှာလည်း လှုပ်လှုပ်ရှားရှား ဖြစ်ဦး မည် မုချ။

တက်ဆက်စ်ပြည်နယ် ဒီမိုကရက်တစ်ပါတီတွင်း တိုက်ပွဲမှာ အပြင်း အထန် ထိန်းမနိုင် သိမ်းမရ ဖြစ်နေ၍ သမ္မတကိုယ်တိုင် ဆင်းလာခဲ့ရခြင်း ဖြစ် သည်။ အားလုံးက သမ္မတကို မသွားဖို့ ဝိုင်းတားကြသည်။ အန္တရာယ် ရှိနိုင်ကြောင်း လည်း သတိပေးကြသည်။ နိုင်ငံရေးသမားများကိုရော နိုင်ငံရေးကိုပါ မုန်းတီးပါသည့်

mgwoe.com

mgyoe.com
SAMPLE BOOK

ဆိုသော မြင်သူငေးရလောက်အောင်လှသည့် သမ္မတကတော်က လင်တော်မောင်နှင့် ခြေဖဝါး ထက်ကြပ်မကွာ လိုက်ပါလာခဲ့၏။

ဒါးလက်စ်သည် အိုဝင်ကို ရှေ့သို့တစ်ဆင့် တွန်းပို့မည့် သတင်းဟင်းလေးအိုးကြီးတစ်အိုး ဖြစ်လာပါပေဦးတော့မည်။

ခုံးကျော်တံတားအောက်မှ ဘတ်စ်ကားထွက်လာတော့ ရဲသားတစ်ယောက် မော်တော်ဆိုင်ကယ်ကို လမ်းဘေးတွင် ထိုးရပ်ပြီး ခုန်ဆင်းပြေးထွက်သွားသည်ကို လှမ်းမြင်ကြရ၏။ သူ့လက်က သေနတ် ဆွဲထုတ်နေပုံကိုလည်း ရိပ်ခနဲ မြင်လိုက်၏။

သတင်းသမားများ၏ ဘတ်စ်ကား ရုတ်ခြည်း ထိုးရပ်သွား၏။ ကားပေါ်မှ သတင်းထောက် တစ်ယောက် ခုန်ဆင်းပြီး ရဲသားနောက်သို့ ပြေးလိုက်သွားသည်။ ထို့နောက် သမ္မတ မိန့်ခွန်းပြောမည့် ကုန်သွယ်ရေးအဆောက်အအုံဆီသို့ ကားဘီးဆက်လှိမ့်သည်။

"တစ်ခုခုတော့ တစ်ခုခုပဲ၊ ဥသြဆွဲသံတွေလည်း ကြားတယ်၊ ရဲတွေ၊ စုံထောက်တွေ ချက်ချင်း ပြည့်လျှံလာလိမ့်မယ်၊ ကားမောင်းလို့ ရတော့မှာ မဟုတ်ဘူး"

အိုဝင် မှတ်ချက်ချခြင်း ဖြစ်၏။ စောစောက ကြားရသည့် အသံကိုတော့ မော်တော်ဆိုင်ကယ် အိတ်ဇောသံဟု သူ ထင်နေဆဲ။ သည်အသံကို သမ္မတ၏ ကားသမားလည်း ကြားမည်။ 'နောက်မှ စဉ်းစား၊ ချက်ချင်း လှုပ်ရှား'ဟု လေ့ကျင့်ထားသည့်အတိုင်း သူ့ခြေထောက်က အလိုအလျောက် လီဗာပေါ်ကို ရောက်သွားခြင်း ဖြစ်မည်။ ကုန်သွယ်ရေး အဆောက်အအုံရှေ့တွင် ကားထိုးဆိုက်တော့ အိုဝင်က သူ့နေရာမှ ခုန်ထွက်ပြီး ဂျိန်းဘက်လှည့်၍ "လက်ပတ်ကို မမေ့နဲ့နော်၊ အဲဒီအတိုင်း လှုပ်ရှား" ဟု တပ်လှန့်လိုက်သည်။

အိုဝင်က ဘာမှ မဖြစ်လျှင်လည်း သတင်းဖြစ်မည့်နေရာကို ပထမဆုံး အရောက်သွားမည်သာ ဖြစ်၏။

ကုန်သွယ်ရေးအဆောက်အအုံ ခန်းမကျယ်ကြီးထဲတွင် စားပွဲတွေ တန်းစီချထားသည်။ သမ္မတ မိန့်ခွန်းပြောမည့် စင်မြင့်ကို အနီ၊ အပြာနှင့် အဖြူရောင်ပိတ်စများဖြင့် ခင်းကျင်းထား၏။ ထိပ်ဆုံးစားပွဲတွင် အဝါရောင်နှင်းဆီပန်းအိုး တင်ထားသည်။ တီးဝိုင်းသမားများက 'တို့ခေါင်းဆောင်ကို အလေးပြုကြိုဆိုကြစို့' တေးသွားကို တီးဖို့ အသံညှိနေကြ၏။

mgyoe.com

mgyoe.com SAMPLE BOOK

အခမ်းအနားအတွက် အားလုံး အဆင်သင့်ဖြစ်နေပြီး တစ်ချိန်တည်းတွင် အားလုံး ရပ်တန့်သွား၏။ ထောင်ပေါင်းများစွာသော တက်ဆက်စ်သူ၊ တက်ဆက်စ်သားတို့သည် နေ့လယ်စာ စားနေရင်း သံပတ်ကုန်သွားသော အရုပ်များလို ငြိမ်သက်သွားကြ၏။ ဝါးနေကြသော မေးရိုးများ ရုတ်ခြည်း ရပ်တန့်သွားပြီး ဖွန်း၊ ခက်ရင်းများ၊ ရေဖန်ခွက်များလည်း လေထဲတွင် ရပ်တန့်သွား၏။ အထိတ်တလန့်ဖြစ်ကာ ပြူးကျယ်နေသည့် မျက်လုံးများကို ဂျိန်း လှမ်းမြင်နေရသည်။ အချို့က မယုံကြည်နိုင်စွာ ခေါင်းတွင်တွင် ယမ်းလျက်။ ကြားရသည့် သတင်းကြောင့် ဟာခနဲ၊ ဟင်ခနဲ ဖြစ်နေကြသည်။

ဝတ်စုံပြည့် ဝတ်ထားပြီး ရောမ ဦးထုပ်ကြီး ဆောင်းထားသူ တစ်ယောက်က ဂျိန်း၏ လက်ပတ်ကို ကြည့်ပြီး လှမ်းမေးသည်။

"အဲဒါ တကယ်လား၊ သမ္မတ သေနတ်ပစ်ခံရတယ်ဆို"

"ရှင်…သေနတ်ပစ်ခံရတယ်၊ ဟုတ်လား"

ဂျိန်း ပြန်မေးသည်။ ကျောထဲ စိမ့်သွား၏။ စောစောကလေးက ရုတ်ရုတ်သဲသဲ ဖြစ်သွားသော လူအုပ်ကြီးကို ပြန်သတိရလိုက်၏။ အခန်းထဲမှ လူအားလုံး ဆောက်တည်ရာမရ ဖြစ်နေကြသည်။

ဂျိန်း ဘာမှ ထပ်မပြောနိုင်ခင် အိုဝင်က အတင်းလက်ဆွဲပြီး ပထမထပ် သတင်းခန်းမဆီသို့ တိုးဝှေ့ ပြေးတက်နေကြသည့် အခြား သတင်းထောက်များဆီ ဆွဲခေါ်သွားသည်။ သူတို့နှစ်ယောက် အခန်းထဲရောက်သည်နှင့် အရာရှိဖြစ်ဟန် တူသူတစ်ဦးက တယ်လီဖုန်းချပြီး မျက်နှာဖြူဖပ်ဖြူရော်နှင့် ဆီးပြောသည်။

"သမ္မတ လုပ်ကြံခံရတယ်၊ ခု ပတ်က်လင်းဆေးရုံ ရောက်နေပြီ"

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း [၂၂]
## လင်ကီ

**နယူးယောက်မြို့**
**အရှေ့ပိုင်းစံတော်ချိန် ၁၂း၃၉ နာရီ**

နိုဝင်ဘာ ၂၂ ရက်နေ့တွင် နေ့လယ်စာ စားချိန်ကို ပုံမှန်အတိုင်း လင်ကီဒက်စ်မွန် လှုပ်ရှားနေသည်။ ဆယ့်နှစ်နာရီခွဲတွင် ရုံးခန်းထဲမှ ထွက်ခဲ့ပြီး အပြင်လေရှူရင်း လမ်းထွက်လျှောက်သည်။ စားနေကျ စားသောက်ဆိုင်ရှေ့ ရောက်တော့ ရပ်လိုက်သည်။ ငါးအဆာသွတ်ပေါင်မုန့် လွေးရင်း ပါလာသည့် စာမူကို ဆက်ဖတ်မည်။

တိုက်ပိုင်ရှင်နှင့် တိတ်တိတ်ပုန်းတွဲနေသည့်တိုင် အလုပ်ကိုတော့ လင်ကီ လျှော့လုပ်လိမ့်မည် မဟုတ်ပါ။ သည့်အတွက် ပို၍ပင် လုပ်ရမည်ဟု ယုံကြည်ထားသည်။

သူတို့ ဆက်ဆံရေးကို အခွင့်ကောင်းတစ်ရပ်အဖြစ် အသုံးချသည်ဟု ဟန့်ဂရင်နီ ထင်သွားမည်ကို လင်ကီ အရမ်းစိုးရိမ်သည်။ နောက်တစ်ချက်မှာ သူတို့ဇာတ်လမ်းကို တိုက်သားတွေ မရိပ်မိစေလို။ လုံးဝ မသိမှ ဖြစ်မည့် အခြေအနေမျိုး။ ဟန့်ဂရင်နီသည် အမေရိကန်စာအုပ်လောကတွင် အထက်မြက်ဆုံး စာပေပွဲစားတစ်ဦး ဖြစ်သည်။

ဆိုင်ထဲရောက်တော့ နေ့တိုင်းနှင့်မတူ တစ်မူထူးခြားနေသည့် အခြေ အနေကို လင်ကီ ချက်ချင်း သတိထားလိုက်မိသည်။ ခါတိုင်းဆိုလျှင် ကြက်ပျံ မကျ စည်ကားချိန် ဖြစ်၏။ ယခုမူ စိတ်ချောက်ချားဖွယ်ရာ တိတ်ဆိတ်နေသည်။ နေ့စဉ် မြင်နေကျမြင်ကွင်းနှင့် အလျှင်း ခြားနားနေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

စားပွဲထိုးတွေက ကောင်တာဆီကို အော်ဟစ် လှမ်းမှာနေသံများ မကြားရ။ သံမဏိ ကောင်တာစားပွဲပေါ်တွင် ပန်းကန်ခွက်ယောက်တွေ ပစ်ချသံ၊ ဇွန်း၊ ခက်ရင်းသံများ မကြားရ။ ဆိုင်ဝန်ထမ်းများရော စားသုံးသူများပါ စက်ရုပ်တွေလို ငြိမ်သက်နေကြ၏။

မိမိကိုယ်တိုင် ရုတ်ခြည်း နားထိုင်းသွားခြင်းများလားဟု လင်ကီ တွေးမိလိုက်သည်။ သို့သော် မဟုတ်နိုင်။ ရေဒီယိုသံလည်း ကြားနေရသားပဲ။

"သမ္မတ လုပ်ကြံခံရကြောင်းနဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့အကြောင်း သတင်းကို ထပ်မံ အတည်ပြု ကြေညာလိုက်ပါတယ်"

သတင်းကြေညာသူက အထပ်ထပ် ကြေညာနေသည်။

"သမ္မတ ဟုတ်လား"

မိမိ နောက်တွင် တန်းစီရပ်နေသည့် ဘရုစ် ညီအစ်ကိုဘက်သို့ လှည့်ပြီး လင်ကီ မေးလိုက်သည်။

"ဘယ် သမ္မတလဲဟင်"

တစ်ယောက်က ပြန်ဖြေသည်။ သူ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေ၏။

"သမ္မတ ကနေဒီလေ၊ သူတို့ ကနေဒီကို ပစ်သတ်လိုက်ကြပြီ"

မကြားဝံ့ မနာသာ သတင်းဆိုးကြီးကြောင့် လင်ကီ ဘာလုပ်ရမှန်း မသိဘဲ ဆိုင်ထဲမှ ပြေးထွက်ခဲ့သည်။ ရုံးဘက်ဆီသို့ ဆက်ပြေးနေမိ၏။

တတိယရိပ်သာမှ ၄၅ လမ်းထဲသို့ ချိုးဝင်လာခဲ့၏။ ရာသီဥတုမှာ နွေးကုန်တော့မည်ဖြစ်၍ သာယာနေ၏။ ဟိုလူပြောလိုက်သည့် သတင်းကို ခုထိ လင်ကီ မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေဆဲ။

သမ္မတကနေဒီ သေပြီတဲ့။ သူ ငယ်ငယ်ကလေး ရှိသေးတာပဲ။ အားမာန်အပြည့်နဲ့ပဲ။ လင်ကီ ဘယ်လိုမျှ နားမလည်နိုင်အောင် ဖြစ်နေ၏။ သို့သော် ဆိုင်ထဲက ပုဂ္ဂိုလ် ပြောလိုက်သည်ကတော့ အမှန်၊ နားကြားလွဲစရာ မရှိ။

လမ်းပေါ်တွင် လူတွေရပ်ပြီး ခရီးဆောင်ရေဒီယို ပါလာသူများ အနီးတွင် စုပြုံ နားထောင်နေကြသည်ကို လင်ကီ မြင်နေရ၏။ ယာဉ်အသွားအလာ အားလုံး ရပ်တန့်သွား၏။ ဘတ်စ်ကားတစ်စီးက တံခါးပွင့်လျက်သားကြီးနှင့် ရပ်နေ၏။ ကားပေါ်တွင် လူတစ်ယောက်မျှ မရှိတော့။ လမ်းဘေးတွင် ရပ်ထားသည့် ကားများ ဆီတွင်လည်း လူတွေ အလုအယက် တိုးဝှေ့ပြီး ရေဒီယို နားထောင်နေကြ၏။ လျှော့ဈေးရောင်းချနေသော ကုန်တိုက်ကြီးတစ်တိုက်ရှေ့တွင် ရောမလူအုပ်ကြီး စုဝေးပြီး ရုပ်မြင်သံကြားစက်များဆီကို တိုးဝှေ့နေကြသည်။ ဖန်သားပြင်ပေါ်မှ

mgyoe.com

သတင်းကြေညာသူတို့၏ မျက်နှာများသည် ငိုတော့မယောင် ဖြစ်နေကြသည်။

လင်ကီသည် ပြေးသွားလိုက်၊ လမ်းလျှောက်လိုက် လုပ်နေရာမှ နိမိတ်ဆိုးကြီး တစ်ခုခု ဖြစ်ပြီဟု နားလည်လိုက်သည်။ စိတ်တစ်ပိုင်းက ရပ်ပြီး လူအုပ်ကြီးနှင့် ဝင်ရောချင်၏။ ကျန်တစ်ပိုင်းက ရုံးကို အမြန်ဆုံး ပြန်ရောက် ချင်နေ၏။ ရုံးကို ပြန်ရောက်ချင်သည့်အပိုင်းက အားသာနေသည်။ ဟန့်ကို အမြန်ဆုံး တွေ့ရမှ ဖြစ်မည်။ သည်တဒင်္ဂကို ဟန့်နှင့် မျှဝေခံစားချင်သည်။

ဟန့်ဂရင်နီ၏ စာပေပေါင်းကူးတိုက်မှာ လေးထပ်တွင်ရှိပြီး ထမင်းစား ဆင်းချိန်ဖြစ်၍ ရုံးခန်းထဲတွင် လူတစ်ယောက်မျှ မရှိ။ ကြည်လင်သာယာသည့် နေ့များ ကုန်ဆုံးတော့မည်ဖြစ်၍ လူတိုင်း အပြင်ရောက်နေကြခြင်း ဖြစ်သည်။

ထောင့်စွန်းတစ်နေရာရှိ ဟန့်၏ ရုံးခန်းဆီသို့ လင်ကီ သုတ်ခြေတင် လာခဲ့သည်။ ဟန့်လည်း အများနည်းတူ အပြင်ထွက်နေပုံရ၏။ အခန်းထဲတွင် မရှိ။ သူ့ကို မတွေ့သည့်အခါ အကောင်းဆုံးလမ်းကို လင်ကီ ရွေးလိုက်သည်။ သူ့ကုလားထိုင်တွင် ဝင်ထိုင်လိုက်၏။ သူ သုံးနေကျ ဆပ်ပြာနံ့နှင့် သူ သောက်နေကျ စီးကရက်နံ့သည် သူ၏ သင်္ကေတအဖြစ် အခန်းထဲတွင် ကျန်ရစ်သည်။ စိတ်ထဲ ကျေနပ်သွား၏။

သတင်းဆိုးကြီးကို ရင်ဆိုင်ဖို့ အားရှိလာသလို ဖြစ်သွား၏။ စားပွဲပေါ်က ရေဒီယိုကလေးကို လှမ်းဖွင့်လိုက်သည်။ အသံလွှင့်လေလှိုင်းထဲမှ တက်ဆက်စ်သတင်းကို တစ်ပြိုင်တည်း ကြေညာနေကြ၏။

**'အမည်မသိ သေနတ်သမား၏ လက်ချက်ဖြင့် သမ္မတကနေဒီ ကွယ်လွန်အနိစ္စ ရောက်သွားပြီ ဖြစ်ပါကြောင်း'**

သည်တော့မှ သတင်းဆိုးကြီး၏ အနိဋ္ဌာရုံ တုန်ခါမှုအတိုင်းအတာကို လင်ကီ အာရုံပြုနိုင်တော့သည်။ တစ်ပြိုင်တည်းတွင် လင်တော်မောင်ကို ခုမှ အမှတ်ရကြောင်းလည်း ကိုယ့်ကိုယ်ကိုယ် သတိထားမိလိုက်၏။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း [၃]
# အယ်လီ

**ဝါရှင်တန်**

**အရှေ့ပိုင်းစံတော်ချိန် ည ၁၂း၄၀ နာရီ**

ဘယ်အလုပ်မျိုးတွေ ဘယ်လောက် ပျင်းစရာ ကောင်းသည် ဖြစ်စေ ဂျော့တောင်းလို မြို့ကလေးမှ ကုန်တိုက်ငယ်ကလေးတစ်တိုက်တွင် ဖိနပ်ရောင်းရသည့် အလုပ်လောက်တော့ ပျင်းစရာကောင်းမည် မထင်ပါ။

အလွန် ဆက်ဆံရခက်သည့် ဈေးဝယ်သူများနှင့် ဆက်ဆံရသည်မှာ ရင်မောစရာကောင်းလှ၏။ ပါးညောင်းလှ၏။ အင်း ‥ သည်တစ်ယောက်ကတော့ အယ်လီ စိတ်အကုန်ဆုံးပါပဲ။ သူ့နာမည်က တိုင်းသိပြည်သိ မဟုတ်သော်လည်း ဝါရှင်တန်တွင်တော့ လူသိများ၏။ သူ့ယောကျ်ားက နိုင်ငံတော် ရှေ့နေချုပ်ရုံးမှ ထိပ်တန်းရှေ့နေကြီး။ ဂျော့တောင်း ညစာပိုင်းများတွင် သူတို့ လင်မယားကို နေနဲ့လ ရွှေနဲ့မြလို လိုက်ဖက်သည် ဆိုကြ၏။ ယောကျ်ားလုပ်သူတွင် ဦးနှောက်ရှိပြီး မိန်းမတွင် ငွေရှိသည်တဲ့လေ။ ငွေတွေမှ သုံးမကုန် ဖြုန်းမကုန်နိုင်သည့် ငွေတွေတဲ့။

နယူးယောက်သို့ အပတ်စဉ်သွားပြီး ရွှေရောင်ဆံပင်ကို အထူးထူး အထွေထွေ ပြုပြင်လာတတ်၏။ နယူးယောက်သတင်းတွေ၊ အတင်းတွေ သယ်ဆောင်လာတတ်၏။ ခန္ဓာကိုယ်ဖွံ့စည်းပုံက သူ့ဘဏ်စာရင်းအခြေအနေနှင့် ဆန့်ကျင်ဘက်။ ဘဏ်ထဲတွင် ငွေတွေ ထောင်ပုံရာပုံ။ သို့သော် လူက ဝါးခြမ်းပြား အဝတ်ပတ် ဆေးခြယ်ထားသည့် ပုံမျိုး။

mgyoe.com

mgyoe.com SAMPLE BOOK

အယ်လီမက်ဂရက်ဆိုသည့် မိန်းကလေးသည် သူ ရပ်တည်နေသည့် နေရာမှ ထိုမိန်းမကြီးကို စဉ်းငယ်မျှ အထင်ကြီးလို့ မရပေ။

ဆိုင်ထဲမှ မီးခိုးနုရောင် ကော်ဇောပေါ်တွင် သားရေဖိနပ် ခုနစ်ရန် ပြန့်ကျဲနေပြီ။ သုံးရန်က လေဒီရှူး၊ လေးရန်က ကြိုးသိုင်းတွေ၊ သုံးရန်က အနက်ရောင်၊ ကျန်အရန်တွေက နို့နှစ်ရောင်၊ အညိုနှင့် အခြား အရောင်တွေ။

အယ်လီက ကြမ်းပြင်တွင် ဒူးထောက်ပြီး ဝယ်သူ မိန်းမကြီး၏ အရိုးပြိုင်းပြိုင်းထနေသည့် ခြေထောက်တွင် တစ်ရန်ပြီးတစ်ရန် ချွတ်လိုက် စွပ်လိုက် လုပ်ပေးနေရ၏။ ဒီမိန်းမကြီး ဖိနပ်ရွေးနေသည်မှာ တစ်နာရီကျော်ပြီ။ ခုထိ ဘယ်အရောင် ဘယ်အသွေးကို ရွေးရမှန်း မသိသေး။

ချီတုံချတုံ လုပ်လို့ မပြီးနိုင်ဘဲ ဇျစ်တောက် ဇျစ်တောက်နှင့် ဟိုဟာ ကိုင်လိုက်၊ သည်ဟာ ကိုင်လိုက် လုပ်နေဆဲ။

သည်မိန်းမကြီး ဆိုင်ထဲလာပြီး ဖိနပ်ရွေးနေသည်မှာ သည်နေ့မှ မဟုတ်၊ နှစ်ရက်ရှိပြီ။ တစ်ရန်မှ မဝယ်ဖြစ်သေး။

"အင်း ... စဉ်းစားဦးမှ ထင်ပါရဲ့"

စိတ်ပျက်လက်ပျက် ညည်းတွားရင်း ဖိနပ်ဟောင်းကို ပြန်စွပ်ပေးဖို့ အယ်လီ့ကို လက်ဟန်ခြေဟန်ဖြင့် အချက်ပြသည်။ ပြီးတော့ ပြန်ဖို့ ထရပ်သည်။ အယ်လီက ပြန့်ကျဲနေသည့် ဖိနပ်တွေကို ပြန်စုပြီး ရေပါးစက္ကူနှင့် ပြန်ပတ်၊ ဘူးတွေထဲ ပြန်ထည့်နေစဉ် ဆိုင်က ချာတိတ်ကလေးတစ်ယောက် ဖိနပ်ကောင်တာထဲ ပြေးဝင်လာပြီး အမောတကော ပြောသည်။

"သမ္မတ ကနေဒီ သေနတ်ပစ်ခံရလို့တဲ့၊ သေပြီတဲ့"

ထိုတဒင်္ဂကို အယ်လီ တစ်သက် ဘယ်တော့မှ မေ့မည် မဟုတ်။ တစ်မျိုးသားလုံး၏ သေရေးရှင်ရေးဖြစ်သည့် ထိုခဏငယ်တွင် သူ ရောက်နေ သည့် ဘဝကို ကြည့်လေ။

မိမိက ကြမ်းပြင်ပေါ်တွင် ဒူးထောက်ပြီး နှလုံးနာချင်စရာ ကောင်းလှသည့် အထက်တန်းလွှာ မိန်းမကြီးတစ်ယောက်၏ ခြေထောက်တွင် ဖိနပ်တွေ စွပ်လိုက် ချွတ်လိုက် လုပ်ပေးနေရသည့်ဘဝ။

ပြီးတော့ ပြည်သူအားလုံး ကြိမ်မီးအုံးသလို ဖြစ်နေချိန်တွင် မိန်းမကြီး၏ တုံ့ပြန်မှုကို ကြည့်ဦး-

mgyoe.com

mgyoe.com SAMPLE BOOK

စိတ်ပျက်လက်ပျက်လေသံဖြင့်–

“ဟာ…ဒုက္ခပါပဲ၊ မနက်ဖြန် ညစာစားပွဲတော့ ပျက်ပါပြီ၊ အီသယ်က ပြောတယ်၊ သူနဲ့ ဘော်ဘီ လာမှာတဲ့”

လက်သည်းနီတွေ ရဲနေသည့် အရိုးပြိုင်းပြိုင်း လက်တစ်ဖက်က ဆိုင်ခန်းတံခါးကို တွန်းဖွင့်ရင်း ဆက်ပြောသေးသည်။

“ဒုက္ခပါပဲ၊ ဒီနေ့ ဘာတစ်ခုမှ ငါ့မှာ အပေါက်အလမ်း မတည့်ပါလား” တဲ့။

◆◆◆

အယ်လီသည် သမ္မတ လုပ်ကြံခံရမှုနှင့် ပတ်သက်ပြီး ထိုမိန်းမကြီး၏ အပြုအမူကြောင့် အရမ်း တုန်လှုပ်သွားသည်။ လက်စသတ်တော့ သည်ကုန်တိုက်ကလေးတွင် မိမိဘဝ အလဟဿ ဖြစ်နေခြင်းပါကလား။ မိမိ၏ အချိန်တွေ၊ ခွန်အားတွေ၊ တန်ဖိုးတွေ၊ ဦးနှောက်တွေ ဘယ်ရောက်ကုန်ပြီလဲ။

ငါ့ဘဝ မြားဦးက ဒီလိုနေရာကို ဦးတည်ခဲ့တာမှ မဟုတ်ဘဲ။ ငါ ဆိုသည့် မိန်းကလေးရဲ့ ဘဝအခြေခံက ဒီလိုနေရာနှင့် အပ်စပ်သည်မှ မဟုတ်ဘဲ။

“ကျွန်မ အလုပ်ထွက်တော့မယ်”

နောက် တစ်နာရီအကြာတွင် အယ်လီက သူ့အလုပ်ရှင် အမျိုးသမီးကို ငိုပြီး ပြောသည်။

“မင်း သိပ်စိတ်လှုပ်ရှားနေလို့ပါ၊ ဒီနေ့ အိမ်ပြန် နားလိုက်ပါလား၊ မနက်ဖြန်မှ ပြန်လာပေါ့”

ကုန်တိုက်ပိုင်ရှင် ဂျင်းနစ်ကယ်လင်က အယ်လီကို ချော့သည်။ အယ်လီသည် သူ့ဆိုင်တွင် အတော်ဆုံး အရောင်းသမတစ်ဦး ဖြစ်သဖြင့် ဂျင်းနစ် လက်မလွှတ်နိုင်ပါ။

“မဟုတ်ဘူး မမ၊ မမဟာ ကျွန်မအပေါ်မှာ သိပ်ကောင်းခဲ့ပါတယ်။ ကျွန်မ ဒီမှာ လုပ်ရတာလည်း ပျော်ပါတယ်၊ ဒါပေမဲ့ ဒီနေရာဟာ ကျွန်မနေရာ မဟုတ်ဘူး မမ”

စိတ်လိုက်မာန်ပါနှင့် ရုတ်တရက် ဆုံးဖြတ်ချက် ချလိုက်ခြင်းမျိုး။ လက်ထဲတွင် စုမိဆောင်းမိထားခြင်း မရှိ၊ နောက် ဘာဆက်လုပ်ရမည်ကိုလည်း စဉ်းစားထားခြင်း မရှိ။ သို့သော် သည်မြို့ကလေးတွင် ဖိနပ်ရောင်းနေရသည့်

mgyoe.com

mgyoe.com SAMPLE BOOK

ဘဝထက်တော့ ဘယ်မှာမှ နိမ့်ကျစရာ အကြောင်းမရှိဟု အယ်လီ ယုံကြည်လေသည်။

အထိတ်တလန့် ဖြစ်နေသည့် လမ်းများကိုဖြတ်ပြီး ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ရင်း အယ်လီ အိမ်ပြန်လာခဲ့၏။ နောက်ဆံတင်းစရာ တစ်ခုပဲ ရှိသည်။ သူငယ်ချင်းများနှင့်ရော မိသားစုနှင့်ပါ ခွဲရမည့်အရေး ဖြစ်၏။

အို … ကံကောင်းမှာပါ။ ထင်တာထက် ပိုကံကောင်းလျှင် အိုဝင်ကာဆယ်နှင့်တောင် ဆုံချင် ဆုံဦးမှာ။ အိုဝင်က အယ်လီ့အသည်းတွင် စွဲထင်နေသူလေ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း [၄]
## ဂျိန်း

မထင်မရှား ဂျိန်း၊
ရွက်ကြမ်းရေကျို ဂျိန်း၊
ဂျိန်းက သည်ဘဝမျိုးကို ဘယ်တော့မှ အရောက်ခံမည့် မိန်းကလေးမျိုး မဟုတ်။

သိတတ်သည့်အရွယ်မှစ၍ ဂျိန်းဆိုသည့် နာမည်ကို ဂျိန်းဂရက်ချ် မုန်းခဲ့၏။ နာမည်ကြီးက ရိုးစင်းလွန်းသည်။ ငြိမ်လွန်းသည်။ နာမည်နှင့်လူ တခြားစီ ဖြစ်နေ၏။

မွေးစာရင်းတွင် ပါနေ၍ ဂျိန်းဟု အခေါ်ခံနေရသော်ငြားလည်း သည်နာမည်နှင့် သူ လုံးဝ မလိုက်ဟု ဂျိန်းက ထုတ်ပြောသည်။ လေးတန်းရောက်တော့ နာမည်ကို စာလုံး အမျိုးမျိုးပေါင်းကြည့်သည်။

ဂျိန်းနီ၊ ဂျေးနီ၊ ဂျန်နေး၊ ဂျာနီ၊ ဂျိုင်း။ သူနှင့် ဟပ်မိသည့် နာမည်ကို ဂျိန်း လိုက်ရှာသည်။ ထူးဆန်းရမည်၊ သိပ်သည်းရမည်၊ ကဗျာဆန်ရမည်၊ လူတိုင်းနားတွင် ငြိစေမည့် နာမည်မျိုး ဖြစ်ရမည်။

အိုင်နေရာတွင် အေ အစားထိုးကြည့်သည်။ ဝိုင်နှင့် လဲကြည့်သည်။ ရှေ့ခါတွင် စိတ်ကူးပေါက်ပြီး အီး ထပ်ဖြည့်သည်။ ဟိုဟာဖြည့်၊ သည်ဟာဖြုတ် လုပ်ကြည့်သည်။

သာမန်ဂျိန်း မဟုတ်ကြောင်း ကမ္ဘာကို ပြသနိုင်မည့် နာမည်ကို ရှာပုံတော် ဖွင့်နေခြင်း ဖြစ်လေသည်။

mgyoe.com

mgyoe.com

နာမည်တစ်ခုပြောင်းတိုင်း လက်မှတ်ပါ ပြောင်းထိုးကြည့်သည်။ ရောမစာလုံးကြီးတွေနှင့် ထိုးကြည့်သည်။ သေးသေးမှုန်မှုန် စာလုံးကလေးများနှင့် ထိုးကြည့်သည်။ လက်မှတ်ကို စာလုံးကြီးကြီးနှင့် စပြီး နောက်က ပုရွက်ဆိတ်ခေါင်းလောက် စာလုံးကလေးများဖြင့် ကပ်ရေးသည်။

နောက်ဆုံး ခပ်စောင်းစောင်းနှင့် ရဲရဲတင်းတင်း ဆွဲထားသည့် လက်မှတ်ကို ရွေးလိုက်သည်။ ကတိုက်ကရိုက် ရေးခြစ်လိုက်သည့် လက်မှတ်မျိုး။ 'ကျွန်မမှာ လုပ်စရာတွေ အများကြီး၊ လက်မှတ်ကို လှပအောင် ထိုးနေချိန် မရှိဘူး' ဟု ပြောနေသည့်ဟန်။ အိုင်ပေါ်တွင် ဝလုံးသေးသေးကလေးတော့ တင်ထား၏။ တီကို ကန့်လန့်ဖြတ်မျဉ်း အရှည်ကြီး ဆွဲသည်။

ကိုင်သည့်ဖောင်တိန်ကလည်း နစ်သွား အမျိုးမျိုး၊ စိတ်ကူးတစ်မျိုးပေါ်တိုင်း ဖောင်တိန်ပြောင်းကိုင်သည်။ သုံးသည့် မင်ကလည်း အရောင်စုံ၊ စိတ်လှုပ်ရှားမှုအလိုက် အရောင်ပြောင်းသုံး၏။

ဂျိန်းသည် သိတတ်သည့်အရွယ်မှစ၍ ထိပ်ဆုံးရောက်ဖို့ ဆုံးဖြတ်ထားသည့် မိန်းကလေးမျိုး ဖြစ်သည်။ နာမည်ကျော်စာရေးဆရာမ ဖြစ်ချင်ဖြစ်၊ မဖြစ်လျှင် ရုပ်ရှင်မင်းသမီးတော့ အနည်းဆုံး ဖြစ်ရမည်။ စူးစမ်းလေ့လာခြင်း၊ အသစ်အဆန်းကို ရှာဖွေခြင်း၊ ထုံးတမ်းစဉ်လာ လမ်းရိုးဟောင်းမှ ခွဲထွက်ပြီး ကမ္ဘာသစ်ရှာဖွေခြင်းတို့မှာ ဂျိန်းအတွက် အသက်ရှူသည့် ကိစ္စလို သာမန်မျှသာ ဖြစ်လေသည်။ ထို့ကြောင့် နောင်တွင် သူ့ကို လူတွေ့မေးမြန်းသူ သတင်းထောက်များအား 'ကျွန်မက နိုင်ငံကျော်တစ်ယောက် ဖြစ်လာသလို ဆိုးတဲ့နေရာမှာလည်း နာမည်ကျော်လေ၊ ကျွန်မအတွက် အချစ်ကိစ္စဟာ သာမန်ပဲ' ဟု ကြေညာသေးသည်။

ဂျိန်းသည် အရပ်အမောင်းကောင်းပြီး ပြည့်ပြည့်ဖြိုးဖြိုး ကိုယ်လုံးကိုယ်ပေါက်ပိုင်ရှင်ဖြစ်၏။ အညိုရောင်ဆံပင်တွေကို ဖြစ်ကတတ်ဆန်း ထားသည်။ မျက်လုံးရောင်က အညိုလိုလို ထင်ရသော်လည်း စိတ်လှုပ်ရှားတိုင်း အရောင်ပြောင်းသွားတတ်ပြီး ပြာသည့်အခါ ပြာ၍ စိမ်းသည့်အခါ စိမ်းလာတတ်သည်။ နှုတ်ခမ်းက ခပ်ထူထူ၊ အသံက ခပ်ပြာပြာ။

၁၉၄၁ ခုနှစ်တွင် မွေးပြီး လူဦးရေ တစ်သန်းမျှ မပြည့်သော စစ်ပြီးခေတ်၏ စိန့်လူးဝစ်မြို့ကလေးတွင် ကြီးပြင်းခဲ့သည်။ စိုက်ပျိုးရေးနှင့် စက်မှုလက်မှုမြို့ကလေး ဖြစ်၏။ အဖေက မီးရထား ကန်ထရိုက်၊ အမေက သာမန်

mgyoe.com

mgyoe.com

SAMPLE BOOK


အိမ်ရှင်မ၊ အမေ့အမေ အဘွားကတော့ အချစ်ဝတ္ထုတွေ ရေးဖူးသည်။ အဘွားသည် မာဂရက်မစ်ချယ်ကို အားကျသော်လည်း ချစ်ဖို့ကောင်းသော ခပ်ချာချာ လင်ယောက်ျားနှင့် ကလေးတွေအတွက် ငွေရဖို့ကို ဦးတည်ခဲ့ရသဖြင့် လေရှူးသုန်သုန်လို ဝတ္ထုမျိုးကို မရေးနိုင်ရှာခဲ့။ ဂျိန်းက သူ့တွင် အဘွား၏ မျိုးဆက်သွေးပါသည်ဟု အခိုင်အမာ ယုံကြည်ထား၏။

'ကျွန်မက စာပေမျိုးရိုး ရှိခဲ့တယ်လေ' ဟု ဂျိန်းက ခပ်ကြွားကြွားကလေး ပြောလေ့ရှိသည်။ အသေးစိတ်ကလေးများကိုတော့ ချောမွေ့ပြေပြစ်အောင် တန်ဆာဆင်ပြောတတ်၏။

လူတွေ အာရုံစိုက်အောင်လုပ်နည်းကို ကလေးဘဝကတည်းက ဂျိန်းသိခဲ့၏။ လေးနှစ်သမီးအရွယ်က အဖြစ်အပျက်ကို ဂျိန်းက သတင်းထောက် များအားပြန်ပြောပြသည်။

မောင်ကလေး ရောဘတ်ကို မေမေ မွေးပြီး ဆေးရုံက ဆင်းလာသည့်နေ့။ ဦးလေးတွေ၊ အဒေါ်တွေ၊ အိမ်နီးနားချင်းတွေအားလုံး စုပြုံပြီး နီတာရဲ ကလေးအနားမှာ အဖြစ်တွေ သည်းနေကြသည်လေ။

'အဲဒီ မြင်ကွင်းကိုကြည့်ပြီး ကျွန်မမှာ အပြင်းအထန် ပြိုင်ရမယ့်သူ ပေါ်လာပြီလို့ သဘောပေါက်လိုက်တယ်။ ဘယ်သူမှ ကျွန်မကို လှည့်မကြည့်ကြတော့ဘူးလေ။ ဒီအတိုင်း နံရံကို မှီပြီး ကျွန်မ ငေးကြည့်နေရမှာလား။ သူတို့နဲ့ အတူ သွားရောပြီး ပေါက်စကလေးကို စိတ်ဝင်စားဟန်နဲ့ မြှူတယ်။ ဒါလည်း ကျွန်မကို ဘယ်သူမှ သတိထားမိကြဟန် မတူဘူး၊ ဘယ်ရမလဲ၊ တစ်ခုခုလုပ်ဖို့ ကျွန်မ ဆုံးဖြတ်လိုက်တယ်။

ထပြေးပြီး ထမင်းစား စားပွဲပေါ် ခုန်တက်လိုက်တယ်။ ပြီးတော့ လှည့်ပတ်ကတယ်၊ ဘယ်သူမှ လှည့်မကြည့်ကြသေးဘူး။ နီတာရဲကလေးဆီမှာပဲ သူတို့အာရုံရောက်နေကြတယ်။ စကတ်ကလေး ဝဲနေအောင် ကျွန်မ ကတယ်၊ အကြောင်းမထူးဘူး၊ ဒါနဲ့ ကျွန်မ ရှေ့တစ်ဆင့် တက်ဖို့ ပြင်လိုက်တယ်၊ အဲဒီလိုဆော့ရင် တစ်အိမ်သားလုံး ဝိုင်းရယ်နေကျလေ။

စားပွဲပေါ်မှာ ကင်းမြီးကောက် ပစ်ထောင်လိုက်တယ်၊ စကတ်က ကျွန်မမျက်နှာပေါ် ကျလာတာပေါ့။ ထင်တဲ့အတိုင်းပဲ၊ အားလုံး ခေါင်းထောင်လာကြတယ်၊ မေမေက ကျွန်မကို ဆူတယ်၊ ခြေထောက်ပြန်ချဖို့ ပြောတယ်၊ ဒါပေမဲ့ မေမေ့ မျက်နှာက ပြုံးလို့။ အဖေရော၊ ဦးလေး၊ အဒေါ်တွေရော ဝိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

ရယ်ကြတယ်။ အဘွားကတော့ ဗျစ်တောက် ဗျစ်တောက်ပြောရင်း ရယ်နေတယ်။ အားလုံးရဲ့ အာရုံကို ကျွန်မ အဲဒီနည်းနဲ့ စုစည်းနိုင်ခဲ့တယ်လေ။

အဲဒီအရွယ်ကစပြီး လူတွေ ဂရုစိုက်လာအောင် ဘယ်လိုလုပ်ရမယ် ဆိုတာ ကျွန်မ သိခဲ့တာ။ ကျွန်မ ခုလိုဖြစ်လာအောင် လေးနှစ်သမီးကတည်းက ခရီးစခဲ့တာရှင့်'

ဂျိန်းသည် တစ်ပြိုင်တည်းတွင် မောင်လုပ်သူ ရောဘတ်အတွက် အစ်မကြီး အမိအရာ အဖြစ်လည်း ရပ်တည်ပေးနိုင်ခဲ့လေသည်။

'ဂျိန်းက တစ်ခါတလေ ထင်ရာစိုင်းပေမယ့် ကျွန်တော့်ကို ထိခိုက်အောင်တော့ တစ်ခါဖူးမှ မလုပ်ခဲ့ဖူးဘူး' ဟု ရောဘတ်က ပြောတတ်သည်။

စိန့်လူးဝစ် ငယ်ဘဝအကြောင်းကို သတင်းထောက်များအား ဖောက်သည်ချသေး၏။ အတန်းထဲတွင် ထိပ်ဆုံးကချည်းနေသည်။ သောင်းကျန်းသည့်နေရာတွင်လည်း ထိပ်က။

မိန်းကလေးများတွင် ရင်သားများ ရှိသည် ဆိုသည်ကို သိသည်နှင့် ကစားစရာ အရုပ်ကလေး၏ ရင်ဘတ်တွင် စက္ကူတွေ ထိုးထည့်သည်။ ကျောင်းစာကြည့်တိုက်တွင် ရှာဖွေဖတ်ရှုရင်း ယောက်ျားကလေးများတွင် ပါသည့် အစိတ်အပိုင်းများအကြောင်းကို အတန်းဖော် ကောင်မလေးများနှင့်အတူ အခ်ပွာယ်ဖွင့်ဆိုသည်။ လှေလာစူးစမ်းသည်။

အမေက မထိရ၊ မကိုင်ရဟု တားမြစ်ထားသည့် မိန်းကလေးများ ခန္ဓာကိုယ်မှ အစိတ်အပိုင်းများအကြောင်းကိုလည်း ရှစ်နှစ်သမီးအရွယ်တွင် ဂျိန်းနားလည်နေပြီ။

သူ သိထားသမျှကို အေမီတို့၊ ဗီလ်မာတို့အား ဂျိန်းက လက်ချာရိုက်သည်။ သိပ္ပံပညာရှင်ဆန်သည့် မျက်မှန်ထူထူနှင့် ဗီလ်မာက ယောက်ျားကလေးများ၏ အစိတ်အပိုင်း တစ်မျိုးသည် စိတ်လှုပ်ရှားလာလျှင် ပုံသဏ္ဌာန်ပြောင်းလာကြောင်း ကြားပြီး မယုံကြည်နိုင်စွာဖြင့်-

'နင် အဲလောက် သိရင်လည်း ဘယ်လိုအခါမှာ ကောင်လေးတွေစိတ်ပြောင်းတယ်၊ ဘာကြောင့် စိတ်ပြောင်းတယ်ဆိုတာ ပြောလေ' ဟု စောဒကတက်သည်။ အေမီကလေးကတော့ မျက်လုံးကလေး ကလယ် ကလယ်နှင့် အကြောင်သား နားထောင်နေတတ်၏။

'နင်တို့ ငါတို့ကြောင့်ပေါ့ဟဲ့'

အောင်မြင်သည့်လေသံဖြင့် ဂျိန်းက ဆက်ရှင်းပြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

'ငါတို့ မိန်းကလေးတွေဟာ ယောကျ်ားလေးတွေကို အရှုံးဖြစ်အောင် လုပ်လို့ရတယ် မှတ်ထား၊ တို့က သူတို့ထက် ဆွဲအားကောင်းတယ် သိလား'

◆◆◆

မိန်းမသားတို့၏ စွမ်းပကားကို ဆယ့်နှစ်နှစ်သမီးအရွယ်တွင် ဂျိန်းသုတေသနလုပ်ခွင့် ကြုံခဲ့သည်။ သည်တုန်းက ဂီနီရှုဘယ်လ်က ဆယ့်လေးနှစ်။ မေလ ညနေကျောင်းဆင်းချိန်တွင် ဖြစ်သည်။

ညနေစာ စားချိန်နှင့် ကျောင်းစာလုပ်ချိန်လည်း မရောက်သေး။ အမေက မီးဖိုချောင်တွင် အလုပ်ရှုပ်နေသည်။ အဖေက အလုပ်မှ ပြန်မရောက်သေး။ ကလေးတွေအားလုံး အိမ်ပြင်တွင် ထွက်ဆော့နေကြ၏။ ဂီနီတို့အိမ်ရှေ့ မြက်ခင်းပေါ်တွင် ဂျိန်းနှင့်ဂီနီ နှစ်ယောက်တည်း ရှိနေကြသည်။

အသားရောင်ဖျော့ဖျော့ ဆံပင်နက်နက်နှင့် ဂီနီ၏ ပုံစံက အဲလ်ဗစ်ပရက်စလေနှင့် တူသလိုလို။ ဆယ့်လေးနှစ်သားအရွယ် ဂီနီသည် ကားမျိုးစုံအကြောင်းကို ကောင်းကောင်းကျွမ်းနေပြီ။ အိမ်နှင့် မဝေးသည့် အက်ဆို ကုမ္ပဏီတွင် ကျောင်းအားရက်တိုင်း သူ အလုပ်ဝင်လုပ်၏။ အလုပ်ဆင်းသည့်နေ့များတွင် ဆီချေးပေနေသည့် ဂျင်းဘောင်းဘီနှင့် ခပ်ကြွားကြွားကလေး ပျော်နေတတ်သူ။

ဂီနီက စက်သံကို နားစွင့်ကြည့်ရုံဖြင့် လှည့်မကြည့်ဘဲ ကားအမျိုးအစားခွဲနိုင်သည်ဟု သူငယ်ချင်းတွေကို ကြွေးကြော်ထား၏။ လမ်းကို ကျောခိုင်း၊ မျက်စိကို ပိတ်ထားပြီး ဖြတ်မောင်းသွားသည့် ကားအမျိုးအစားကိုရော ကား၏ မော်ဒယ်လ်ကိုပါ ဂီနီ ခွဲခြားနိုင်၏။ ယောကျ်ားလေးတွေ အားလုံး ဂီနီကို အထင်ကြီးကြသော်လည်း မိန်းကလေးတွေက သိပ်စိတ်မဝင်စားကြ။

နှစ်အိမ်ကျော်တွင် နေသည့် ဂျိန်းတစ်ယောက်ကမူ ဂီနီ၏ အရည်အချင်းကို သဘောကျသည်။ ကားအမည်ဖော်တမ်း ကစားပွဲတွင် ဂျိန်းက အမြဲတမ်း မေးပေးရသည်။ သည်ကစားနည်းကို ဂီနီ အကြိုက်ဆုံး။ သူ့ကို ကူညီသည့် အတွက် ဂီနီက ဂျိန်းကို သူ၏ စက်ဘီးပေး စီးသည်။

ရာသီဥတု သာယာလွန်းနေသဖြင့် ခါတိုင်းလိုမဟုတ်ဘဲ သည်နေ့ ဂီနီက မြက်ခင်းပြင်ပေါ်တွင် စန့်စန့်ကြီး ပက်လက်လှန်ပြီး မျက်စိမှိတ်ထားသည်။ ဂျိန်းက ခါတိုင်းလို ကားစကားထာ ဝှက်နေ၏။ လမ်းဘက်ကို မျက်နှာမူ ထိုင်လျက်။

ကားတစ်စင်း ဖြတ်မောင်းသွားသည်။

ဂျိန်းက–

mgyoe.com

mgyoe.com

"ကဲ ... အဲဒါ ဘာကားလဲ"

"ဒေါ့ချ်၊ လေးဆယ့်ခုနစ် မော်ဒယ်လ်"

မှန်သည်၊ မှားသည်ကို ချက်ချင်းဂျိန်း မတုံ့ပြန်သဖြင့် ဂီနီ ဇဝေဇဝါ ဖြစ်ပြီး သူ့အဖြေကို ပြင်ပြောသည်။

"ဒါဖြင့် ချက်ပလက်ကွာ"

ဂျိန်း ဘာမှ မတုံ့ပြန်။ ကားတွေကို ဂျိန်း လှမ်းမကြည့်တော့၊ မြက်ခင်း စိမ်းစိမ်းပေါ်တွင် ပက်လက်လှန် လဲလျောင်းနေသည့် ဂီနီကိုသာ ငုံ့ကြည့်နေ၏။ ဤတွင် မိန်းကလေးများ၏ ခွန်အားကို စမ်းသပ်ဖို့ ဂျိန်း ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။ ဂီနီက သူ့အဖြေကို အတည်ပြုပေးခြင်း မရှိသည့်အတွက် ဒေါပွလာပြီ။

"ဟေး...ဂျိန်း၊ ပြောလေ"

ဘာကားဖြတ်မောင်းသွားမှန်း ဂျိန်း မသိလိုက်။ သူ့အာရုံက ဂီနီ၏ ခန္ဓာကိုယ် တစ်နေရာတွင်သာ စူးစိုက်နေ၏။

"အဲ...အဲ... နင် ပထမ ပြောတာ မှန်တယ်ဟ"

"ဒါဆို ဒေါ့ချ် မှန်တာပေါ့၊ ဘာလို့ နင် ချက်ချင်း မပြောတာလဲ"

သူ အမှတ်လျော့သွားရခြင်းအတွက် ဂီနီ မကျေမနပ် ဖြစ်နေသည်။ ဂျိန်းက တောင်းပန်တော့ ဂီနီက ဟောက်သည်။ နောက်ကားတစ်စီး လာပြန် ၏။ သည်တစ်ခါ ဂီနီ အထူးအာရုံစိုက် နားထောင်၏။ အမှားအယွင်း အဖြစ် မခံနိုင်ဘူးလေ။

"ရှူး အသာနေ" ဟု ဂျိန်းကို အသံမပြုဖို့ သူ တားလိုက်သေး၏။

သည်ကားသံက 'ဗျူအ်' အစစ်၊ သိပ်သေချာသည်။ သို့သော် သူ ဖြေချိန် မရလိုက်တော့။

"ဖယ် ဖယ်၊ နင် ဘာလုပ်တာလဲ ဂျိန်း"

ဂျိန်းလက်ကို အတင်းဖယ်ပြီး ဂီနီ ထပြေးတော့သည်။ သူ့အိမ်ဆီသို့ တစ်ကြိုးတည်း လစ်ပြီး မီးဖိုဆောင်တံခါးဝတွင် ပျောက်ကွယ်သွားတော့၏။ ညပိုင်းတွင် တီဗွီကြည့်ဖို့ ဂျိန်းတို့အိမ်သို့ ဂီနီ ရောက်လာသည်။ ခပ်မှောင်မှောင် ဧည့်ခန်းထဲတွင် ဂျိန်း ကျိတ်ပြုံးနေ၏။ မိမိ အောင်မြင်သွားပြီ ဖြစ်ကြောင်းလည်း ကောင်းကောင်း နားလည်လိုက်သည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း [၅]
## ဂျိန်း

၁၉၅၉ ခုနှစ်။

"ဒါဟာ စာပေ မဟုတ်ဘူး၊ လက်နှိပ်စက်စာလုံးတွေပဲ"

ဟစ်ပီစာရေးဆရာ ဂျက်ကီရောစ်၏ စာအုပ်ကို ဝေဖန်ရေးဆရာ ထရူးမင်းက ပုတ်ခတ်ဝေဖန်သည်။

၁၉၅၇ ခုနှစ်မှ ၁၉၆၁ ခုနှစ်ထိ လေးနှစ်ကာလသည် မစ်ဇိုရီတက္ကသိုလ်တွင် ဂျိန်း ကျင်လည်ခဲ့သောနှစ်များ ဖြစ်လေသည်။ သမားရိုးကျ လမ်းရိုးလမ်းဟောင်းလိုက်မလား၊ သစ်လွင်သည့် ဟစ်ပီလောကထဲ ဝင်မလား ဟူသည့် လမ်းနှစ်သွယ်ကို ရွေးချယ်ရမည့် ကာလ၊ လမ်းရိုးလမ်းဟောင်းတွင် စည်းရိုးလှလှနှင့် အိမ်များ ရှိသည်။ စားကောင်းသောက်ဖွယ်တွေ ရှိသည်။ အိုက်စင်ဟောင်ဝါ ရှိသည်။ ကျေးလက်ဆန်သည့် ပုံသေလှုပ်ရှားမှုများ ရှိသည်။ လုံလုံခြုံခြုံ ရေကူးဝတ်စုံနှင့် မီးခိုးရောင် ဖလန်နယ်ဝတ်စုံများ ရှိသည်။ ပြီးတော့ ပတ်ဘွန်းနှင့် ဒက်ဘီဂါန်းတို့၏ တေးသံများ ရှိသည်။ စနေ ညနေပိုင်းသတင်းစာ ရှိသည်။

'အဲဒါတွေက လူဖျင်းတွေအတွက်ပဲ' ဟု ဂျိန်းက မှတ်ချက်ချသည်။

ဟစ်ပီတို့လောကသည် တောက်ပရွှန်းလက်၏။ အန္တရာယ်ပြွမ်း၏။ စိတ်လှုပ်ရှားစရာ ကောင်း၏။ ဟစ်ပီတို့ ဌာနချုပ်မှာ အရှေ့ကမ်းခြေ၊ ဂရင်းဝစ်ချ်ရွာတွင် ရှိသည်။ အရောင်အသွေးစုံလှသည့် အရက်ဆိုင်များ၊ ကော်ဖီဆိုင်များတွင်

mgyoe.com

mgyoe.com SAMPLE BOOK

စည်းသွက်တေးသံများ လွှမ်းနေ၏။ စမ်းသပ် ကပြသည့် အပျော်တမ်း ခေတ်ဆန်း ကဇာတ်ရုံများ ရှိ၏။ လမ်းသစ်ရှာနေသည့် ပန်းချီပြခန်းများ ရှိ၏။ ဆန်ဖရန့်စစ္စကို သည် အနောက်ကမ်းခြေ၏ ဟစ်ပီမြို့တော် ဖြစ်သည်။

အနောက်တက်ကမ်းခြေမှ ကဗျာဆရာများက အရှေ့ပိုင်းမှ လေးကြောင်းစပ် ကာရန် ကဗျာပုံစံကို လက်တွန့်နေချိန်တွင် အရှေ့ပိုင်းမှ ခြေညှပ် ဖိနပ်စီး၊ မုတ်ဆိတ် ဆံရှည် စာရေးဆရာများက စာပေကို ဟန်သစ်ဖြင့် မီးရှူး မီးပန်း လွှတ်နေကြပြီ။

သို့သော် အရှေ့နှင့်အနောက် ကမ်းခြေ နှစ်ခုစလုံးမှ ဟစ်ပီတို့သည် ဆေးခြောက်ခွဲလမ်းမှု၊ စိတ်ဆန့်ကျင်မှု၊ ဘုံဝါဒစနစ် ယုံကြည်မှု၊ အချစ်ကို မျှဝေခံစားမှု၊ အသည်းပုံကို မေတ္တာသင်္ကေတအဖြစ် သတ်မှတ်မှုတို့တွင် တူညီကြလေသည်။ ထိုအရာအားလုံး ရေနွေးကရားတစ်ခုထဲတွင် ရောမွှေဆူပွက်နေခြင်းပင်လျှင် ဟစ်ပီတို့၏ အဘိဓမ္မာတရား ဖြစ်လေသည်။

ကာလ၊ ဒေသ၊ ပယောဂအပြင် အသက်အရွယ်နှင့် ပင်ကိုအရည်အသွေး ကြောင့် ဂျိန်းသည် လမ်းသစ်ထွင်သူများဘက်သို့ ပါသွားလေတော့သည်။ သို့သော် တောသူတောင်သားများ ဝတ်သည့် ဝတ်ရုံကြီးကို ဖိုသီဖတ်သီ မဝတ်။ ဖက်ရှင်သစ် ဖြစ်သည့် ရောမ ငွေနားကွင်းကြီးများကို နားမှာ မဆင်။ ဆံပင်ကိုတော့ အလေ့ကျ ပေါက်နေသည့် ချုံပုတ်တစ်ခုလို မဖြီးမသင်ဘဲ လွှတ်ထားလိုက်သည်။

"နင့် ကြည့်ရတာ ပေါက်လွှတ်ပဲစားနဲ့ တူလိုက်တာဟာ"

ဟု မိုင်းကောင်းကျောက်ဖိ အေမီက ဝေဖန်သည်။

"နင့်မှာ ဘီး မရှိဘူးလား" ဟု ဝီလ်မာက မေးတတ်သည်။

ဝီလ်မာ၏ စဉ်းစားဉာဏ် ကင်းမဲ့ပုံကို မတုံ့ပြန်တော့ဘဲ–

"ငါက ဒီလိုနေရတာကို အရသာတွေ့တယ်" ဟုပဲ ပြန်ပြောလိုက်သည်။

ဟစ်ပီလောကကို ဂျိန်း စိတ်ဝင်စားခြင်းမှာ အချစ်ကိစ္စတွင် အတားအဆီး မရှိ ပွင့်လင်းခြင်းကြောင့်လည်း ဖြစ်သည်။ နောက်တစ်ချက်မှာ သူတို့သည် စာရေးဆရာများကို အလေးထား လေးစားသူများ ဖြစ်ကြောင်း ကြားဖူးထား၍ ဖြစ်သည်။

တစ်ခုတော့ ရှိသည်။ ဟစ်ပီအုပ်စု တော်တော်များများသည် ယောက်ျား တွေချည်း ဖြစ်နေခြင်းအတွက် ဂျိန်း သဘောမတွေ့။ သူတို့အားလုံးကို ခွဲခွဲခြားခြား မြင်၍ မရ။ အားလုံး တစ်ပုံစံတည်းလိုလို ဖြစ်နေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

စွဲမက်စရာ ကောင်း၏။ အားကောင်းမောင်းသန် ယောက်ျားပီသ၏။ ခေတ်ပေါ် အားဆေးများ မှီဝဲပြီး အရက်ခိုးဝေနေသည့် သူတို့၏ သဏ္ဌာန်များသည် စိတ်လှုပ်ရှားစရာ ကောင်း၏။ ရင်ခုန်စရာကောင်း၏။ သို့သော် ဂျိန်း၏ အတွေ့ အကြုံအရ သူတို့ ဖန်ဆင်းသည့် ယောက်ျားဇာတ်ကောင်များ၏ ခွန်အားသည် အရှိထက် ပိုလွန်းနေ၏။

ဂျိန်းက မိန်းမ ဂျက်ကီရှစ် မဖြစ်လို၊ အမေရိကန် ဖရန့်စီဆာဂန်သာ ဖြစ်ချင်၏။

'ပြင်သစ်မှာ သူ ကျော်ကြားသလို ကိုယ် ကျော်ကြားချင်တယ်၊ ငယ်ရွယ်နုပျိုရမယ်၊ စွဲမက်စရာ ကောင်းရမယ်' ဟု သူ့ အိပ်မက်များအကြောင်း ဝီလ်မာအား ဖွင့်ပြောဖူးသည်။

နောက်ဆုံးနှစ်ရောက်တော့ ပြင်သစ်ဝတ္ထု နှစ်ပုဒ်ကို နှိုင်းယှဉ်စစ်တမ်း ထုတ်သည့် စာတမ်းတစ်ခု ရေးတင်သည်။ ရနေကျအတိုင်း အဆင့် 'အေ' ရသည်။ ရသစာပေပိုင်းတွင် ဝတ္ထုတစ်ပုဒ် ရေးတင်သည်။ ဇာတ်လမ်းမှာ အဖေ ၏ ချစ်သူ မိန်းကလေးကို မတော်တဆ သတ်မိသည့် ကောလိပ်ကျောင်းသူ တစ်ယောက်အကြောင်း ဖြစ်သည်။ ခရစ္စမတ်ရက်တွင် စကိတ်စီးထွက်ကြရာမှ ဇာတ်လမ်းစထား၏။

ဇာတ်လမ်းကျောရိုးက သူ လေ့လာနေသည့် ပြင်သစ်ဝတ္ထုတစ်ပုဒ်မှ ခပ်တည်တည် ခိုးချထားခြင်း ဖြစ်သည်။ ဝတ္ထုနာမည်ကိုလည်း ပြင်သစ်ဝတ္ထုအတိုင်း 'နှုတ်ဆက်အနမ်း' ဟု ပေးထား၏။ ဥရောပရှုထောင့်မှ လိင်ကိစ္စအမြင်ကို ရဲရဲတွေး၊ ရဲရဲရေးထားခြင်း ဖြစ်၏။

'အကျင့်ပျက်စာပေမျိုးပဲ၊ အိမ်ထောင်ရှင် ယောက်ျားတစ်ယောက်က သူ့သမီးထက် ငယ်တဲ့ မိန်းကလေးတစ်ယောက်နဲ့ အတူတူ အိပ်သတဲ့'

ရသစာပေသင်တန်းကို ပို့ချသည့် ဆရာမ လူစီပီယာဆင်က ဤသို့ ကောင်းချီးပေးပြီး အင်္ဂလိပ်စာဌာနမှူး လီယိုနယ် ဆင်ဒါဆင် ထံသို့ ဂျိန်း၏ ဝတ္ထုကို တင်ပြသည်။

အမျိုးသမီးရေးရာဌာနမှူး အက်စ်သာရောက်ဒ် ထံသို့ ဆင်ဒါဆင်က 'လူစီ ပြောသလောက် မဟုတ်ပါ' ဟူသည့် မှတ်ချက်ဖြင့် ဆက်တင်သည်။ ကြမ်းသည့် အခန်းများကိုတော့ ပါမောက္ခ ဆင်ဒါဆင် စိတ်ပျက်သည်။

သည်ဝတ္ထုအတွက် ဂျိန်း ကျောင်းထုတ်ခံရလုမတတ် ဂယက်ရိုက်သွားသည်။ ကျောင်းသားရေးရာဌာနကရော၊ ဌာနမှူးများကပါ ဝိုင်းကန့်ကွက် သည်။

mgyoe.com

mgyoe.com SAMPLE BOOK

မဖတ်သင့်သည့် စာပေအမျိုးအစားအဖြစ် ဝိုင်းအော်ကြသည်။ တက္ကသိုလ် ပရိဂုဏ်တွင် ဂျိန်း နာမည်ကြီးသွားပြီ။

"သမီး နာမည်ကျော်သွားပြီ မေမေ"

ဂျိန်းက အမေ့ကို ဝမ်းသာအားရ ပြောသည်။

"ဟုတ်လား၊ သမီး ဝတ္ထု အဲဒီလောက် ကောင်းလို့လား"

"ကောင်းတာပေါ့ မေမေရဲ့၊ သမီး လိုချင်တာ အဲဒီလို ဂယက်မျိုးပဲ"

လူတွေ အာရုံစိုက်လာအောင် လုပ်နိုင်သည့်စွမ်းအား မိမိတွင် ရှိနေဆဲ ဖြစ်ကြောင်း သက်သေထူနိုင်ခဲ့၍ ဂျိန်း ဝမ်းသာမဆုံး ဖြစ်နေသည်။

နာမည်ကျော် စာရေးဆရာမဖြစ်ဖို့ ဂျိန်း အိပ်မက်တွေ ဆက်မက်နေဆဲ။ တစ်ပြိုင်တည်းတွင် ပျံကျပုံစံ နေတတ်သည့် နာမည်ကျော်စာရေးဆရာ တစ်ယောက်၏ ချစ်သူဖြစ်ရရင် ဘယ်လို နေမလဲဟု ဂျိန်း တွေးပြီး ရင်ခုန်ကြည့်သည်။ စင်စစ် ဂျိန်း ကျင်လည်နေရသည့် နေ့စဉ်ဘဝက အမေရိကန် အနောက်အလယ်ပိုင်း ပုံစံ ဖြစ်သည်။ ရှေးရိုးဆန်ဆန် အေးအေးငြိမ်ငြိမ်။ ဟာစ်ပီတွေ ဆေးခြောက်နှင့် ဂီတသစ်တွင် အသားကျနေသလို ဂျိန်းကလည်း မိရိုးဖလာ အစဉ်အလာတွင် ကျင့်သားရပြီးသား။

လည်ဆွဲတန်ဆာ၊ လက်ဝတ်ရတနာများကို ဂျိန်း မက်မောခဲ့၏။ ဇာထိုးပန်းထိုး အဆင်တန်ဆာများကို ဝါသနာပါခဲ့၏။ သည်ဘဝမျိုးကို ကျော်ခိုင်းပြီး ဟာစ်ပီလောကကို မျက်နှာမူခဲ့ခြင်း ဖြစ်လေသည်။

၁၉၅၀ ပြည့်နှစ်များနှင့် ခြောက်ဆယ်ပြည့်နှစ် တစ်ဝိုက်တွင် နယူးယောက်သည်၊ အတိအကျပြောရလျှင် ဂရင်းဝစ်ချ်ရွာအုပ်စုသည် ဟာစ်ပီ ဌာနချုပ် ဖြစ်လာပြီး တစ်ကမ္ဘာလုံးက အာရုံစိုက်ရသည့်ဒေသ ဖြစ်လာသည်။

ဆန်ဖရန်စစ္စကိုကို ဂျိန်း သိပ်စိတ်မဝင်စားပါ။ နယူးယောက်နှင့် စာလျှင် ဆန်ဖရန်စစ္စကိုသည် ဇနပုဒ်မျှသာ ဖြစ်လေသည်။ ဆန်ဖရန်စစ္စကိုလောက်ကို အထင်ကြီးလျှင် ဂျိန်းတစ်ယောက် စိန့်လူးဝစ်မှ ထွက်လာဖြစ်မည် မဟုတ်ပါချေ။ အချိန်တည်းဟူသော ကဗျာရှည်ကြီးသည် တစ်ပိုဒ်ပြီးတစ်ပိုဒ် တရွေ့ရွေ့ ရွေ့တိုးနေချိန်တွင် ဂျိန်းသည် မိန်းမသားဖြစ်ရခြင်းအတွက် ကျေနပ်ကြည်နူးလျက် ရှိ၏။

ဘာသာရေးကို တစ်ဖက်က ကိုင်းရှိုင်း၏။ သို့သော် ခြေသလုံးမွေး ရိတ်သည်။ မျက်ခုံးမွေးနုတ်သည်။ ညစာစားပြီးလျှင် စားနေကျ အချိုပွဲများကို

mgyoe.com

mgyoe.com SAMPLE BOOK

ရှောင်သည်။ မအိပ်ခင် ဆံပင်ကို ပုံသွင်းသည်။ ဖက်ရှင်မဂ္ဂဇင်းများ အညွှန်း အတိုင်း လိုက်နာကျင့်သုံးသည်။ အားပျော့ အမြုပ်ငြိမ်ဘီယာ အပါအဝင် ဆေးရည် မျိုးစုံကို အသုံးပြုသော်လည်း ဆံပင်တွေက လှလှပပ ဖြစ်မလာ။ ဆံပင်ကို ကြိုးကြိုး စားစား ပုံသွင်းပြီး အတွဲနှင့် အပြင်ထွက်သည်။ တစ်ခါတွင် ခေါင်းပေါ်တွင် ဝါးစည်းပြေသလို ပြိုကျသဖြင့် အရှက်တကွဲ ဖြစ်ခဲ့ရဖူး၏။

ဂျိန်းသည် ဆံပင်ကို ထိန်းမနိုင် သိမ်းမရ ဖြစ်နေသလို သူ့ခန္ဓာကိုယ် ကိုလည်း မထိန်းနိုင် မသိမ်းနိုင် ဖြစ်လာ၏။ အချိုပွဲကို ဘယ်လောက်ပဲ ရှောင် ရှောင်၊ ကော်ဖီနှင့် ထောပတ်ကို ဘယ်လောက်လျှော့လျှော့ တင်သားတွေက ကျစ်ကျစ်လျစ်လျစ် ဖြစ်မလာ၊ ခါးအောက်တွင် ဘောလုံးကြီးနှစ်လုံး ကပ်ထားသလို စိတ်ထဲ ထင်လာ၏။

ကယ်လ်ဗင်ရေးသည့် စာအုပ်ထဲက အလေးချိန် လျှော့နည်းအတိုင်း အာဟာရနှင့် တိုက်ပွဲဝင်ပြန်၏။ ဗိုက်မဝတော့ နုံးနုံးခွေခွေ ဖြစ်လာ၏။ စိတ်တိုလာ၏။ ထို့ကြောင့် ဆီဦးထောပတ်တွေ ဖိစားရပြန်၏။

ဤသို့ဖြင့် ဂျိန်းသည် ဘယ်လိုမှ ညှိ၍ မရသော အစွန်းနှစ်ဖက်ကြား တွင် ထွက်ပေါက်မရှိ ပိတ်မိနေ၏။ ကောင်းကောင်းစားလျှင် နေလို့ထိုင်လို့ ကောင်း၏။ သို့သော် လူက ကောက်ညှင်းထုပ်လို ဖြစ်လာ၏။ မစားလျှင် ခန္ဓာကိုယ် က ကြည့်ပျော်ရှုပျော် ဖြစ်လာ၏။ သို့သော် ရွှင်လန်းကျန်းမာခြင်း မရှိတော့။

ကြာတော့ ကိုယ့်ကိုယ်ကိုယ် စိတ်ကုန်လာသည်။ ဆံပင်နှင့် တင်ပါး ကို မကျေမနပ် ဖြစ်နေရာမှ ပေါင်တံတွေက မတရား တုတ်လာ၏။ ငါးရံ့ ကိုယ်ကလေး ဘယ်ရောက်သွားပြီလဲ။

အများနည်းတူ ကွင်းထဲတွင် အားကစား လှုပ်ရှားမှု၌ ဂျိန်း ဘယ် တော့မှ ရက်ပျက်သည် မရှိ၊ လုပ်ပြီဆိုလျှင် သူများထက် ပိုရမှ ကျေနပ်သည့် ဂျိန်း ဖြစ်သဖြင့် အများတကာထက် အပင်ပန်းခံ ကစား၏။

တွဲလိုက်သည့် အတွဲတွေကလည်း မရေမတွက်နိုင်တော့။ ဟောတစ် ယောက် ဟောတစ်ယောက်။ အချစ်သည် မိမိအတွက် အာဟာရတစ်မျိုး ဖြစ် ကြောင်း ဂျိန်းက ပွင့်ပွင့်လင်းလင်း ကြေညာထား၏။ နောက်တစ်ယောက် မတွေ့မချင်း လက်ရှိချစ်သူကို မက်မက်မောမော ချစ်ဘတ်၏။ သည်အတွက် လည်း တက္ကသိုလ် ပရဝဏ်တွင် ဂျိန်း နာမည်ကျော်နေပြီ။ ဂျိန်း ပျော်ပါသည်။

'အချစ်ပန်းဦးကို တယုတယ ထိန်းသိမ်းတယ်ဆိုတာ မနူးမနပ်

mgyoe.com

mgyoe.com SAMPLE BOOK

ကလေးတွေ လုပ်တဲ့အလုပ်ပါ။ ဂျိန်းက အချစ်မှာ ယစ်မူးချင်တော့ အဲဒါက တစ်ယောက်တည်းဆီမှာ မရနိုင်ဘူးလေ' ဟု အသံအက်တက်တက်ကလေးဖြင့် ဂျိန်းပြောလေ့ရှိ၏။

အချစ်သည် အရာရာတိုင်းကို ရှင်သန်စေသည်ဟု အချစ်သည်းသူ ဂျိန်းက ဆိုပြန်လေသည်။ ၅၀ ပြည့်နှစ်များသည် ကောလိပ်ကျောင်းသူတို့ ဗိုင်းကောင်းကျောက်ဖိ ရှိသေးသည့်ကာလ ဖြစ်၏။ ဂျိန်းသည် အချစ်ကိစ္စတွင် ခေတ်ကို တော်လှန်သူ သူပုန်မကလေးတစ်ယောက် ဖြစ်၏။ သို့သော်လည်း နောက်ဆုံးနှစ်များတွင် အတည်တကျဖြစ်ဖို့ အကြောင်းဖန်လာလေတော့သည်။

ဂျိန်းနှင့် ငြိတွယ်လာသူမှာ စိန့်လူးဝစ်ဆေးတက္ကသိုလ်မှ ဘွဲ့ရပြီးစ ကန်ဒရစ်နစ် ဖြစ်သည်။ မွေးချင်းငါးယောက်တွင် နစ်က တတိယ၊ ဆံပင်နက်နက်နှင့် အရာရာကို အလေးအနက်ထားတတ်သူ လူငယ်တစ်ယောက် ဖြစ်သည်။

ရုပ်ရည်ချောမောပြီး အနာဂတ်ကို ပုံသေတွက်ထားသည့် ရည်ရွယ်ချက် မြင့်မားသူမျိုး ဖြစ်၏။ မိန်းမယူမည်။ အိမ်ထောင်စုတစ်ခုကို ဖူဖူလုံလုံ နေရ အောင် တည်ဆောက်မည်။ အလုပ်ကို ကြိုးစားလုပ်မည်။ ရည်မှန်းချက်ပန်းတိုင် ကို အရောက်သွားမည်။ ကြိုးစားမှု၏ အသီးအပွင့်များ၊ ပျော်ရွှင်မှုများကို မိသားစုနှင့်အတူ မျှဝေခံစားမည်။ သူတို့နှစ်ယောက် ပြဇာတ်ရုံထဲတွင် ဆုံကြခြင်း ဖြစ်သည်။ 'အန်းဖရန့်၏ ဒိုင်ယာရီ' ကဇာတ်ကို နစ်က ညီမဝမ်းကွဲ တစ်ယောက် နှင့်အတူ လာကြည့်သည်။ ထိုမိန်းကလေးက ဂျိန်းနှင့် တစ်တန်းတည်း ကျောင်းသူ။ ဂျိန်းက ထုံးစံအတိုင်း နောက်ဆုံးအတွဲနှင့် ကဇာတ် လာကြည့်ခြင်း ဖြစ်၏။ မုတ်ဆိတ်မွေး အရှည်စားနှင့် တက္ကသိုလ် အသံလွှင့် အစီအစဉ်မှ ဂီတသတင်း ကြေညာသူ။

နစ်က ဂျိန်းကို ဝင်လာကတည်းက သတိထားမိ၏။ စင်စစ် ဂျိန်းကို လူတိုင်း သတိထားမိကြမည် မုချ။ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်၊ ဆံပင် မသေမသပ်နှင့်။ ဝတ်စားထားပုံက အီတလီ ရုပ်ရှင်မင်းသမီးနှင့် နင်လားငါလား။

"အဲဒါ ဘယ်သူလဲကွ"

နစ်က ညီမလုပ်သူကို မေးသည်။

"ကျောင်းမှာ အကဲဆုံးပေါ့၊ ကံကောင်းလို့ ကျောင်းထုတ် မခံရတာ၊ အပြာရောင်လွှမ်းတဲ့ ဝတ္ထုတွေ ရေးပြီး ရသစာပေပါလို့ ကြွေးကြော်နေတဲ့ မဟာဗုလေ"

အပြာရောင်လွှမ်းတဲ့ ဝတ္ထုတွေရေးတဲ့ မိန်းကလေးတဲ့။ နစ်အတွက် အရမ်း

mgyoe.com

mgyoe.com SAMPLE BOOK

ထူးဆန်းနေသည်။ ညီမလုပ်သူကို အတင်း မိတ်ဆက်ခိုင်းသည်။

ရုပ်ရှင်ထဲတွင် အာရုံစိုက်နေသည့် ညီမလုပ်သူက -

"ဘာလဲ နာချင်လို့လား"

ဟု သတိပေးသည်။ သို့သော် မြင်မြင်ချင်း ရင်ခုန်နေသူ နစ်က ညီမလုပ်သူ၏ သတိပေးစကားကို လုံးဝ အမှုမထားခဲ့ပေ။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း [၆]
## ဂျိန်း

ကဇာတ် အားလပ်ချိန်တွင် နှစ်ယောက်သား မိတ်ဆက်ဖြစ်ကြ၏။ ဆွဲဆောင်မှုက နှစ်ဖက်စလုံးတွင် ရှိနေသည်။ ငြိတွယ်ပုံက မြန်ဆန်လှ၏။ အင်အားသစ်တစ်ခုက သူတို့ နှစ်ယောက်စလုံးကို နောက်ဘက်မှ တွန်းပို့နေဘိသို့ ရှိ၏။

နစ်ကလည်း ခေသူ မဟုတ်၊ တွေ့ကတည်းက ဂျိန်း၏ စွဲမက်စရာ ကောင်းပုံကို တန်းမြင်၏။ ဓာတ်ကြိုးနှစ်ချောင်း၏ ထိပ်ဖျားမှ မီးပွားများနှင့် တူသည့် မိန်းကလေး။

အလားတူ ချက်ဆို နားခွက်က မီးတောက်သည့် ဂျိန်းက နစ်ဆိုသည့် ငနဲကို အကဲဖြတ်ပြီးသား။ မျက်လုံးအရောင်တောက်တောက်နှင့် မိမိ၏ ပစ်ကွင်းထဲ ဝင်လာသည့် သားကောင် တစ်ကောင်ပဲ။ မျက်တောင်တွေ ရှည်၏၊ ကော့ ၏၊ မျက်လုံးအရောင် ပြာ၏၊ ဖြူဖွေးသည့် သွားများ ညီညာ၏၊ သံလွင်ရောင် အသားနှင့် လိုက်ဖက်၏၊ အရပ်က ခြောက်ပေ၊ ကိုယ်လုံးကိုယ်ထည်က ကျားကျားလျားလျား၊ ပြဇာတ်ပြီးသည်နှင့် ဂျိန်း သူ့ကို လက်တွဲလိုက်သည်။

လက်ချင်းလာချိတ်တော့ ပျော်သွားသော်လည်း နစ်က သိချင်သည့် မေးခွန်းတစ်ခုကို မေးမိသည်။

‘‘မင်းအတွဲကို ဘယ်ဖြုတ်ထားခဲ့သလဲ’’

mgyoe.com

mgyoe.com

"နောက်တစ်ယောက် တွေ့ပြီလို့ ပြောလိုက်တယ်လေ"

ဂျိန်းက ခပ်ရှင်ရှင် ပြန်ပြောလိုက်သည်။ နမ်းချင်စရာကောင်းသည့် သူ့နှုတ်ခမ်းကို ကြည့်ပြီး ကျန်တာတွေ ဂျိန်း သတိမရတော့။

"ဟုတ်လား၊ အဲဒီလိုနဲ့ ပြီးရောလား၊ သူ ဘာပြောသေးလဲ"

ဂျိန်းအဖြေကြောင့် ပျော်သွားသော်လည်း သိပ်ဘဝင်မကျ။ နစ်က အရာရာတွင် စနစ်ကျသူ မဟုတ်လား။ အထောက်အထား မရှိသည့် အပြောင်းအလဲမျိုးကို လက်ခံသူ မဟုတ်။ သည်မိန်းကလေး ပြောင်းလဲပုံက ထူးဆန်းလွန်းသည်။ မြန်ဆန်လွန်းသည်။

"ဘာပြောရမလဲ၊ ကျွန်မနဲ့ ခွဲရရင် သေတော့မယ်ပေါ့"

ဂျိန်းပြောပုံက ပေါ့ရွှတ်ရွှတ်။

"ဟုတ်လား၊ တကယ်"

နစ်က ဂျိန်းကို သေသေချာချာကြည့်ပြီး မေးသည်။ ဂျိန်း နောက်တောက်တောက် လုပ်နေခြင်းလား။

"သူ အဲဒီလို ပြောလို့ သူ့ကိုယ်သူ သတ်မသေပါဘူး။ အိမ်ပြန်ရောက်ရင် ဆေးခြောက်ကလေး နည်းနည်းပါးပါး မှိုဲပြီး သီချင်းကလေး တစ်ပုဒ်နှစ်ပုဒ်လောက် နားထောင်ပြီးရင် ပြီးသွားမှာပါ"

ဂျိန်းပြောပုံက တည်တည်ငြိမ်ငြိမ်။ အချစ်များစွာနှင့် နှုတ်ဆက်ထွက်ခွာဖူးပြီးဖြစ်၍ ဂျိန်းအတွက် သည်ကိစ္စမှာ ထမင်းစား ရေသောက်မျှသာ ဖြစ်လေသည်။

အင်း...တော်တော်ကြိုးစားပြီး အမီလိုက်ရမည့် မိန်းကလေးပါလားဟု နစ် သဘောပေါက်လိုက်၏။

"မောင်နဲ့ ကျွန်မ ကမ္ဘာမြေကြီးကို သုခနန်းတော်ဖြစ်အောင် လုပ်ပစ်မယ်၊ အို...မောင်ရယ်၊ မောင်ဟာ ကျွန်မအတွက် ဖြစ်ရမယ်၊ ကျွန်မကလည်း မောင့်အတွက် မွေးလာတာ ဖြစ်စေရမယ်"

ထိုစကားလုံးတွေကို နစ်၏ နားနားကပ်ပြီး တိုးတိုးကလေး ပြောမိခဲ့သည့်အတွက် ဂျိန်း အရမ်းကျေနပ်၏။

"သိပ်ယောကျ်ားဆန်တာပဲနော်၊ မောင့်ကို မြင်လိုက်တဲ့ တစ်ခဏမှာပဲ ရှေ့ ဘာဖြစ်လာမယ်ဆိုတာ ဂျိန်း သိနေပြီ သိလား"

နစ်၏ ကားပေါ်တွင် ထိုင်ရင်း စွဲမက်စရာ အသံကလေးဖြင့် ဂျိန်း

mgyoe.com

mgyoe.com SAMPLE BOOK

ပြောနေခြင်း ဖြစ်၏။ သူတို့နှစ်ယောက် အီတလီစားသောက်ဆိုင်ကလေးတစ်ဆိုင်ဆီသို့ ဦးတည် မောင်းနှင်နေကြခြင်း ဖြစ်လေသည်။

ရင်ခုန်ချင်စရာကောင်းလှသည့် ဂျိန်း၏ စကားလုံးများကြောင့် နှစ်တစ်ယောက် တိမ်တိုက်ထဲတွင် ရောက်နေသလို တငြိမ့်ငြိမ့် လွင့်မျောနေပြီး သူ့ရင်ခုန်သံကို ဂျိန်း ကြားသွားလေမည်လားဟုလည်း တွေးပူနေ၏။

အသက်ဝဝ ရှူပြီး လည်ချောင်းတစ်ချက် ရှင်းကာ ကားကို အာရုံစိုက်မောင်းနေရသည်။ ဂျိန်းက သူ့ဘက် တိုးကပ်ထိုင်သည်။ သည်တော့ သူ တစ်ဖက်သို့ မသိမသာ ရွှေ့ပေးရ၏။ တံခါးလက်ကိုင်နှင့် ကိုယ်တစ်ခြမ်း ထိကပ်နေပြီး အတော်ကြီး အနေရ အထိုင်ရ ကျပ်တည်းလာ၏။

ဂျိန်း၏လက်က သူ့ပေါင်ပေါ် ရောက်လာသည်။ နားတစ်ဝိုက်တွင် ဂျိန်း၏ အသက်ရှူသံနှင့်အတူ အနွေးဓာတ်ကို သိသိမှတ်မှတ် ရနေ၏။ နှစ်၏ တစ်ကိုယ်လုံး အဖျားတက်သလို ပူနွေးလာသည်။

စားသောက်ဆိုင်ရောက်တော့ ထောင့်စားပွဲတွင် နေရာယူပြီး ဟင်းလျာတွေ မှာသည်။

အကြိုစားမြိန်ပွဲ ရောက်မလာခင် ဂျိန်းက နှစ်ကိုစပြီး လက်ဆော့သည်။ ဟင်းလျာပွဲတွေ နောက်ထပ်ရောက်လာချိန်တွင် ဂျိန်းက နှစ်၏ နားနားကပ် ပြောသည်။

"ဒါထက် လွတ်လပ်တဲ့ တစ်နေရာရာကို သွားကြရအောင်နော်"

နှစ်က ကမန်းကတန်း ချက်လက်မှတ်ရေးပြီး စားပွဲပေါ် တင်ထားခဲ့သည်။ စားသောက်ဆိုင်ထဲမှ ကသောကမျော ထွက်ခဲ့ကြ၏။ ပြန်အမ်းငွေကို စောင့်ယူဖို့ သူတို့ နှစ်ယောက်စလုံး သတိမရကြတော့။ ဆိုင်ထဲက စားသုံးသူတွေ သူတို့ကို လိုက်ကြည့်နေကြ၏။

ကားပေါ်ရောက်သည်နှင့် နှစ်ယောက်သား အပြိုင် ကဲကြ၏။ နှစ်၏ နှုတ်မှ ညည်းတွားရင်း နတ်ဒေဝတာတို့၏အမည်များ ထွက်လာတော့ ဂျိန်းက ပြင်ပေးသည်။

"ဂျွန်မနာမည် ဂျိန်း" တဲ့။

◆◆◆

သူတို့နှစ်ဦး အချစ်ဇာတ်လမ်းအစပိုင်းက ရမ္မက်ရေပြင်တွင် အရူးအမူးကူးခပ်ကြသော်လည်း အလေးအနက် စဉ်းစား ဆွေးနွေးချိန်များလည်း ရှိခဲ့၏။

နှစ်၏ အစ်မတစ်ယောက် ပြောဖူးသည်။ နှစ်က မကာရ ရာသီဖွား

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်လို့ ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံ နေရမည်။ သည်လို နေရအောင်လည်း အမြဲ စိုက်လိုက်မတ်တတ် ကြိုးစားမည့် ပုံစံမျိုးတဲ့။ ဂျိန်း၏ဘဝက တစ်မျိုး၊ အပြောင်းအလဲတွေ များသည်။ ရုပ်ရှင်ဆန်သည်။

ဂျိန်းနှင့် တွေ့တော့မှ နှစ်၏ဘဝ ပိုပြီး အသက်ဝင်လှုပ်ရှားလာသည် ထင်ရ၏။ ဂျိန်း၏ ရှုတတ စကားလုံးများတွင် နှစ် ယစ်မူးနေသည်။ ဂျိန်း၏ စူးစမ်းရှာဖွေမှုများနှင့် အားမာန်ပါသည့် အယုအယတွင် မျောပါနေသည်။

"မင်းလို သိပ် စိတ်ဝင်စားစရာကောင်းတဲ့ မိန်းကလေးမျိုး ကိုယ် တစ်ခါမျှ မတွေ့ဖူးသေးဘူး ဂျိန်း။ မင်းဟာ တခြားမိန်းကလေးတွေထက် အဆ နှစ်ဆယ်လောက် ပိုထူးခြားတယ်" ဟု နှစ်က ဂျိန်းချီးမွမ်းခန်းဖွင့်သည်။

သက်တံရောင်ဖြာသလို ရင်ခုန်ချင်စရာ ကောင်းလှသည့် ဂျိန်း၏ အပြုအစုတွင် နှစ်တစ်ယောက် တသိမ့်သိမ့် ကြည်နူးလျက် ရှိ၏။ မိမိကိုယ်တိုင် လည်း သူ့လို စိတ်လွတ်လက်လွတ် နေပစ်ချင်စိတ် ပေါက်လာ၏။

"ကိုယ်က ထိန်းလွန်းတယ်၊ မင်းလို စိတ်ကို နည်းနည်း လွှတ်ပေးထား ရင် ကျန်းမာရေးနဲ့ ပိုညီညွတ်မယ် ထင်တယ်" ဟု နှစ်က ထုတ်ပြောသည်။

ဂျိန်းဘက်ကလည်း နှစ်ကို စွဲလမ်းလာ၏။ ရုပ်ဆင်းရူပကာ ချောမော ခြင်း တစ်ခုတည်းကြောင့် မဟုတ်။ အရာရာကို နှိုင်းနှိုင်းချိန်ချိန် စဉ်းစားတတ် ခြင်းကို သဘောကျ၏။ နှစ်၏ တည်ငြိမ်မှု၊ စည်းကမ်းသေဝပ်မှုတို့သည် ထင်ရာစိုင်းတတ်သော ဂျိန်းအား ထိန်းကွပ်ပေးလိမ့်မည်ဟု ယုံကြည်၏။

ရုပ်မြင်သံကြားတွင် လာသမျှ အစီအစဉ်များကို မည်သည့်နေ့က မည်သည့်ပြကွက် ကြည့်ခဲ့ကြောင်း မှတ်မိစေရန် မှတ်သားရေးဆွဲထားသည့် ဇယားကို နှစ်ပြတော့ ဂျိန်း အလွန် သဘောကျပြီး–

"ဂျိန်း အဲဒီလိုစနစ် ရှိချင်လိုက်တာ" ဟု တလေးတစား ပြောခဲ့သည်။

"ဂျိန်းက သိပ်တော်တာပဲကွာ" ဟု ဘာသာတိုင်း ဂုဏ်ထူးထွက်ပြီး ဘွဲ့ယူခါနီးတွင် နှစ်က ဂုဏ်ယူချီးကျူးသည်။

မစ်ဇိုရီ စာပေမဂ္ဂဇင်းတစ်စောင်က ဂျိန်း၏ ဝတ္ထုတိုတစ်ပုဒ် ရွေးလိုက် တော့လည်း နှစ် ဝမ်းသာမဆုံး။

"ဂျိန်းက သိပ်ထက်တာပဲ" ဟု ချစ်သူကို အမွှမ်းတင်သည်။

"ဂျိန်းက စာရေးသိပ်ကောင်းတာပဲ၊ ပရိသတ်က ဂျိန်းကို ချစ်ကြမှာပါ"

ကမ္ဘာကျော် ဇာတ်ကောင်မင်းသမီး နှစ်ဦးဖြစ်သည့် အင်နာကာရနီနာ

mgyoe.com

mgyoe.com SAMPLE BOOK

နှင့် အင်မာမိုဗာရီတို့ ကိုယ့်ကိုယ်ကိုယ် သတ်သေကြသည့် အကြောင်းရင်းကို ဆန်းစစ်ပြီး သူတို့ဘက်မှ ရှေ့နေလိုက်ရေးသည့် ဆောင်းပါးပါလာတော့ နစ်က အားပေးခြင်း ဖြစ်၏။

"ဒါပေမဲ့ ကိုယ်ချစ်သလောက်တော့ မင်းကို ဘယ်သူမှ ချစ်နိုင်မှာ မဟုတ်ဘူး ဂျိန်း၊ ကိုယ်တို့နှစ်ယောက်ဟာ တစ်ယောက်အတွက် တစ်ယောက် မွေးလာကြသလိုပဲနော်" ဟု နစ်က အချစ်ကို ဝိဂြိုဟ်ပြုတော့ ဂျိန်းက -

"နမ်းစမ်းပါဦး မောင်ရယ်" တဲ့။

◆◆◆

နစ်ကို ကြည့်မရသူမှာ မောင်ဖြစ်သူ ရောဘတ် တစ်ယောက်သာ ရှိသည်။

"နင့်လူက ခပ်ကြောင်ကြောင်ပါဟာ၊ တစ်ချိန်လုံး တီဗွီက လာတာတွေ လိုက်မှတ်နေတာပဲ တွေ့ရတယ်၊ ကြာရင် နင်ပါ ကြောင်သွားလိမ့်မယ်" ဟု ပြောတော့ ဂျိန်း ဒေါပွသည်။

"နင့်ပါးစပ် ပိတ်ထားစမ်း"

◆◆◆

ချစ်သူများနေ့ရောက်တော့ ဂျိန်း၏လက်တွင် လက်စွပ်ကလေး ဝတ်ထားသည်ကို တွေ့ရ၏။ ထိုနေ့တွင် မင်္ဂလာဝတ်စုံကို ဝယ်ဖြစ်သည်။ အမေရိကန် ဖရန့်စီ ဆာဂန်ဖြစ်ဖို့ အိပ်မက်တို့ ဝေဝေဝါးဝါး ဖြစ်သွားပြီ။ 'စာက ဘယ်အချိန် ရေး ရေးရတာပဲ၊ အချစ်ကိစ္စက ပထမလေ' ဟု စာပေအပေါင်းအသင်းများက သတိပေးလျှင် ဂျိန်း ဖြေတတ်သည်။

ဝေဖန်ရေးဆရာတွေ လက်ခုပ်တီးပေးသည့် ဆောင်းပါးတွေ ဂျိန်း မဖတ်ချင်တော့။ နိုင်ငံကျော် စာရေးဆရာမ ဘဝကိုလည်း တမ်းတမ်းတတ မဖြစ် တော့။ နစ်နှင့်အတူနေပြီး အိမ်ရှင်မ ဖြစ်ရမည့် အရေးကိုသာတွေးပြီး ဂျိန်း ပျော်နေမိသည်။

ကျောင်းပြီးခါနီး အခြား အခြားသော သူငယ်ချင်းများနည်းတူ ဂျိန်းသည် အိမ်ထောင်ပြုပြီးလျှင် ကလေး ဘယ်နှယောက်ယူမည်၊ ကလေးတွေ၏ နာမည်တွေ ဘယ်လိုပေးမည် စသည့်ကိစ္စများနှင့် အလုပ်ရှုပ်နေ၏။ စနေ၊ တနင်္ဂနွေနေ့များတွင် နှစ်ယောက်သား အိမ်ခန်းရှာပုံတော် ဖွင့်ကြသည်။ ရှေ့ရေး နေမှုထိုင်မှုကို ဆွေးနွေးကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပန်းကန်ခွက်ယောက်တို့၏ အရောင်အသွေးကို ဂျိန်း စိတ်ဝင်စားလာ၏။ အိမ်သစ်တွင် ဘယ်လို အိပ်ရာခင်းမျိုးကို ဝယ်ရမည်ကိုလည်း စဉ်းစားတတ်လာ၏။

"ပိုးပျော့က လျှော်လို့ ဖွပ်လို့တော့ လွယ်တယ်၊ ဒါပေမဲ့ ကတ္တီပါလောက် မခမ်းနားဘူး"

ခန်းဆီးအတွက် ဆုံးဖြတ်ချက် မချနိုင်ဘဲ ဇဝေဇဝါ ဖြစ်နေသဖြင့် ရောဘတ်ရှေ့တွင် ထုတ်ပြောမိသည်။ ရောဘတ်က အမူအရာဖြင့် အော့အန်ပြပြီး-

"နင်ပြောတဲ့ အကြောင်းအရာတွေ ကြားရတာ ငါ အန်ချင်လိုက်တာ" ဟု သရော်သည်။

"အန်ချင်ရင် တခြား သွားအန်၊ ငါ့အနား မလာနဲ့" ဟု မောင်းထုတ်၏။

မင်္ဂလာရက်မြတ် သတ်မှတ် ရွေးချယ်ပြီးလေပြီ။ ဇွန်လ နှစ်ဆယ်ရက်နေ့၊ ဘွဲ့ယူပြီး နောက်နှစ်ရက်။ ဂျိန်း နေပုံထိုင်ပုံကြောင့် ရတက်မအေးဖြစ်နေသူအားလုံး ခုမှ ဟင်းချနိုင်ကြရ၏။

"နောက်ဆုံးတော့ ဂျိန်းတစ်ယောက် လင်ကောင်းသားကောင်း ရရှာသားပဲ"

"သမီး ခုလို လိမ္မာတာ မေမေတို့ သိပ်ဝမ်းသာတာပဲ"

သားအမိနှစ်ယောက် ပန်းကန်ခွက်ယောက်တွေ သွားဝယ်ရင်း အမေက ဂျိန်းကို ပြောသည်။

"ဖေဖေရော မေမေပါ သမီးအတွက် အရမ်း စိတ်ပူခဲ့ရတယ်လေ"

"စိတ်ပူတယ် ဟုတ်လား မေမေ"

ဂျိန်း သိပါသည်။ နစ်နှင့် အိမ်ထောင်ပြုမည်ဆိုတော့ မေမေ့ရင်ထဲမှ အလုံးကြီး ကျသွားသလို ရှိလိမ့်မည်။ ကောလိပ်ကျောင်းမှ ဗိုက်တစ်လုံးနှင့် ပြန်မလာသည့်အတွက် အိမ်သားတွေ အရမ်း ဝမ်းသာနေကြသည်။ ဂျိန်းသည် အချစ်ကိစ္စများကို မိဘများနှင့် ဆွေးဆွေးနွေးနွေး လုပ်တတ်သူ မဟုတ်ခဲ့ပေ။

"သမီးက ရေးတတ် ဖတ်တတ်တဲ့ အရွယ်ကစပြီး စာရေးဆရာမ ဖြစ်ချင်ခဲ့တာ၊ ဖေဖေနဲ့မေမေက သမီး စိတ်ပျက်မှာစိုးလို့ မတားတာ၊ မေမေ့ရဲ့ အမေ့ကိုကြည့်ပြီး စာရေးဆရာဘဝကို မေမေ နားလည်ခဲ့တယ်၊ မပြေလည်ပါဘူး သမီးရယ်၊ စာတိုက်က ရောက်လာမယ့်ငွေကို မျှော်ရတာနဲ့ပဲ အချိန်ကုန်တာပါ။

mgyoe.com

mgyoe.com SAMPLE BOOK

သမီးကို အဲ့သွားလို မဖြစ်စေချင်ဘူးလေ။ ဒါကြောင့် နစ်နဲ့ လက်ထပ်မယ်ဆိုတော့ မေမေတို့ သိပ်သဘောကျနေကြတာ။ ဖေဖေနဲ့မေမေလို သမီးတို့ ပျော်ကြမှာပါ''

အိတာဂရက်ချ်သည် သမီးလုပ်သူ၏ အနာဂတ်ကို မျှော်ကြည့်ပြီး ကျေနပ်နေသည်။ မိမိ ငယ်ဘဝကို သမင်လည်ပြန် ကြည့်မိ၏။ ဘယ်တော့မှ ပြေပြေလည်လည် မရှိခဲ့။ အဖေ့တွင် အချိန်ပြည့်အလုပ်ဟူ၍ ဘယ်တုန်းကမှ မရခဲ့။ ဆေးသုတ်သမားဘဝ၊ ကန်ထရိုက်တာဘဝ၊ တောက်တိုမည်ရ ဗာဟီရဘဝများတွင် ဝဲလည်နေခဲ့သည်။

ကိုယ်ပိုင်အလုပ်တစ်ခု တည်ထောင်ပြီး ကြီးပွား ချမ်းသာအောင်လုပ်ဖို့ အိပ်မက်တွေ မက်ခဲ့သော်လည်း လက်ထဲတွင် ငွေမရှိခြင်း၊ ခွန်စိုက်အားစိုက် မရှိခြင်းတို့ကြောင့် ဘာမှ ဖြစ်မလာခဲ့။

အစားချို့တဲ့၊ အနေချို့တဲ့ခြင်းဖြင့် သိမ်ငယ်ခဲ့ရသည့် ကလေးဘဝကို အိတာ ပြန်တွေးမိလျှင် ရင်ထဲတွင် မွန်းကျပ်လာတတ်၏။ မီးဖိုး၊ ရေဖိုး၊ တယ်လီဖုန်းခ အစရှိသည်တို့မှာ လစဉ် ရင်ဆိုင်ရသည့် ပြဿနာများ ဖြစ်သည်။ အဖေနှင့်အမေ အော်ဟစ်ရန်ဖြစ်သံများကို ယခုထိ ကြားယောင်နေဆဲ။

သမီးဖြစ်သူက စာရေးဆရာမဘဝကို အားမကျတော့ဘဲ နစ်လို ယောကျ်ား တစ်ယောက်နှင့် လက်ထပ်မည် ဆိုသောအခါ အိတာဂရက်ချ်၏ ရင်ထဲတွင် ပေါ့ပါးသွားလေတော့သည်။

အလုပ်ကို ကြိုးစားပြီး ဘဝရည်မှန်းချက် မြင့်မားသူ နစ်လို ယောကျ်ား တစ်ယောက်နှင့် အိမ်ထောင်ကျတော့မည်မို့ ဂျိန်းအတွက် ပူစရာ မလိုတော့။

ဂျိန်း ဘာများ ပြန်ပြောလေမည်လဲဟု အမေ အိတာ စောင့်နေသည်။ ဘယ်အကြောင်းအရာနှင့် စပ်လျဉ်းသည်ဖြစ်စေ ဘယ်သူ့ကိုမဆို ဒက်ခနဲ ဒက်ခနဲ တုံ့ပြန်လေ့ရှိသော ဂျိန်းတစ်ယောက် ထူးထူးခြားခြား နှုတ်ဆိတ်နေ၏။

အမေ့မေတ္တာစကားများကို ကြားရသဖြင့် ဂျိန်း အသက်ရှူကျပ်သလို ဖြစ်လာ၏။ ကုန်တိုက်ကြီးတစ်ခု၏ ပန်းကန်ခွက်ယောက်များကြားတွင် မတ်တတ်ရပ်ရင်း မေ့မြောသွားမလားဟု အထိတ်တလန့် ဖြစ်သွား၏။

''သမီး ဘာဖြစ်လို့လဲ၊ နေကောင်းရဲ့လား''

တစ်ခါမျှ မမြင်ဖူးသည့် ဂျိန်း၏ အမူအရာနှင့် တိတ်ဆိတ်မှုကြောင့် အမေလုပ်သူ အိတာ အလန့်တကြား မေးလိုက်သည်။

ဂျိန်းက သက်ပြင်းမှုတ်ထုတ်ပြီး-

mgyoe.com

mgyoe.com SAMPLE BOOK

"သမီး ဘာမှ မဖြစ်ပါဘူး မေမေ" ဟု တဒင်္ဂ အသက်ရှူ ရပ်သွားသည့်အဖြစ်ကို ဖုံးကွယ်ပြီး ပြန်ဖြေလိုက်၏။ တဖြည်းဖြည်းမှ အသက်ရှူလို့ ဝလာသည်။ မသိစိတ်က လှမ်းသတိပေးသော တဒင်္ဂကို ချက်ချင်း မေ့သွား၏။ မင်္ဂလာအခမ်းအနား ပြင်ဆင်မှုကိစ္စများတွင် သည်ကိစ္စကလေး ရုတ်ခြည်းနစ်မြုပ်ပျောက်ကွယ်သွားလေသည်။ နောက်ပိုင်းရက်များတွင် ဂျိန်းနှင့် နစ်တို့၏ ပျော်စရာအနာဂတ်အကြောင်း စကားစပ်မိလျှင် ပန်းကန်ဝယ်ရင်း အသက်ရှူ မဝသည့်အဖြစ်မျိုး ပြန်ပေါ်လာတတ်သည်။

ကလေးငါးယောက်ယူဖို့ ကိစ္စ၊ အိမ်တို့ ကားတို့ကိစ္စတွေနှင့် ခွေးတစ်ကောင်မွေးဖို့ အကြောင်းများ ပြောဖြစ်လျှင် ဂျိန်းနှလုံးတွေ တဒိုင်းဒိုင်းခုန်လာသည်။ သွေးခုန်နှုန်းတွေ တအား မြန်လာသည်။ ပါးစပ်ဟပြီး မနည်းကြိုးစားအသက်ရှူရင်း သည်အကြောင်း နစ်ကို ပြန်ပြောပြ၏။

"အရမ်းခံရတာပဲ၊ ဒီလိုဖြစ်လာရင် လုံးဝ အသက်ရှူရပ်သွားသလိုပဲ၊ သေသွားမလား အောက်မေ့ရတယ်"

"ထုံးစံအတိုင်း မင်း ဝတ္ထုဆန်နေတာ ဖြစ်မှာပါကွာ" ဟု နစ်က ခပ်ပေါ့ပေါ့ ပြန်ပြော၏။

"ထုံးစံအတိုင်း ဟုတ်လား"

ဂျိန်းက ပြုံးပြုံးကလေး ပြန်မေးသည်။ နစ်ပြောပုံကြောင့် ရင်ထဲပေါ့သွား၏။ ဂျိန်းက တိမ်းမူးလှုပ်ရှားလွယ်သလောက် နစ်က သွေးအေးသည်။ သည်အတွက် ဂျိန်းက နစ်ကို ပိုချစ်ရ၏။ မင်္ဂလာဆောင်ရက် နီးလာလေလေ ဂျိန်း၏ အသက်ရှူမဝသည့် ရောဂါက သည်းလာလေလေ ဖြစ်လာ၏။ အသက်ရှူမဝသည့်ကာလ ပို၍ ပို၍ ရှည်လျား၏။ လေကို ပါးစပ်ဟပြီး ဂျိန်း လိုက်ရှာနေရ၏။ မိုးကောင်းကင်ကြီး တစ်ခုလုံး သူ့ရင်ဘတ်ပေါ်သို့ ပြိုကျလာသလို ခံစားရ၏။

"ဂျိန်း ဘာဖြစ်တာလဲ မသိဘူး၊ ဒီလို မဖြစ်တဲ့ အချိန်မှာတော့ ဂျိန်း ဘာမှ မဖြစ်ဘူး၊ အကောင်းပကတိပဲ"

သည်တစ်ခါတော့ နစ် ပေါ့ပေါ့တန်တန် သဘောမထားနိုင်တော့ပြီ။ ဆရာဝန်ဆီ အတင်းသွားခိုင်းသည်။ ဆရာဝန်က ဂျိန်း၏ ကျန်းမာရေးကို စစ်ဆေးပြီး အကောင်းပကတိဖြစ်ကြောင်း အတည်ပြုပေးသည်။ စိုးရိမ်စိတ် လွန်ကဲ နေခြင်းဖြစ်သည်ဟု ထင်ကြေးပေးသည်။ လက်ထပ် ထိမ်းမြားခါနီးတွင် မိန်းကလေးတွေ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်တတ်သည့် သဓားရိုးကျ စိတ်လှုပ်ရှားမှုမျိုးဟု ဆရာဝန်က ကောက်ချက်ချ၏။

"ဘာမှ မပူပါနဲ့၊ ကျွန်တော် ဆေးပေးလိုက်ပါ့မယ်"

ပြောပြောဆိုဆို ဆရာဝန်က ဆေးစာ ကောက်ရေးသည်။

◆◆◆

အဖေ့ဆေးဆိုင်တွင် အလုပ်ဝင်လုပ်နေပြီဖြစ်သည့် နစ်က မီးလ်တောင်းဟူသည့် ဆေး၏ စွမ်းအင်ကို ကောင်းကောင်းသိထား၏။

"ဒါ နောက်ဆုံးပေါ် ဆေးလေ၊ အရမ်းကောင်းတာ။ မင်း လုံးဝ နေကောင်းသွားမှာပါ ဂျိုန်း"

နစ်က အဖြူရောင်ဆေးလုံးကလေးများ ကမ်းပေးရင်း ပြောလိုက်၏။

နစ် ပေးသည့်ဆေးကို ဂျိုန်း သောက်ပါသည်။ စိတ်ထဲတွင် လေးတေးတေးကြီး ဖြစ်လာ၏။ အရာအားလုံးသည် ရုပ်ရှင်တွေ၊ ဗွီဒီယိုတွေထဲမှ အနှေးပြကွက်ကို ကြည့်နေရဘိသို့ ရှိ၏။ သည်ဆေးကို သောက်နေရသည့်အတွက် အခြားအပိုဆုတစ်ခုမှာ နှလုံးကို တဒုန်းဒုန်း ထုနေသလို ခံစားရခြင်း ဖြစ်သည်။ သွေးခုန်နှုန်းမြန်လာ၏။ အသက်ရှူဖို့ ပတ်ဝန်းကျင်တွင် လေနည်းသည်ထက် နည်းလာ၏။

"ဘာဖြစ်တာပါလိမ့်"

"အခမ်းအနားမှာ သမီး သတိလစ်သွားရင် ဘယ့်နှယ်လုပ်မလဲ မေမေ"

ဂျိုန်းက အမေလုပ်သူကို စိုးရိမ်တကြီး မေးသည်။

"ဟာ...မဟုတ်တာ၊ သတို့သမီးတိုင်း ဒီလို ဖြစ်ကြတာမျိုးပဲ။ မဆန်းပါဘူး သမီးရယ်"

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း [၇]
## ဂျိန်း

မစ်ဖူရီတက္ကသိုလ်၊ အင်္ဂလိပ်စာဌာနမှူး ပါမောက္ခ အေရွန်အင်ဂလာကို တက္ကသိုလ် အသိုက်အဝန်းက လူ့ခွစာဟု သတ်မှတ်ထား၏။ လူက ပုပု သေးသေး၊ သို့သော် အလွန်ထက်သည်။

ကော့နေအောင် မီးပူ တိုက်ထားသည့် မီးခိုးရောင် ဖလန်နယ် ဘောင်းဘီရှည်နှင့် ရွှေကြယ်သီးတပ် အပြာရောင်ဆွယ်တာကို ဝတ်လေ့ရှိ၏။ ခပ်တုံးတုံး ခပ်ချာချာ လူတွေကို သူ သည်းမခံတတ်။ ထို့ကြောင့် လူတော်တော်များများက သူ့ကို ကြောက်ကြသည်။ ရှောင်ကြသည်။

ဂျိန်း၏ ဝတ္ထုဂယက်လှိုင်းခတ်မှုနှင့် ပတ်သက်ပြီး ပါမောက္ခသည် ဂျိန်းဘက်မှ အပြတ် ရပ်တည်ပေးလေသည်။ လူစီပီယာဆင်က ဂျိန်းကို ကျောင်းထွက်ရလောက်အောင် ရှုတ်ချ တိုက်ခိုက်သည့်အခါတွင် ဂျိန်းက ဒေါသူပုန်ထပြီး သူ့ဝတ္ထုကို ကျောင်းမဂ္ဂဇင်းကော်မတီသို့ ပို့လိုက်သည်။

မဂ္ဂဇင်းအယ်ဒီတာအဖွဲ့က 'အပြာဆန်သည်' ဟူသည့် မှတ်ချက်ဖြင့် ပယ်ချလိုက်ပြန်၏။ ဂျိန်းက သည်ဇာတ်စွကို ငြိမ်ခံမနေဘဲ တက္ကသိုလ် အပတ်စဉ် ဂျာနယ်တွင် ဆောင်းပါးရေးပြီး တုံ့ပြန်တိုက်ခိုက်သည်။ ဒီအိတ်ချ်လော့ရင့်စ် ၏ လေဒီချက်တာလီကို ကိုးကားပြီး ချက်ကျလက်ကျ ဒိုးဒိုးဒေါက်ဒေါက် တိုက်ခိုက်သည်။ ထိုအခါ ဂျိန်း၏ဝတ္ထုသည် ဂယက်ဘဝမှ မုန်တိုင်းအဖြစ် ပြင်းထန်

mgyoe.com

mgyoe.com SAMPLE BOOK

လာတော့၏။ ကျောင်းထုတ်ခံရမည့်အခြေသို့ ဆိုက်လာ၏။ ဤတွင် အေရှန်အင်ဂလာ ဝင်လာခြင်း ဖြစ်လေသည်။ ဂျိန်း၏ ဝတ္ထုကို ကော်ပီတစ်စောင် တောင်းယူ လိုက်၏။

◆◆◆

" 'နှုတ်ဆက်အနမ်း' ကို ကျုပ် ဖတ်ပြီးပါပြီ။ တကယ် အတွေးအခေါ် ပါတာပဲ။ အတွေးရော အရေးပါ သိပ်ရဲရင့်တယ်၊ တကယ် ပြောင်မြောက်တဲ့ ဝတ္ထုပဲ"

ပါမောက္ခအင်ဂလာက သည်မျှနှင့် ရပ်မနေသေးဘဲ သူ့သြဇာကို သုံးပြီး ဂျိန်း၏ ဝတ္ထုအား ဟောသွန်မဂ္ဂဇင်းတွင် ပါအောင် တွန်းအားပေးသေး၏။

"ဂျိန်း စာရေးဆရာဖြစ်ပြီ၊ စာရေးဆရာ ဖြစ်ပြီ" ဟု သူ့ဝတ္ထု ပါလာသည့် မဂ္ဂဇင်းကို ကိုင်ပြီး တွေ့သမျှလူကို ဂျိန်း လိုက်ပြသည်။ ပုံနှိပ်စာလုံး ကလေးကို မြင်ရသည့်အတွက် ကိုယ့်ကိုယ်ကိုယ် အထွတ်အထိပ်သို့ ရောက် လာသည်ဟု ဂျိန်း ခံစားမိလေသည်။

ဆွေးနွေး ငြင်းခုံပွဲ ပြီးဆုံး ငြိမ်သက်သွားသည်။ နောက်ဆုံးတွင် ဂျိန်း အနိုင်ရသွား၏။ ဂျိန်းက ဆရာအင်ဂလာအား နောက်ဆုံးနှစ်ကျောင်းသူများ၏ အဆောင်နာယက လုပ်ပေးဖို့ မေတ္တာရပ်ခံသည်။ ဤသို့ဖြင့် ဆရာ့လက်ချာများကို နှစ်ပတ်လျှင် တစ်ရက် တက်ခွင့်ရလေသည်။

ဂျိန်း၏ လက်ထပ်လက်စွပ် အသစ်ကလေးကို ကြည့်ပြီး ဝမ်းသာဝုဏ်ပြု စကား မပြောလာသူမှာ ဆရာအင်ဂလာ တစ်ယောက်တည်း ဖြစ်၏။

"မင်းကလည်း ဒီပုတ်ထဲက ဒီပဲ ပဲကိုး"

နောက်ဆုံးနှစ်ရောက်လို့ ကျောင်းပြီးခါနီးလျှင် လက်ထပ်လက်စွပ်မှ စိန်ပွင့်ကလေး တဖျပ်ဖျပ်နှင့် ဘယ်ဆီနေမှန်း မသိသေးသည့် ကလေးနာမည် ရွေးလေ့ရှိသည့် ကျောင်းသူများကို ပါမောက္ခက ရည်ညွှန်းပြောဆိုလိုက်ခြင်း ဖြစ်၏။

"မင်းရဲ့ ပထမဆုံးထွက်မယ့် လုံးချင်းဝတ္ထုကို ဘယ်လို နာမည်ပေး မလဲ။ 'ဘဝကို နှုတ်ဆက်ခြင်း' လို့ ပေးမှာလား" ဟု သရော်သည့်လေသံဖြင့် မေးသည်။

"ပန်းကန်ဆေးတဲ့အကြောင်းတွေ၊ ကလေး ခါးတောင်းကျိုက် အကြောင်း တွေပဲ မင်း ရေးလို့ ရတော့မှာပေါ့" ဟုလည်း ပြက်ရယ်ပြုသည်။

ပါမောက္ခ၏ စကားလုံးများသည် ဂျိန်းကို ပျားတုပ်သလို လှုပ်ခါသွား

mgyoe.com

mgyoe.com SAMPLE BOOK
စေ၏။ ဟုတ်သည်၊ ယောကျ်ားယူပြီးလျှင် ဘာအကြောင်းတွေ ရေးဖြစ်မည်လဲ။

မိမိ အလွန်အားကျခဲ့သည့် နာမည်ကျော် ပြင်သစ်စာရေးဆရာမ ဖရန့်စီဆာဂန်သည် ကုန်တိုက်ကြီးများတွင် ဈေးဝယ်ထွက်ရင်း အာရုံနိုးကြားလာခြင်း မဖြစ်နိုင်။ ဘဝကို မကျေနပ်သည့် လောကအမြင်များသည် ဈေးခြင်းတောင်းဆွဲသည့်လက်မှ ရေးနိုင်စရာ အကြောင်းမရှိ။ ဂျိန်းအော်စတင်၏ ညွှေ့ခံပွဲကြီးများသည် ဇစ်တာ တောမြို့ကလေးတစ်မြို့၏ ညှေ့ခန်းဆောင်မှ ပေါက်ဖွားလာခြင်း မဟုတ်။

နစ်နှင့် လက်ထပ်လိုက်လျှင် ဘာတွေ ရေးဖြစ်မည်နည်း။ ဆေးအညွှန်းတွေ၊ ဖော်စပ်နည်းတွေလား။

သည်အကြောင်းကို ဂျိန်း တမင်မစဉ်းစားဘဲ မေ့မေ့ပျောက်ပျောက် ဖျောက်ထားလိုက်သည်။ သို့သော် ဝီလ်မာနှင့် အေမီ ရောက်လာသောအခါ သည်ကိစ္စကို ခေါက်ထားရာမှ ပြန်ဖော်ရပြန်၏။ သူတို့နှစ်ယောက်စလုံး ယောကျ်ားရနေကြပြီ။ မင်္ဂလာဝတ်စုံနှင့် ငြိမ့်ညောင်းလှသည့် သတို့သမီးတစ်ယောက်၏ တဒင်္ဂရွှေပွက်ပမာ ခဏာငယ်ကလေး ကုန်ဆုံးသွားသည်နှင့် ရင်ဆိုင်ရသည့် ဘဝအကြောင်း နှစ်ယောက်စလုံး ရင်ဖွင့်ပြကြ၏။

မစ္စက်ရှရီဒန်ဘာရီ ဖြစ်သွားသော အေမီက–

"နင် ဘယ်တော့မှ ယောကျ်ားမယူနဲ့" ဟု အစချီပြီး နတ်သံနှော သည်။ အေမီက ကလေးနှစ်ယောက် ရနေပြီ။ ကင်းဆပ်စ်စီတီတွင် နေပြီး ဂျိန်းအကြောင်းကြား၍ စိန့်လူးဝစ်သို့ လိုက်လာခြင်း ဖြစ်၏။ ဗိုက်ထဲတွင် တတိယကိုယ်ဝန်နှင့်။ အိမ်ထောင်သက်က သုံးနှစ်သာ ရှိသေး၏။

ဂျိန်းတို့အိမ်တွင် ညအိပ်လာတည်းသည့် ဧည့်သည်တွေ ရှင်းသွားသည်နှင့် ဂျိန်း၏ ပန်းရောင်အိပ်ခန်းထဲတွင် အေမီက အိမ်ထောင်သည်ဘဝ ဋီကာဖွင့်တော့၏။

"အိမ်ထောင်သည်ဘဝဆိုတာ ဘာမှ မဟုတ်ဘူး ဂျိန်း။ ကလေးငိုသံတွေရယ်၊ ဘယ်တော့မှ လျှော်လို့ဖွပ်လို့ မပြီးနိုင်တဲ့ သောက်အနှီးတွေရယ်ပဲ"

အေမီသည် ဘယ်သောအခါမှ ကြမ်းကြမ်းတမ်းတမ်း စကားလုံးများ သုံးတတ်သည့် မိန်းကလေး မဟုတ်။ ဆဲရေးတိုင်းထွာတတ်သူ မဟုတ်။ မျက်ဝန်းတစ်ဝိုက်တွင် အညိုကွင်းကြီး ပေါ်နေ၏။ အေမီသည် အသားအရေအလွန်လှသည့် မိန်းကလေး ဖြစ်၏။ ယခုတော့ ကိုယ်ဝန်ကြောင့်လား မသိ၊ အစက်အပြောက်
mgyoe.com

များထင်ကာ မလှရှာတော့။

"ငါထင်တာက ဂျက်နဲ့ နင် ပျော်နေကြတယ်ထင်တာ"

အေမီက ဂျိန်းနှင့် ဆန့်ကျင်ဘက် အမြဲတမ်း ပျော်ပျော်ရွှင်ရွှင် နေတတ်သည့် မိန်းကလေး။ ဘယ်တော့မှ အလေးအနက် တွေးတတ်သူ မဟုတ်။

"ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးနေရင် ပျော်စရာကောင်းပါတယ်။ သူက ပိုက်ဆံရှာ ကျွေးနေတော့ သူပြောသမျှ ပြီးရမယ်တဲ့၊ အဲဒီအတိုင်း ငါ နေရင်တော့ ဘာမှ ပြဿနာ မရှိပါဘူး"

"အဲဒီလို မနေရင်ကော"

မင်္ဂလာခရီးမှ ပြန်လာသည့်နေ့ကို အေမီ သတိရလိုက်သည်။ လုပ်လက်စ အချိန်ပိုင်း စာကြည့်တိုက်မှူးအလုပ်ကို ပြန်ဝင်ဖို့ပြောတော့ ဂျက်က ဒေါသတကြီး ကန့်ကွက်သည်။ သူ့မိန်းမ ဖြစ်နေသမျှ ဘာအလုပ်မှ မလုပ်ရ ဘူးတဲ့လေ။

"တစ်ခါတစ်ခါကျရင် ငါ့ကို လုံးဝ စကားမပြောဘူး၊ ပြောရင်လည်း အော်ဟစ် ငေါက်ငမ်းနေတာချည်းပါပဲဟယ်"

အေမီက ဘာမှ မထူးဆန်းသည့် ကိစ္စတစ်ခုကို ပြောသလို ပြောနေခြင်းဖြစ်၏။ ဂျိန်းတစ်ယောက် ကိုယ့်နားကိုယ် မယုံကြည်နိုင်အောင် ဖြစ်နေသည်။ အေမီသည် ဘယ်ကိစ္စမဆို ဘယ်တော့မှ ချဲ့ချဲ့ကားကား ပြောတတ်သူ မဟုတ်။

"ငါက ထောင်သား၊ ဂျက်က ထောင်ပိုင်လေ၊ ငါ ကောင်းကောင်း နေရင် အသက်ရှူချောင်တယ်၊ မနေရင် နာပြီသာမှတ်"

သူငယ်ချင်း အေမီကို ဂျိန်း ငေးကြည့်နေသည်။ အခန်းထဲမှ ရှူစရာ လေများ ကုန်ခန်းသွားသလို ခံစားရပြန်၏။

◆◆◆

မင်္ဂလာဆောင်ဖို့ နှစ်ပတ်အလိုတွင် ဝီလ်မာကလည်း အေမီနှင့် တစ်သံတည်း ထွက်လာ၏။ ဝီလ်မာသည် ဂီနီရှုဘယ်လ်နှင့် မနှစ် နွေက ခိုးရာ လိုက်ပြေးခဲ့၏။ သူတို့နှစ်ယောက် ဇာတ်လမ်းမှာ စိန့်လူးဝစ်၏ ရိုမီယိုနှင့် ဂျူးလီယက်ဇာတ်လမ်း ဖြစ်လေသည်။

ဂီနီတွင် ဝီလ်မာ၏ မိဘများ လိုချင်သည့် အရည်အချင်းတစ်ခုမျှ မရှိ။ စည်းစိမ်ဥစ္စာ မရှိ၊ ငွေကြေး မရှိ၊ ပြီးတော့ ဂျူးလူမျိုး မဟုတ်။ ဘွဲ့ မရသေး။ ထို့ကြောင့် ရှေ့အလားအလာ ဘာမှ မရှိ။

ဝီလ်မာတွင်လည်း ဂီနီ၏ မိဘတွေ မလိုချင်သည့် အရည်အချင်းတွေ အမောက်အလျှံ ရှိနေသည်။ ပထမဆုံးအချက် ဝီလ်မာက 'ဂျူးမ'ဖြစ်နေလို့။

mgyoe.com

mgyoe.com SAMPLE BOOK

ပြီးတော့ ဆရာဝန်မ ဖြစ်ဖို့ ကြိုးစားနေသည့် မိန်းကလေး ဖြစ်နေလို့။

သို့သော် နှစ်ယောက်သား ရင်ခုန်စွဲလမ်းနေကြသဖြင့် ခိုးပြေးဖြစ်ခဲ့ကြ၏။ နှစ်ဖက်မိဘများ၏ ဝိရောဓိကို လုံး၀ ထည့်မတွက်ခဲ့ကြ။ စလယ်ဝင်ဖင်မမည်းခင်က ဇာတ်လမ်း မလှမပ ဖြစ်ခဲ့ကြပုံကို ဝီလ်မာက ဇာတ်စုံခင်းပြသည်။

"မယူနဲ့ဟာ၊ နင် ယောကျ်ား မယူစမ်းပါနဲ့"

ရွှေလည်တွဲမယ့် မင်္ဂလာပွဲ အစမ်းလေ့ကျင့်သည့်နေ့ထိ ဝီလ်မာက တွင်တွင်ဖျက်နေဆဲ။

"ငါက နင်တို့နှစ်ယောက် အရမ်းချစ်ကြတယ် ထင်နေတာ"

ဂျိန်း အံ့သြနေ၏။

"အေး…မညားခင်အထိ ဟုတ်တယ် ဂျိန်း"

ဝီလ်မာက တစ်နှစ်ထက်တစ်နှစ် ပို၍ ပို၍ ထူလာသော မျက်မှန်ကြီးနှင့် ဂျိန်းအား မော့ကြည့်ပြီး ဆက်ပြောသည်။

"လင်မယား ဖြစ်လာတာနဲ့ အချစ်ဆိုတာ ဘယ်မြောင်းထဲ ရောက်သွားမှန်း မသိတော့ဘူး။ ရင်ခုန်တာတွေ ဘာညာဘာညာတွေလည်း မရှိတော့ဘူး။ ပျော်စရာမှန်သမျှ ဘယ်က ဘယ်လို စီးထွက်ကုန်ခန်းသွားမှန်းမသိဘူး။ လက်ထပ်လိုက်တာနဲ့ အချစ်ဆိုသော ထိုအရာကို နင် အနမ်းကလေးနဲ့ ဖွေးဖွေးပေးပြီး နှုတ်ဆက်ထားခဲ့တော့၊ ခုဆို နှစ်ဖက်စလုံးက မိဘတွေ တို့ကို စကားမပြောကြဘူးလေ။ တို့မှာ ပိုက်ဆံလည်း သိပ်မရှိဘူး၊ ဂီနီက မော်တော်ကား ဘော်ဒီရုံမှာ အလုပ်ဝင်လုပ်တယ်။ ဘီယာကလေး တမြမြနဲ့ပေါ့။ အိမ်ပြန်ရောက်ရင် ဂျိကျရော၊ ညစာ အဆင်သင့် မဖြစ်ရင် ဒေါသူပုန်ထတတယ်၊ ငါ ဘယ်လောက် ကြိုးစားပြီး ချက်ချက် ဆယ်ရက်မှာ ကိုးရက်က သူ လျှာရင်းမမြိက်ဘူးတဲ့။ တစ်ခါတုန်းက ပန်းကန်တွေ ပေါက်ခွဲပြီး ကြမ်းပေါ်က ထမင်းဟင်းတွေ ငါ့ကို ရှင်းခိုင်းတယ်။ အဲဒါကြောင့် ငါ့အမှားမျိုး နင့်ကို မမှားစေချင်တာ၊ ငါသာ နင့်နေရာမှာရှိရင် ထောင်ချောက်ထဲ မဝင်သေးဘူး။ လွတ်လွတ်ကျွတ်ကျွတ် လျှောက်လိမ့်နေပစ်လိုက်ဦးမယ်"

"နင် ဘာလို့ သူ့ကို မထားခဲ့တာလဲ"

ဂျိန်း အထိတ်တလန့် မေးသည်။

"သူ့ဆီက ထွက်လာပြီး ငါ ဘယ်သွားနေမလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

ဝီလ်မာက မေးခွန်းကို မေးခွန်းနှင့် ဒေါသတကြီး တုံ့ပြန်သည်။

"ငါနဲ့ နစ် တိုင်ပင်ပြီး နင့်ကို ခေါ်ထားမယ်လေ"

ထိုညတွင် အသက်ရှူမဝသည့် ရောဂါကို ဂျိန်း ဆိုးဆိုးရွားရွား ခံစားရလေသည်။ ရေချိုးခန်းထဲမှ ကြွေခွက်နားတွင် ရပ်ပြီး သွားတိုက်ရင်း ရှူစရာလေတို့ ကုန်ခန်းသွားကြပြန်သည်။ ဝီလ်မာပြောခဲ့သည့် အဖြစ်အပျက်များကို ပြန်လည်ကြားယောင်နေ၏။ အေမီနှင့် ဝီလ်မာတို့ သူ့ကို အလုအယက် ဝိုင်းပြောနေသလို ခံစားရ၏။ မေ့မေ့ပျောက်ပျောက် ထားခဲ့သည့် ပါမောက္ခအင်ဂလာ ၏ စကားလုံးများလည်း နားထဲတွင် ပြန်လည် ပဲ့တင်လာ၏။

'ဘာအကြောင်းအရာတွေ မင်းရေးမှာလဲ။ ပထမဆုံး မင်းရဲ့ ဝတ္ထုကို ဘယ်လို နာမည်ပေးမှာလဲ'

ခေါင်းထဲ ပေါ့သွားသလိုလို ခံစားလိုက်ရသည်။ ခန္ဓာကိုယ်မှ စိတ်အသိသည် တစ်နေရာရာသို့ လွင့်မျောစီးပါသွားသလို ဖြစ်သွား၏။ ပြီးတော့ လောကကြီးတစ်ခုလုံး အမှောင်ဖုံးသွားတော့၏။ သတိပြန်ရလာတော့ ရေချိုးခန်းကြမ်းပြင်ပေါ်တွင် ပက်လက်လန်နေသည်။ ရေမြှုပ်အခင်းပေါ် လဲကျခြင်း ဖြစ်၍ ကံကောင်းပါသည်။

"ဟိုဘက်နားစွန်းစွန်းမှာ လဲရင် သေကောင်ပေါင်းလဲ ခံရမှာ" ဟု ဂျိန်းက နစ်ကို ပြောပြတော့-

"ကိုယ်ဝန်ရှိနေလို့ ဖြစ်မှာပေါ့ ဂျိန်းရယ်" ဟု နစ်သိမ့်သည်။

မင်္ဂလာရက်မြတ် နီးကပ်လာပြီ။ ညတိုင်း ဂျိန်း လန့်လန့်နိုးသည်။ နိုးလာလျှင် အသက်ရှူဖို့ အသေအလဲ ကြိုးစားရသည်။ အိမ်ထောင်သည်ဘဝကို ထောင်သားနှင့် နှိုင်းယှဉ်ပြောပြသွားသည့် အေမီ၏ စကားလုံးများကို ကြားယောင်နေ၏။ အလွန်ချစ်ဖို့ကောင်းသည့် ချစ်သူဘဝမှ မယားနိုင်မင်းဘဝသို့ ပြောင်းသွားသည့် ဂီနီရှုဘယ်လ်။ ပါမောက္ခအင်ဂလာ၏ အဖြေရခက်သော မေးခွန်းများ။

နစ်ကို ဝေဖန်သည့် ရောဘတ်၏ ကောက်ချက်များကိုလည်း မလောက်လေး မလောက်စား ကလေးတစ်ယောက်၏ မလိုတမာ အမြင်များဟူ၍ သဘောထား၍ မဖြစ်တော့။

ပြက္ခဒိန်ကို သေသေချာချာ ပြန်ကြည့်ရသည်။ အချိန်တန်၍ ဓမ္မတာ ပြန်ပေါ်လာတော့ ရင်ထဲတွင် ပေါ့သွားသော်လည်း အသက်ရှူမဝသည့် ရောဂါသည် ကိုယ်ဝန်ကြောင့် မဟုတ်ကြောင်း ရှင်းသွားသဖြင့် ဇဝေဇဝါ ဖြစ်ရပြန်၏။

mgyoe.com

mgyoe.com SAMPLE-BOOK

မည်သို့ရှိစေ ပျော်သွားသည်တော့ အမှန်။ ကိုယ်ဝန်ရှိလျှင် ပြေးပေါက်ပိတ်နေတော့မည် မဟုတ်လား။

◆◆◆

"မင်္ဂလာဆောင်ဖို့ရက်ကို ခဏရွှေ့ထားရအောင်လား နစ်"

အခါတော်မပေးမီ နှစ်ရက်အလိုတွင် ဂျိန်းက နစ်ကို ကပ်ပြောသည်။ သဘာဝမကျမှန်းတော့ သိ၏။ သို့သော် အချိန်ယူရတော့မည်။ စဉ်းစားချိန်ထပ်ယူရမည်။ ပြီးတော့ အသက်ဝဝ ရှူနိုင်အောင် လုပ်ရဦးမည်။

"ရက်ရွှေ့ရမယ် ဟုတ်လား ဂျိန်း၊ ကိတ်မုန့်တောင် မှာပြီးနေပြီလေ"

နစ်က သူ့နှားသူ မယုံနိုင်အောင် ဖြစ်သွား၏။ ကိတ်မုန့်မှာပြီးသား ကိစ္စကို ဂျိန်းတစ်ယောက် မေ့များနေလို့လား။

ဂျိန်း သူ့ကို စိုက်ကြည့်နေသည်။

"ကိတ်မုန့်၊ ကိတ်မုန့် ဟုတ်လား။ ကျွန်မက ဘဝအကြောင်း ပြောနေတာ၊ ရှင်က ကိတ်မုန့်အကြောင်း ရှေ့တန်းတင်နေတယ်"

"ဩော် … ဂျိန်းရယ်၊ ပိုက်ဆံလည်း ချေပြီးပြီလေ။ ကိုယ်ကိုယ်တိုင်မုန့်တိုက်ကိုသွားပြီး အော်ဒါ လုပ်ထားတာလေကွယ်"

ဂျိန်း မျက်တောင် ပုတ်ခတ် ပုတ်ခတ် လုပ်နေသည်။ အခြား ဂြိုဟ်သားတစ်ယောက်ကို ကြည့်သလို နစ်ကို စိုက်ကြည့်နေ၏။ ရောဘတ် ပြောတာ မှန်နေပြီ၊ ငကြောင်ပဲ။ ကိတ်မုန့်တစ်တုံးပေါ်တွင် နစ် သဘောထားပုံကို ကြည့်ပြီး ဂျိန်း မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

မိမိ၏ အသိအကျွမ်းထဲတွင် သည်လိုလူမျိုး ရှိပါ့မလား။ သည်လို လူမျိုးကို ဘဝကြင်ဖော်အဖြစ် လက်တွဲဖို့ စိတ်ကူးခဲ့သူကကော မိမိကိုယ်တိုင် ဖြစ်နိုင်ပါမည်လား။

မျက်ရည်တွေ တသွင်သွင် စီးကျပြီး ဂျိန်း အခန်းထဲမှ ပြေးထွက်ခဲ့သည်။ နစ်က ဇနီးလောင်းကို အကြောင်သား ငေးကြည့် ကျန်ရစ်၏။ ဘာကိုမှ နားမလည်နိုင်အောင်လည်း ဖြစ်နေ၏။ ဘုရား ဘုရား၊ ဘာများ ပြောမှား ဆိုမှား ဖြစ်သွားလို့ပါလိမ့်။

ဟာစ်ပီတို့ ပျော်စံရာ ဂရင်းဝစ်ချ်ရွာကို ထွက်သွားပြီဖြစ်ကြောင်း ထိုညတွင် နစ်ဆီ စာတစ်စောင် ရေးလိုက်သည်။ လက်ထပ်လက်စွပ်ကလေး ချွတ်ပြီး စာအိတ်ထဲ ပြန်ထည့်ပေးလိုက်၏။

mgyoe.com

mgyoe.com

ဂျိန်း၏ မင်္ဂလာသတို့သမီးဝတ်ရုံသည် အဝတ်ဗီရိုထဲတွင် တွဲလဲချိတ်လျက်သား ရှိနေ၏။ ဖိနပ်က ကတ်ဘူးထဲတွင်၊ ရေပါးစက္ကူပင် မဖြေရသေး။ မျက်နှာဖုံးပဝါက မတ်တတ်မီးအုပ်ဆောင်းတွင် အသင့်အနေအထားဖြင့် ရွရွကလေး တင်ထားဆဲ။

မိဘတွေ ဒေါသူပုန်ထနေမည့်အရေးကို ဂျိန်း တွေးမိပါ၏။ သို့သော် သေးအေးသွားသည့်အခါ အသက်ရှူမရသည့် ဘဝထဲတွင် သမီးကလေး ချောင်ပိတ်အမိခံရမည့်အစား မင်္ဂလာဆောင်ကို ဖျက်သိမ်းလိုက်ခြင်းက ပိုအဓိပ္ပာယ် ရှိကြောင်း သူတို့ နားလည်ကြမည်ဟု ယုံကြည်လိုက်သည်။

လေယာဉ်ကွင်းအဆင်း နှစ်တို့ အိမ်ဝင်းတံခါးမှ စာတိုက်ပုံးထဲတွင် စာအိတ်ကို ဝင်ထည့်ထားခဲ့သည်။ အရှေ့ဘာလင်မှ အနောက်ဘာလင်သို့ ကူးဝင်လွတ်မြောက်လာသူတစ်ဦးလို ဂျိန်း လွတ်လပ် ပျော်ရွှင်နေသည်။

တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှ လေယာဉ်ပျံ မစီးဖူးသော ဂျိန်း၊ နယူးယောက်ကို တစ်ခေါက်မျှ မရောက်ဖူးသော ဂျိန်းသည် ဆုံးဖြတ်ချက်က ပြင်းထန်လွန်းနေသဖြင့် ကြောက်ရမှန်း၊ လန့်ရမှန်း လုံးဝ မသိဘဲ အနာဂတ်ထဲသို့ အတင်းတိုးဝင်လျက် ရှိ၏။

ကြိုးမိန့်မှ ကပ်ပြီး လွတ်လာသည့် တရားခံလို ရင်ထဲ လွတ်လပ်ပေါ့ပါးနေ၏။ လပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် အသက်ကို ဝလင်စွာ ရှူနိုင်ခဲ့လေသည်။

မြေပြင်မှ အတက်တွင် ဂျိန်း၏ စိတ်ဓာတ်သည် လေယာဉ်နှင့်အတူ တိမ်တိုက်ထဲသို့ တိုးဝင်လျက်ရှိသည်။ ပျက်ကျမည့်အရေး စိုးစဉ်းမျှ မတွေးမိ၊ ကြောက်စိတ် ဟူသည် မြူမှုန်မျှ မရှိ။

❑

mgyoe.com SAMPLE BOOK

## အခန်း [၈]
## လင်ကီ

လင်ကီဒက်စ်မွန်သည် ၁၉၄၀ ပြည့်နှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ငယ်နာမည် လင်ကွန်းတင်းအက် အဖြစ်ဖြင့် မွေးဖွားသန့်စင်ပြီး ကနက်တီးကတ်ပြည်နယ်၊ ဝက်စ်ပို့တွင် ကြီးပြင်းခဲ့လေသည်။ နာမည်နှင့် လိုက်အောင် ခမ်းနားတင့်တယ် ချစ်စဖွယ် မိန်းကလေးဖြစ်လာ၏။ အဖေက အလွန်အောင်မြင်သည့် ဝိုင်ကုန်သည် ကြီး။ သုံးဆယ့်ရှစ်နှစ်အရွယ်တွင်မှ သမီးဦး မွေးဖွားခဲ့သည့် လင်ကီ့အမေမှာ အဖေလုပ်သူ ပိုင်ဆိုင်သည့် တင်းအက်ဝိုင်လုပ်ငန်းကြီး၏ အစုစပ်လုပ်ငန်းရှင် ဖြစ်သည်။

ဝါရန်တင်းအက်နှင့် ဟယ်လင်တို့ လက်ထပ်ပြီး ဆယ့်သုံးနှစ်ကြာမှ လင်ကီကလေးကို ရခြင်း ဖြစ်၏။ ထို့ကြောင့် လင်ကီသည် သူတို့ဇနီးမောင်နှံ၏ အနာဂတ်။ သူတို့၏ ရတနာ။ ဧရာမဝိုင်လုပ်ငန်းကြီး၏ အမွေခံ။

မိဘနှစ်ပါးက လင်ကီကို ငယ်စဉ်တောင်ကျေး ကလေးအရွယ်မှစပြီး ဝိုင်နှင့် ယဉ်ပါးအောင် သင်ကြားပေးခဲ့သည်။

သမီးကလေးကို ဝိုင်နှင့်ရေ ရောပြီး လက်ဖက်ရည်ဇွန်းဖြင့် တိုက်သည်။ ပြင်သစ်ပြည်ရှိ စပျစ်ခြံကြီးများကို ချစ်ခင်တတ်အောင်လည်း လေ့ကျင့်ပေးသည်။

အမေ တာဝန်ယူရသည့်အပိုင်းက မကြီးကျယ်လှသော်လည်း ဝိုင်ကို

mgyoe.com

mgyoe.com
SAMPLE BOOK

ပုလင်းသွတ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းမှာ နက်နဲကျယ်ဝန်းသည့် ကုန်သွယ်မှုသဘောတရားများ ပါဝင်လေသည်။ အမေက သူ့လုပ်ငန်းများကိုလည်း သမီးကလေးအား နည်းနည်းချင်း မိတ်ဆက်ပေး၏။

"ဝိုင်လုပ်ငန်းအကြောင်းကို သမီး အများကြီး နားလည်ထားဖို့ လိုတယ်။ တစ်နေ့မှာ သမီး လုပ်ငန်းခွင်ကို ဝင်ရမှာလေ" ဟု အမေက ပြောတတ်သည်။

"တင်းအက်သွင်းကုန်လုပ်ငန်းဟာ တစ်နေ့ သမီးပိုင် ဖြစ်လာမှာ။ ဒါကြောင့် လုပ်ငန်းအကြောင်း ဘက်စုံ နားလည်အောင် သမီး လေ့လာထားဖို့ လိုတယ်" ဟု အဖေက စည်းရုံးရင်း သူ့ အလွန်ကျွမ်းကျင်သည့် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုများကို တစ်စ တစ်စ သင်ကြားပေးသည်။

အနားယူချိန်များတွင် သမီးကို ဘယ်သူက ပိုပြီး ဂရုစိုက်ကြောင်း အဖေနှင့် အမေ ဆွတ်ပျံ့ကြည်နူးစဖွယ် ပြိုင်တတ်သည်။

အားကစားဝါသနာအိုး အဖေလုပ်သူက လင်ကီကို မြင်းစီး သင်ပေးသည်။ တင်းနစ်သင်ပေးသည်။ စကိတ်စီး သင်ပေးသည်။ ဘောလုံးပွဲနှင့် အားကစားပြိုင်ပွဲ ပေါင်းစုံကို သမီးနှင့်အတူ ကြည့်သည်။

သင်လိုက်လျှင် ချက်ချင်း တတ်လွယ်သည့် သမီးကို ကြည့်ပြီး အဖေက အားရကျေနပ်စွာဖြင့်–

"အင်း ... သမီးကို ရတဲ့လူတော့ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံး ဖြစ်မှာပဲ" ဟု ပြောတတ်သည်။

သံတမန်တစ်ဦး၏ သမီးဖြစ်သူ မေမေ ဟယ်လင်နီက လုပ်ငန်းပိုင်းဆိုင်ရာ လူမှုရေးလောကထဲသို့ ဝင်ဆံ့အောင် လင်ကီကို ပွဲထုတ်သည်။

"သမီးကို မေမေ သိပ်အားရတာပဲ။ သမီးက လုပ်ငန်းရှင်ကြီးတွေနဲ့လည်း စကားပြောတတ်တယ်။ အလုပ်သမားတွေနဲ့လည်း ရင်းနှီးအောင် နေတတ်တယ်။ ကြယ်လေးပွင့် ဟိုတယ်ကြီးတွေမှာလည်း နေတတ်သလို လမ်းဘေး လက်ဖက်ရည်ဆိုင်မှာ ထိုင်ရမှာလည်း ဝန်မလေးဘူး။ အားလုံးနဲ့ ခွင်ကျအောင် လိုက်လျောညီထွေ နေတတ်ဖို့ဟာ လုပ်ငန်းမှာ အရေးကြီးဆုံးပဲလေ" ဟု ပတ်ဝန်းကျင်မျိုးစုံတွင် အလိုလို ဝင်ဆံ့နေသည့် သမီးကို ကြည့်ပြီး ပြောလေ့ရှိသည်။

သားအမိ သားအဖ သုံးယောက်တို့သည် ချမ်းမြေ့ရိပ်သာ ကမ္ဘာကလေး တစ်ခုကို တည်ဆောက်နေကြခြင်း ဖြစ်လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆွတ်ပျံ့ကြည်မောဖွယ်ရာ ထိုကမ္ဘာကလေးထဲတွင် လင်ကီသည် အကာ အကွယ်မျိုးစုံ ရရှိနေသည့် အညွှန့်အဖူးကလေး ဖြစ်လေသည်။ ထို့ကြောင့်လည်း မကောင်းမှုအန္တရာယ်တို့သည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ရှိလိမ့်မည်ဟု လင်ကီ ယုံကြည်မိခြင်း ဖြစ်၏။

အောဘီစီ တတ်ချိန်မှစပြီး လင်ကီ စာဖတ်ဝါသနာပါခဲ့သည်။ အဖေ့ စာအုပ်စင်မှ စာအုပ်မှန်သမျှ မွှေနှောက်ရှာဖွေပြီး ဖတ်သည်။ ကလေးစာပေမှသည် အပျော်ဖတ်၊ အပျော်ဖတ်မှသည် အာဂါသာ ခရစ္စတီ၏ စာအုပ်များကို ဖတ်နိုင် လာသည်။ လင်ကီ့အတန်းဖော်များက သူ့ကို စာကြမ်းပိုးဟု သရော်တတ်ကြ၏။

"တခြား ကြမ်းပိုးဖြစ်ရတာနဲ့စာရင် စာကြမ်းပိုးဖြစ်ရတာက ပိုကောင်း တာပေါ့" ဟု လင်ကီက ပြန်ဖြေတတ်သည်။

"စာဖတ်တာဟာ လူ့အသိဉာဏ်ကို ဖွံ့ဖြိုးစေတဲ့ နည်းပညာတစ်ခုပဲ။ သမီးမှာ ပါရမီဉာဏ်ခံ ရှိပြီးသား၊ ဦးနှောက်ရှိပြီးသား၊ အဲဒါကို မှန်မှန်ကန်ကန် အသုံးချတတ်ဖို့ အရေးကြီးတယ်" ဟု သွက်သင်ရင်း သမီးကလေး၏ အသိဉာဏ် ဖွံ့ဖြိုးတိုးတက်မှုကို အဖေက မြေတောင်မြှောက်ပေးသည်။

အမေလုပ်သူက အဖေနှင့် တစ်သဘောတည်း အားပေးသည်။ ဟယ်လင်နီ သည် လင်ကီကို မြင်သူ ဗျာပွေလောက်သည့် အလှပိုင်ရှင် မိန်းမချောကလေး တစ်ယောက် ဖြစ်လာလိမ့်မည်ဟုလည်း ယုံကြည်ထား၏။ သည်အကြောင်းကိုလည်း လင်ကီသိအောင် ပြောလေ့ ရှိသည်။

"သမီးရဲ့ မျက်လုံးပြာတွေက မေမေတို့ဘက်ကို တူတာ၊ ရွှေရောင် ဆံပင်တွေကတော့ ဖေဖေတို့ဘက်က ရတာ ဖြစ်မယ်၊ သမီးဟာ မေမေ့သမီး မဟုတ်ရင်လည်း မေမေ ချစ်မိမှာပဲ၊ သမီးလောက်လှတဲ့ မိန်းကလေးကို ဘယ်သူ မချစ်ဘဲ နေနိုင်မှာလဲ။ ဒါပေမဲ့ အလှအပဟာ ဘဝရဲ့ ပဓာနတော့ မဟုတ်ဘူး။ စာရိတ္တကောင်းဖို့နဲ့ အလုပ်ကြိုးစားဖို့ကလည်း စကားပြောသေးတယ်"

မိဘနှစ်ပါးစလုံးက လင်ကီကို အထွတ်အထိပ် ရောက်ရမည်ဟု မျှော်လင့်ထားကြ၏။ ပန်းခင်းလမ်းတွင် ပန်းစရာ၊ လွမ်းစရာ၊ နွမ်းစရာ၊ မောစရာ များနှင့် ကြုံဖို့ အကြောင်းမရှိနိုင် ဟူ၍ ယုံကြည်နေကြ၏။

အထက်တန်းရောက်တော့ လင်ကီ၏ အောင်မြင်မှုများသည် အဝတ်ဗီရို ထဲက အနွေးထည်တွေနှင့်အပြိုင် မရေမတွက်နိုင်အောင် ဖြစ်လာသည်။ နှစ်စဉ်ထုတ် ကျောင်းမဂ္ဂဇင်းများတွင် တာဝန်ခံ အယ်ဒီတာ၊ မိန်းကလေး တင်းနစ်အသင်းတွင်

mgyoe.com

mgyoe.com SAMPLE BOOK

ကပွတိန် စသည် စသည်။ ကျောင်းစာတွင် ကြည့်မလား၊ အမှတ်တွေက ဘာသာတိုင်းတွင် ထိပ်ဆုံးကချည်း။ သည်အောင်မြင်မှုများအတွက် ကားမောင်း လိုင်စင်ရသည့် အရွယ်ရောက်သောနေ့တွင် အဖေနှင့် အမေက ကျားသစ်တံဆိပ် ပယင်းစိမ်းရောင် ကားကလေးတစ်စင်း ဝယ်ပြီး ဆုချသည်။

လင်ကီက အထက်တန်းကျောင်းသူဘဝ အောင်မြင်မှုများကို ဝက်စလေ ကောလိပ်သို့တိုင် ဆက်လက် သယ်ပိုးလာခဲ့၏။

ဘာသာတိုင်းတွင် ဂုဏ်ထူးထွက်သည်။ တင်းနစ်စံချိန်ကို ဆယ်နှစ်တာ ကျောင်းသမိုင်း၏ ဒုတိယအကောင်းဆုံးနေရာတွင် တင်နိုင်ခဲ့သည်။ ကျောင်းမှ ထုတ်ဝေသည့် နေ့စဉ်သတင်းစာတွင် အယ်ဒီတာလုပ်သည်။ သို့သော် ချစ်ရေး ချစ်ရာတွင်တော့ လင်ကီ ကံခေရှာသည်။

လင်ကီက ရွယ်တူတန်းတူများကို စိတ်မဝင်စား။ ကိုယ့်ထက် ကြီးသူ များကို မျက်စိကျသည်။ တက္ကသိုလ်ရောက်စနှစ်များတွင် ဆေးကျောင်းမှ ဆရာဝန် တစ်ယောက်နှင့် တွဲဖြစ်သည်။ သူ့နာမည်က ဖီးလစ်အက်။ ချစ်သူက လင်ကီကို ဝက်စလေ ကောလိပ်မှထွက်ပြီး ချီကာဂိုကို လိုက်ဖို့ ခေါ်သည်။ ပထမဆုံးအကြိမ် အဖြစ် အချစ်နှင့် အောင်မြင်မှု ထိပ်တိုက်တွေ့ဆုံရခြင်း။

"တစ်နှစ်ပဲ လိုတော့တာပဲ၊ ဘွဲ့ရအောင်တော့ နေရမှာပေါ့" ဟု ချစ်သူ ကို အယူခံဝင်သည်။

ဖီးလစ်က ဖွတ်စည်းရုံးသည်။

"မင်း ကိုယ့်ကို ချစ်တာလား၊ ဘွဲ့ကို ချစ်တာလား၊ ကိုယ့်ကို ချစ်တယ်ဆိုရင် လက်ထပ်ပြီး ကိုယ့်နောက် လိုက်ခဲ့ပေါ့"

"မောင့်ကို ချစ်ပါတယ်၊ ချီကာဂိုကို လိုက်ပြီး ကျွန်မက ဘာလုပ်ရ မှာလဲ"

"တခြား အိမ်ရှင်မတွေလို ဈေးဝယ်ထွက်ပေါ့၊ အိမ်ထောင်ထိန်းပေါ့၊ စုပြီး အတင်းပြောပေါ့"

"ဈေးဝယ်တာ လင်ကီ ဝါသနာ မပါဘူး၊ ပြီးတော့ အိမ်အလုပ်ကို လင်ကီ စိတ်မဝင်စားဘူး၊ အတင်းလည်ပြောတတ်တဲ့ ဟာမျိုးလည်း မဟုတ် ဘူး၊ မောင် ကျွန်မအကြောင်း အဲဒီလောက်တော့ သိဖို့ ကောင်းတာပေါ့ကွယ်"

ဖီးလစ်က ပခုံးတွန့်ပြီး-

"မင်းသဘောပဲလေ၊ မင်းက ကိုယ်နဲ့ လက်မတွဲနိုင်ဘူး ဆိုရင်လည်း

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ယောက် ထပ်ရှာရုံပေါ့"

"သြော် ... ကျွန်မနေရာကို မောင်က အဲဒီလောက် လွယ်လွယ်ကလေး အစားထိုးနိုင်တယ်ပေါ့၊ ဟုတ်လား"

"ကိုယ် မိန်းမယူဖို့ လိုပြီလေ"

ဤတွင်မှ ဖီးလစ်၏ ချစ်အဘိဓမ္မာကို လင်ကီ နားလည်ရလေသည်။ တစ်ပြိုင်တည်းတွင် ဇာတ်လမ်းလည်း တိခနဲ နိဂုံးတံသွားတော့၏။

နောက်ဆုံးနှစ်ရောက်တော့ မိန်းမနှင့် ကွဲနေသော သူ့ထက် ဆယ့်ငါးနှစ် ကြီးသည့် ပါမောက္ခရော်နယ်တင်ကာနှင့် ငြိတွယ်ပြန်သည်။ ရော်နယ်က ခရစ္စတိုဖာမာလိုနှင့် ရိုက်စပီးယား အတ္ထုပ္ပတ္တိများ ရေးခဲ့သည့် စာပေပညာရှင် တစ်ဦး ဖြစ်သည်။

လူက လူချော၊ ထက်လည်းထက်သည်။ ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင် ပုံစံမျိုး။ လင်ကီက အချစ်တွေ့ပြီဟု ယုံကြည်လိုက်၏။ တစ်ခန်းတည်းနေ သူငယ်ချင်းက လင်ကီကို ဖျက်သည်။

"အဲဒီဆရာက ကျောင်းသူ ချောချောကလေးတွေကို ထည်လဲ တွဲနေတာ နင် မကြားဘူးလား၊ ငါ့အစ်မတစ်ယောက်တောင် ခံလိုက်ရတာလေ"

"ဒါဆို ငါက အများထဲက တစ်ယောက် ဖြစ်နေတယ်လို့ နင် ဆိုလို တာလား"

ဘယ်တုန်းကမှ အများထဲက တစ်ယောက် ဘဝမျိုး မရောက်ခဲ့ဖူးသည့် လင်ကီက သူငယ်ချင်းကို ပြန်မေးသည်။

"သိပ်သေချာတာပေါ့"

သည်အကြောင်း ဖွင့်မေးတော့ ရော်နယ်က-

"အဲဒါ ဆန်းသလားကွယ်၊ နှစ်တိုင်း ကောက်သစ်ပေါ်နေတာပဲ" တဲ့။

"ဒါဖြင့် ဆရာ ကျွန်မကို ချစ်လို့တွဲတာ မဟုတ်ဘူးပေါ့"

"အို...ချစ်တာပေါ့ မိန်းကလေးရဲ့၊ အခု မင်းကို ဆရာ ချစ်တယ်လေ"

ဆရာက စွဲမက်စရာအပြုံးဖြင့် ဖြေသည်။ သူ့အသံကိုက တိမ်းညွတ် ချင်စရာ။

"အခု ဟုတ်လား၊ ကျောင်းပိတ်တာနဲ့ လင်ကီနဲ့ ဇာတ်လမ်းတစ်ပုဒ် ဆုံးပြီပေါ့၊ ဟုတ်လား ဆရာ"

"ပစ္စုပ္ပန်မှာ ပျော်ပျော်နေကြရအောင်ကွာ"

လင်ကီ ခေါင်းယမ်းသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်မ အဲဒီလို မိန်းကလေး မဟုတ်ဘူး ဆရာ"

ထိုနေ့ တွေ့ဖို့ ချိန်းထားသည့် အစီအစဉ်ကို ဖျက်လိုက်သည်။

မိမိ အချစ်ဇာတ်လမ်းများ ဘာကြောင့် မလှမပ ဖြစ်နေပါလိမ့်ဟု လင်ကီ နားမလည်နိုင်အောင် ဖြစ်နေ၏။

ဖီးလစ်အကြောင်း ပြန်စဉ်းစားသည်။ သူက အပေါ်စီး ဆန်လွန်းပြီး မိမိက ခေါင်းမာခဲ့ခြင်းလား။ မိန်းမရှုပ်သူ ရော်နယ်တင်ကန်နှင့်ကျတော့ မာန တင်းခဲ့မိခြင်းလား။ နောက်ဆုံး ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်ပုံချလိုက်တော့သည်။ အမေက အားပေးရှာ၏။

"သမီးက အများနဲ့ တူတဲ့ မိန်းကလေးမှ မဟုတ်တာ။ တစ်နေ့မှာ သမီးလိုပဲ ထူးခြားတဲ့ လူငယ်တစ်ယောက်ယောက်နဲ့ တွေ့မှာပါကွယ်" တဲ့။

"အဲဒီလို ဖြစ်လာပါစေလို့ ဆုတောင်းရမှာပဲ မေမေ၊ သမီးရဲ့ အိမ်ထောင်ရေးဟာ မေမေတို့လို အိမ်ထောင်ရေးမျိုးပဲ ဖြစ်ချင်တယ်"

"ဖြစ်လာမှာပါ သမီးရယ်၊ သမီး စိတ်ရှည်ရှည်သာ စောင့်နော်" ဟု မေမေ ဟယ်လင်နီက အားပေးလေသည်။

တက္ကသိုလ်နောက်ဆုံးနှစ်တွင် အတွဲမရှိတော့ဘဲ ယောက်ျားလေးတွေနှင့် ခပ်ကင်းကင်းနေသည်။ သူငယ်ချင်းတွေက ချစ်သူ ကိုယ်စီနှင့်။ ယေးတို့၊ ဟားဗတ်တို့မှ သူတို့ ငနဲသားများအတွက် ခြေအိတ်ထိုးနေကြချိန်တွင် လင်ကီ က စာတွေ တွန်းဖတ်နေ၏။

အင်နာကာရနီနာကို ဖတ်ပြီး ငိုသည်။ မဒမ်ဗိုဗာရီကို ဖတ်ပြီး မျက်ရည်ကျသည်။ ဂျွန်အပ္ပဒိုက်၏ မော်ဒန်စာတွေဖတ်ရင်း စိတ်ကူးထဲတွင် စာရေးဆရာနှင့်တွဲပြီး လမ်းလျှောက်သည်။ ကားပက်ဘက်ဂါကို ဖတ်ပြီး ဟာရီး ရော်ဘင်နှင့်အတူ ငါးဥကြော်ကို မြည်းလျက် ရှန်ပိန်သောက်သည်။ 'အာဖရိကမှ သည်'ကို ဖတ်ပြီး မြို့စား ကတော်ကလေး ဘီဆင်နှင့် လက်ဖက်ရည် သောက်ရင်း ငိုအွန်တောင်တန်းများကို ဘန်ဂလိုဝရန်တာမှ ငေးကြည့်သည်။

"သမီး ဝတ္ထုစာအုပ်တွေက အဆွေးထည်တွေထက်တောင် များနေပြီ" ဟု အဖေ့ကို ရယ်ရယ်မောမော ပြောမိ၏။ အဆွေးထည်စုဆောင်းခြင်းနှင့် စာအုပ်ရူးခြင်းအတွက် ကိုယ့်ကိုယ်ကိုယ် ပြန်သရော်ခြင်း ဖြစ်သည်။

"သမီးဘဝမှာ အတွဲပဲ လိုတော့တယ် ဖေဖေရဲ့၊ အတွဲရှိရင် ဘာမှ

mgyoe.com

mgyoe.com SAMPLE BOOK

မလိုတော့အောင် ပြည့်စုံပြီ''

၁၉၆၀ ပြည့်လွန်နှစ်များက မိန်းကလေးများ၏ ပုံစံအတိုင်း လင်ကီသည် အိမ်ထောင်ပြုချင်၏။ သားသမီးတွေ ပွားစီးချင်၏။ အဖေနှင့်အမေ ပုံသွင်းထားသည့်အတိုင်း အလုပ်ခွင်ကိုလည်း ဝင်ချင်၏။ အဖေနှင့်အမေတို့၏ လုပ်ငန်းကို မဟာလုပ်ငန်းကြီးတစ်ခု ဖြစ်လာအောင် ဝင်ကူချင်၏။

''ကျောင်းပြီးတာနဲ့ သမီး အလုပ်ဝင်ရမယ်။ ပထမ ရုံးမှာ အရင်ဝင်၊ ရုံးလုပ်ငန်းကို နားလည်ဖို့ အရေးကြီးတယ်'' ဟု အဖေက ပုံစံချပေးသည်။

ယင်းအတွက် ကြိုတင် ပြင်ဆင်သည့် အနေဖြင့် နောက်ဆုံးနှစ် တက်နေစဉ် လင်ကီ လက်နှိပ်စက် သင်ထားလိုက်သည်။

၁၉၆၁ ခုနှစ် အလုပ်သမားနေ့ ရုံးပိတ်ရက်များတွင် သားအမိ သားအဖ သုံးယောက် နန်တူကက်သို့ ခရီးထွက်ခဲ့ကြ၏။ 'ဆင်ဖြူ' တည်းခိုခန်းတွင် တည်းကြသည်။ အင်္ဂါနေ့တွင် လေယာဉ်ကလေးတစ်စီး ငှားပြီး အဖေနှင့်အမေ အိုဒယ်ဟိုင်းလ်သို့ သွားမည်။ ထိုမှတစ်ဆင့် ပြင်သစ်လေကြောင်းဖြင့် နှစ်စဉ် သွားနေကျ ပါရီခရီးစဉ်ကို ဆက်မည်။

ဝါရန်တင်းအက်နှင့် ဟယ်လင်နီတို့သည် စပျစ်တင်သွင်းမှု လုပ်ငန်းအတွက် ပြင်သစ်စပျစ်ခြံကြီးများသို့ နှစ်စဉ် သွားလေ့ ရှိသည်။ နှစ်တိုင်းလိုလို လင်ကီ ပါနေကျ။ သည်နှစ် အလုပ်ဝင်ရတော့မည်မို့ လင်ကီ နေခဲ့ခြင်း ဖြစ်၏။ နန်တူကက်တွင် တစ်ပတ် ဆက်နေပြီး လင်ကီက အိမ်ပြန်မည်။

လင်မယားနှစ်ယောက် စိတ်လက်ပေါ့ပါးစွာဖြင့် ခရီးထွက်သွားကြခြင်း ဖြစ်၏။ သည်ခရီးမှာ သူတို့၏ နောက်ဆုံးခရီး ဖြစ်လေသည်။

ဆင်ဖြူတည်းခိုခန်းပိုင်ရှင် ရော်ဘင်ရော်ဂျာက လင်ကီ့ကို သူ့ရုံးခန်းထဲ ခေါ်ပြီး အဖြစ်အပျက်ကို ပြောပြသည်။ စင်းလုံးငှား လေယာဉ်ကလေး ပျက်ကျသွားသည်တဲ့။ လေယာဉ်ပေါ်တွင် ပါသွားသည့် လူလေးဦးစလုံး သေဆုံးသွားပြီတဲ့။

''ဦး စိတ်မကောင်းပါဘူး သမီး၊ တစ်ယောက်မှ အသက်မရှင်ကြဘူး တဲ့ကွယ်''

''ပျက်ကျတယ် ဟုတ်လား၊ ဘာလို့ ပျက်ကျတာလဲဟင်''

''အင်ဂျင်စက် ချို့ယွင်းမှုတဲ့ သမီးရယ်''

အင်ဂျင်စက် ချို့ယွင်းမှု၊ သည်စကားလုံးများသည် လင်ကီ့နားထဲတွင်

mgyoe.com

mgyoe.com
SAMPLE BOOK

မိုးကြိုးပစ်သလို ပြည်ဟိန်းပဲ့တင်သွားလေသည်။

လင်ကီသည် ငိုလေ့ရှိသည့် မိန်းကလေး မဟုတ်ပေ။ သူ့ကိုယ်သူ ငိုမှန်း မသိဘဲ ရှိုက်နေ၏။ အလွန်စိတ်ထိန်းနိုင်သည့် မိန်းကလေးသည် ဆောက်တည်ရာမရ တုန်လှုပ်ချောက်ချားလျက် ရှိသည်။

သည်လို ဖြစ်ရသည်မှာ မိမိကြောင့်ဟု တွေးပြီး ယူကျုံးမရ ဖြစ်နေရှာသည်။ မိမိလိုက်လျှင် လေယာဉ်ငယ်ကလေးကို ငှားဖြစ်မည် မဟုတ်ပေ။ ခရီးသည်တင် လေယာဉ်ကြီးများနှင့် သွားနေကျ။ သည်လို လေကြောင်းဖြင့် သွားလျှင် ပျက်ကျမည် မဟုတ်။ ထို့ကြောင့် အဖေနှင့်အမေ သေရခြင်းမှာ လင်ကီကြောင့်။

"ကျွန်မ ထိန်းနိုင်ပါတယ်။ လောလောဆယ် ကျွန်မ တစ်ယောက်တည်း နေပါရစေ" ဟု မန်နေဂျာကို ပြောပြီး အခန်းကို ပြန်လာခဲ့၏။

ကြားရသည့်သတင်းကို မယုံနိုင်ဖြစ်နေသည်။ အိမ်ကို သယ်ပြန်ဖို့ အဖေနှင့်အမေတို့၏ အိတ်နှစ်လုံး ချန်ထားခဲ့သည်။ လင်ကီ ဖွင့်ကြည့်သည်။ အမေ့ ရေမွှေးပုလင်းကို ကိုင်ပြီး လက်ကောက်ဝတ်ကို ဆွတ်ကြည့်သည်။ ပြီးတော့ အဖေ့ဆွယ်တာအဟောင်းကြီးကို ယူဝတ်လိုက်သည်။ အဖေနှင့်အမေ၏ ရင်ခွင်ထဲသို့ ဝင်လှဲလိုက်ရသလို ခံစားလိုက်ရ၏။ သို့သော် မန်နေဂျာ ရော်ဘင်ရော်ဂျာ ပြောလိုက်သည့် စကားလုံးများက နားထဲတွင် ဆူညံလာပြန်သည်။

အဖေ့အိတ်ထဲတွင် အိပ်ဆေးပုလင်းကလေး တစ်လုံး သွားတွေ့သည်။ ပုလင်းထဲတွင် ရှိသမျှ ဆေးလုံးတွေကို မှောက်ချပစ်လိုက်သည်။ ပြီးတော့ အိပ်ရာတွင် လှဲချလိုက်၏။ အဖေနှင့် အမေနောက်သို့ လိုက်ဖို့ကလွဲပြီး လင်ကီ ဘာမှ တွေးမနေတော့။

နန်တူကက် ဆေးရုံကလေးတွင် လင်ကီ သတိရလာတော့ ခုတင်နံဘေးတွင် အယ်လ်ဗင်ဟေးကို တွေ့ရ၏။ တင်းအက်ဝိုင်လုပ်ငန်းကြီး၏ လက်စွဲတော် ရှေ့နေကြီးသည် အဖေနှင့်အမေ မရှိတော့ အလိုအလျောက် လင်ကီ၏ အုပ်ထိန်းသူ ဖြစ်လာ၏။ ကရုဏာဒေါသဖြင့် လင်ကီကို ဆူသည်။

"မိုက်လှချည်လား သမီးရယ်၊ ကံကြီးပေလို့ပေါ့၊ မန်နေဂျာ ရော်ဘင်ရော်ဂျာက သမီး ညစာစားချိန် ဆင်းမလာလို့ သမီး အခန်းကို တက်ကြည့်တာ၊ သူ့ ချက်ချင်း ဆေးရုံပို့ဖြစ်လို့ သမီး မသေတာ၊ ဆရာဝန်တွေက သမီး ဗိုက်ထဲက ဟာတွေအားလုံး စုပ်ထုတ်လိုက်ပြီးပြီ"

"ဒါကြောင့် လည်ချောင်းတွေ တအားနာနေတာ ထင်တယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"ဒါပေါ့၊ သမီး နေကောင်းသွားမှာပါ။ ဒါပေမဲ့ ဦးကို ကတိပေးရမယ်၊ သမီး နောက်ထပ် မမိုက်ရဘူး။ အဖေနဲ့အမေရှိရင် သမီး လုပ်တာကို သူတို့က ဘာပြောမလဲ၊ သမီးကို တာဝန်မဲ့လုပ်တယ်လို့ ပြောကြမှာပေါ့။ သူတို့ မျက်နှာ ပျက်အောင် လုပ်တယ် ပြောကြမှာပေါ့"

"ဟုတ်တယ် ဦး၊ အဖေနဲ့အမေရှိရင် အရမ်းစိတ်မကောင်းဖြစ်ကြမှာ"

ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းဖို့၊ စိတ်ငြိမ်ဖို့ အမြဲတမ်း သွန်သင်လေ့ ရှိသည့် မိဘနှစ်ပါး၏ စကားလုံးများကို လင်ကီ ကြားယောင်လျက် ရှိသည်။

"ဒါဆို သမီး နောက် ဒါမျိုး မလုပ်နဲ့တော့နော်"

"ဟုတ်ကဲ့ပါ ဦး"

"ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ့မယ်လို့ ဦးကို ကတိပေးရမယ်"

"ပေးပါတယ် ဦး"

ဘာလို့ ဘဝကို အရှုံးပေးရမှာလဲဟု ကိုယ့်ကိုယ်ကိုယ် သတိပေးရင်း အားတင်းလိုက်၏။ လူတွေရှေ့တွင် မျက်ရည်မကျအောင် ထိန်းဖို့လည်း ဆုံးဖြတ် လိုက်၏။ အဖေနှင့်အမေ ဂုဏ်ယူရမည့် သမီးဖြစ်အောင် ကြိုးစားမည်။ ထို့ကြောင့် အယ်လ်ဗင်ပေးကို မိမိအတွက် စိတ်မပူဖို့ အလေးအနက် ထပ်ပြောလိုက် သည်။

အဖေနှင့်အမေ၏ အသုဘကို လင်ကီသည် တည်ငြိမ်စွာ ပို့ဆောင် သင်္ဂြိုဟ်နိုင်ခဲ့သည်။ သည်အဖြစ်ဆိုးကြီးနှင့် လင်ကီ ကြုံတွေ့ရရ ရင်ဆိုင်သွားခဲ့ပုံကို ဆွေမျိုးအားလုံး အံ့သြမဆုံး ပြောမဆုံး ဖြစ်နေကြ၏။

"ညီမလေးက တကယ့်ကို လူလားမြောက်နေပြီပဲ"

အဖေ့ဘက်မှ တော်သည့် အစ်မဝမ်းကွဲ မာသာရဲလစ်က ချီးကျူးသည်။ မာသာမှာ အသက် သုံးဆယ့်ငါးနှစ်အရွယ်ရှိပြီး လင်ကီနှင့် အရွယ် အနီးစပ်ဆုံး ဝမ်းကွဲ ဖြစ်၏။ ယူတားပြည်နယ်မှ တကူးတက လာရောက်ခြင်း ဖြစ်သည်။

"သမီးအဖေနဲ့အမေက သမီး ခုလို တည်တည်ငြိမ်ငြိမ်ရှိပုံကို ဂုဏ်ယူ ကြမှာပါ"

အဖေ့အဖေ ဘိုးဘိုးက မှတ်ချက်ချသည်။ လင်ကီတွင် အခြား အဘိုး၊ အဘွားများ မရှိကြတော့။ အဘိုးက အသက်ရှစ်ဆယ်နား ကပ်နေပြီ။ မြေးကလေးကို ကြည့်ပြီး ကျေနပ်နေ၏။

"လင်ကီက ဟယ်လင်နီအတိုင်းပဲ။ လူမှုဆက်ဆံရေးမှာ သိပ်ညက်တယ်၊

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ဘာဝသူ ကောင်းကောင်း ထိန်းနိုင်မှာပါ" ဟု အမေ့ညီမ ရီစီတာက ချီးမွမ်းပြီး အတွဲလန်တာတွင် သူတို့မိသားစုနှင့်အတူ လာနေဖို့ ပြောသည်။

သို့သော် လင်ကီက ယဉ်ကျေးစွာ ငြင်းလိုက်သည့်အခါတွင် ရီစီတာ ရင်ထဲ ပေါ့သွားပုံရ၏။

အန်တာဝါ ဥပဒေ လုပ်ငန်းကြီးတစ်ခုမှတစ်ဆင့် ကနေဒါ အရက် ကုမ္ပဏီကြီးတစ်ခုက တင်းအက်ပိုင်လုပ်ငန်းကို ဝယ်ဖို့ ကမ်းလှမ်းလာသည်။ သည်လုပ်ငန်းကြီးကို ဦးစီးဖို့ လင်ကီ ငယ်လွန်းသေးသည်ဟု အယ်လ်ဖင်က သဘောတူသည်။ လုပ်ငန်းပေါ်တွင် အာရုံဝင်စားနိုင်ပါ့မလားဟုလည်း သံသယ ရှိသည်။

ထို့ကြောင့် ရှေ့နေကြီးက လင်ကီ၏ တရားဝင် အုပ်ထိန်းသူအဖြစ် ဆက်လက်တာဝန်ယူပြီး ကုမ္ပဏီကို ရောင်းလိုက်ဖို့ တိုက်တွန်းသည်။ လိမ္မာ ပါးနပ်စွာဖြင့် ရှေ့နေပညာကို သုံးတတ်သူ ဖြစ်သည်။ တန်ရာတန်ကြေးထက် အပုံကြီး ပို၍ ရလိုက်၏။

ထို့ကြောင့် လင်ကီသည် ငွေတွေအများကြီး ရလိုက်ပြီး နားခိုရာ မရှိ တော့ဘဲ ယောင်လည်လည် ဖြစ်ကျန်ရစ်၏။

အဖေနှင့်အမေ ရုတ်ခြည်း သေဆုံးသွားတော့ ချမှတ်ထားသည့် အနာဂတ် လည်း ဗြုန်းစားကြီး ပျောက်ကွယ်သွားလေသည်။ မိသားစုဖန်တီးထားသည့် ထူးထူးခြားခြား ကမ္ဘာလေး ပျက်စီးသွားခြင်းပင်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း [၉]
## လင်ကီ

၁၉၆၁ ခုနှစ်တွင် မင်ဟက်တန်သို့ လင်ကီ ပြောင်းလာခဲ့သည်။ စာအုပ် နှစ်အုပ် ဝက်ဝက်ကွဲအောင် စွံသွားသည့်ကာလ ဖြစ်၏။ တစ်အုပ်က ဂျိုးဇက်ဟယ်လာ ၏ ဒုတိယကမ္ဘာစစ်နောက်ခံ ဟာသဝတ္ထု၊ နောက်တစ်အုပ်က ဂျေဒီဆလင်ဂျာ ၏ စိတ်နယ်လွန်ဝတ္ထု။

ဒုတိယဝတ္ထုမှာ ခြောက်ဆယ်ပြည့်နှစ်များက အမေရိကန်တွင် အလွန် ခေတ်စားသည့် အရှေ့တိုင်း စိတ်နယ်လွန် ဖြစ်ရပ်ဆန်းများကို နောက်ခံထားသည့် ဝတ္ထု ဖြစ်သည်။ ပေါက်သွားသည့် ဟာသဝတ္ထုမှာ အမေရိကန်စစ်တပ် အုပ်ချုပ်ရေးပိုင်းကို သရော်သည့်ဝတ္ထု ဖြစ်သည်။ ဆယ်နှစ်လောက် ရောင်းစွံ နေမည့် စာအုပ်မျိုး။

မိသားစုပိုင် ဝက်စ်ပို့အိမ်ကြီးမှာ လင်ကီတစ်ယောက်တည်းအတွက် ကြီးမားလွန်းနေသည်။ ပြီးတော့ သတိရစရာတွေ အပြည့်။ ထို့ကြောင့် နယူးယောက်ကို ပြောင်းနေဖို့ ဆုံးဖြတ်လိုက်ခြင်းဖြစ်၏။ မင်ဟက်တန်လို စည်ကားသည့် ရပ်ကွက်မှာ လူတွေထဲတွင် ရောနှောမျောပါနေလိုက်မည်။

အိမ်ကြီးကို ရောင်းဖို့ ရှေ့နေကြီးအား လွှဲအပ်ပြီး နယူးယောက်မြို့၊ မင်ဟက်တန်ရပ်ကွက်တွင် တိုက်ခန်းတစ်ခန်း ဝယ်လိုက်သည်။ စာအုပ်တိုက်များတွင် စာရင်းဖွင့်ပြီး စာအုပ်ဝယ်ဖတ်ရင်း ထုတ်ဝေရေးလောကကို ဝင်ဖို့

mgyoe.com

mgyoe.com SAMPLE BOOK

ဆုံးဖြတ်လိုက်၏။

"သမီးက စာဖတ်ချင်တယ်လေ၊ စာလည်း ဖတ်ရမယ်၊ ပိုက်ဆံလည်း ရမယ်ဆိုရင် အဲဒီ အလုပ်ဟာ သမီးနဲ့ အလိုက်ဆုံးပေါ့"

ဟု အယ်လ်ဗင်အား ပြောပြသည်။

အလုပ်တစ်ခုခုကို ဝင်လိုက်ခြင်းအားဖြင့် စိတ်လည်း ငြိမ်တန်ကောင်းရဲ့ဟု လင်ကီ မျှော်လင့်သည်။ အလုပ်ကို မနားမနေ လုပ်ခြင်းအားဖြင့် အခက်အခဲတွေ၊ ပြဿနာတွေကို ကျော်လွှန်နိုင်သည်ဟူသည့် အယူအဆကို မိဘနှစ်ပါးထံမှ လင်ကီ အမွေရထားခြင်း ဖြစ်၏။

အဖေနှင့်အမေအတွက် ခံစားနေရသည့် ဝေဒနာကို အလုပ်နှင့် ကုစားခြင်းက အကောင်းဆုံး မဟုတ်လား။ ဘဝကို မတ်မတ်လျှောက်နိုင်ပြီ၊ ကိုယ့်ကိုယ်ကိုယ် အခိုင်အမာ ထိန်းနိုင်ပြီဟု လင်ကီ ယုံကြည်လိုက်၏။

သတင်းစာတွင် ပါသမျှ အလုပ်ခေါ် ကြော်ငြာတွေကို စိတ်ပါလက်ပါ မရှိလှဘဲ ဝတ်ကျေတမ်းကျေ လျှောက်လွှာတင်သည်။ 'အမျိုးသမီးလောက' မဂ္ဂဇင်းမှ လူတွေ့စစ်ဆေးဖို့ ခေါ်သည်။ 'အမျိုးသမီးလောက' မှာ 'မေ့ဂေဟာ' မဂ္ဂဇင်းနှင့် တွဲလျက်ဖြစ်ပြီး အိမ်အလှဆင်နည်း၊ ချက်နည်းပြုတ်နည်းကဏ္ဍတို့ ပါဝင်သည့် နာမည်ရ မဂ္ဂဇင်းတစ်စောင် ဖြစ်၏။

ရသစုံ ပါဝင်ပြီး အရှိန်ဩဇာ အကြီးဆုံး မဂ္ဂဇင်းတစ်စောင်ဖြစ်၍ ရရာ အလုပ်လုပ်ဖို့ လင်ကီ လျှောက်လိုက်ခြင်း ဖြစ်၏။ ဖြန့်ချိရသည့် စောင်ရေက သန်းကျော်၊ ကြော်ငြာခနှင့် ထိုင်စားနိုင်သည့် မဂ္ဂဇင်းမျိုး။ စာဖတ်ပရိသတ်က လူတန်းစားပေါင်းစုံ။

"အယ်ဒီတာအဖွဲ့မှာတော့ အတွင်းရေးမှူးတစ်ယောက် လိုနေတယ်"

ဟု ဒါရိုက်တာအဖွဲ့ဝင်တစ်ယောက်က လင်ကီ၏ ကျောင်းထွက်လက်မှတ်မှ ဘာသာတိုင်း ဂုဏ်ထူးထွက်သည့် အမှတ်တွေနှင့် ကျောင်းမဂ္ဂဇင်းတွင် အယ်ဒီတာ လုပ်ခဲ့သည့် ထောက်ခံစာတို့ကို မသိကျိုးကျွန်ပြုပြီး ပြောသည်။

"မင်းလက်နှိပ်စက် ရိုက်တတ်သလား"

"ဟုတ်ကဲ့"

လင်ကီ ရိုက်ပြရသည်။ စံချိန်က တစ်မိနစ်မှာ လုံးရေ ငါးဆယ့်ငါး။

စက်တင်ဘာလ ဒုတိယပတ်တွင် လင်ကီ အလုပ်ဝင်သည်။ သူနှင့် တွဲရမည့် အယ်ဒီတာဆရာက ချာလီလင့်။ ဆံပင်တွေရော မုတ်ဆိတ်တွေပါ ဖြူဖွေးနေပြီ။ မျက်လုံးပြာများကမူ အရောင်တဖျပ်ဖျပ်။ ခရစ္စမတ်ဘိုးဘိုးလို

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်စရာကောင်းမည့်လူကြီးဟု လင်ကီ အကဲခတ်လိုက်၏။

အင်း… မိတ်ဆွေကောင်းတစ်ယောက်တော့ ရပြီထင်ရဲ့။ အဖေ့လို အားကိုးလို့ ရနိုင်သည့် လူစားမျိုးဆိုလျှင် ဘယ်လောက် ကောင်းမလဲနော်။

ချာလီသည် အသက်ငါးဆယ်ကျော်ခဲ့ပြီဖြစ်သော်လည်း သားသမီး မရခဲ့။ ဘဝကို အယ်ဒီတာလောကတွင် မြှုပ်နှံထားခဲ့၏။ 'အမျိုးသမီး' တွင် အယ်ဒီတာ လုပ်သက် နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီး ဒါဘယ်လ်ဒေးစာအုပ်တိုက်တွင် စာတော်ဖတ် ဘဝမှ တစ်ဆင့် အယ်ဒီတာ ဖြစ်ခဲ့ပြီးမှ 'အမျိုးသမီး' ကို ပြောင်းလာခြင်း ဖြစ်၏။ ဒါဘယ်လ်ဒေးတွင် ထုတ်လုပ်မှုဌာနမှ အတွင်းရေးမှူး အမျိုးသမီးနှင့် အိမ်ထောင် ကျခဲ့သည်။ အမျိုးသမီးက ယခုထိ ဒါဘယ်လ်ဒေးတွင် အလုပ်လုပ်နေဆဲ ဖြစ်သည်။

ချာလီက ဝတ္ထုကောင်းတွေ ရှာဖွေရာတွင် အလွန်တော်သည့် စာအုပ် မှုဆိုး ဖြစ်သည်။ 'အမျိုးသမီးလောက' တိုးတက်လာခြင်းမှာ ဝတ္ထုကောင်းတွေ ကို အနှစ်ချုပ် ထည့်သွင်းသည့် ကဏ္ဍကြောင့် ဖြစ်သည်။

လင်ကီ အလုပ်ဝင်သည့်အချိန်တွင်တော့ ချာလီတစ်ယောက် ရေစုန်မျှောစ ပြုနေပြီ။ တည်ဆောက်မွေးမြူခဲ့သည့် စာတည်းပညာရပ်ကို သုံးပြီး ငြိမ့်ငြိမ့်ကလေး ကိုယ်ဖော့ မျောပါနေခြင်းမျိုး။

"ကိုယ် ခု သိပ်မဖတ်တော့ဘူး၊ ထုတ်ဝေသူ မဂ္ဂဇင်းမှာပါတဲ့ စာအုပ် အညွှန်းတွေကြည့်ပြီး ကိုယ်တို့မဂ္ဂဇင်းပရိသတ် ကြိုက်မယ့်ဝတ္ထုမျိုး ရွေးလိုက် တာပဲ" ဟု ချာလီက ဝန်ခံသည်။

ချာလီလင့်သည် ယမကာကလေး တမြမြနှင့် ရှည်ကြာသော နေ့လယ်စာ ကို ဇိမ်ဆွဲစားတတ်ခြင်းအတွက်လည်း နာမည်ကြီးသူဖြစ်သည်။ နေ့လယ်စာကို မာတီနီနှစ်ခွက်၊ ပိုင်ဖြူပုလင်းဝက်လောက်နှင့် မျှောချမှ မျိုကျသူ ဖြစ်၏။ အောင်မြင်မှု အထိမ်းအမှတ်တစ်ခုခု ရှိလျှင်တော့ အစာပိတ်ကော်ဖီထဲကို ဘရန်ဒီ ထပ်ထည့် သေးသည်။

"မနေ့က ညနေပိုင်းမှာ သူ မူးနေတယ်ထင်တယ် မမ" ဟု လင်ကီက ပျိုမေတို့အလှကဏ္ဍ အယ်ဒီတာ ကော်ရယ်ဝင်စတိန်ကို ပြောပြတော့ မမ ကော်ရယ်လ်က-

"သူ မူးတာများကွယ်၊ အဆန်းလုပ်လို့" ဟု ပြန်ပြောသည်။

တဖြည်းဖြည်းမှ လင်ကီ နားလည်လာသည်။ မနက်ပိုင်းက ချာလီလင့် နှင့် နေ့လယ်စာ စားပြီး ပြန်ရောက်လာသည့် ချာလီလင့်သည် တစ်ယောက်စီလို ဖြစ်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


မနက်ပိုင်းက ပြောခဲ့သည့် စကားလုံးတွေ၊ အစီအစဉ်တွေကို ညနေပိုင်းတွင် သူ အားလုံး မေ့နေတတ်၏။ အရှိန်ကလေးနှင့် အိပ်ငိုက်နေတတ်၏။

အရေးတကြီး ဆုံးဖြတ်ချက် ချစရာများကို လင်ကီက နောက်တစ်နေ့မှ တင်ပြရသည်။

ကြာတော့ လင်ကီ ကျင့်သားရလာသည်။ ဘာမှ ထူးထူးထွေထွေ မစဉ်းစားတော့ဘဲ မနက် ရုစ်နာရီခွဲတွင် တိုက်အရောက်လာသည်။ ဆရာ အယ်ဒီတာ ရောက်လာလျှင် ကော်ဖီကရားကို ပြုံးပြုံးကလေး သွားပို့သည်။ ပြီးမှ လုပ်စရာရှိသည်များကို တင်ပြသည်။

"ဟားပါးလီ*ရဲ့ 'တေးဆိုငှက်ကလေးကို သတ်ရမယ်ဆိုရင်' ဝတ္ထုလစဉ်ထည့်ဖို့ ကိစ္စ ဒီနေ့ အဖြေပေးရမယ်"

"ဂါရီဘိုဒိုင်းက အိုင်ဗင်းစတုန်းကို ချုံ့ရေးနေတာ မပြီးသေးဘူး။ သူ့ကို ခေါ်ပေးရမလား"

စသည်ဖြင့် အရက်နာကျနေပုံရသည့် အယ်ဒီတာကြီးအား လင်ကီက သတိပေးရသည်။

"အိုင်ဗင်ဝေါလေ့စ်ရဲ့ စာမူအသစ်တစ်ပုဒ် ဒီနေ့ ရောက်လာတယ်။ စာပေနိုဘဲလ်ဆုရတွေရဲ့ နောက်ကွယ်က အကြောင်းတွေ ဇာတ်အိမ်ဖွဲ့ရေးထားတာ၊ တိုက်တိုင်းက ဒီစာမူကို လိုချင်နေကြတာ၊ လင်ကီတို့ ယူမယ်ဆိုရင် အဒမ် ကာလိုနဲ့ ညှိလိုက်ပါလား"

အဒမ်ကာလိုမှာ စာရေးဆရာကြီး အိုင်ဗင်ဝေါလေ့စ်၏ ကိုယ်စားလှယ် ဖြစ်သည်။

အလုပ်ထဲတွင် လင်ကီ လုပ်ရင်း လုပ်ရင်း စိတ်ဝင်စားလာသည်။ 'ထုတ်ဝေသူမဂ္ဂဇင်း ' ကို အပတ်စဉ် ဖတ်သည်။ စင်စစ် သည်မဂ္ဂဇင်းမှာ အပတ်စဉ် ထွက်သည့်ဂျာနယ် ဖြစ်၏။ ရုံခါတွင် မထွက်သေးသည့် စာအုပ်များကို 'အမျိုးသမီး' အတွက် ကြိုရွေးဖို့ အကြံပြုတတ်သည်။

ဘယ်စာရေးဆရာက ဘယ်တိုက်မှ ဘယ်တိုက်သို့ ပြောင်းသွားကြောင်း သတင်းများကိုလည်း ဆရာအယ်ဒီတာကို ပြောပြတတ်၏။ စာအုပ်သင်း၏ ဘယ်စာအုပ်ကို ရွေးသင့်ကြောင်း၊ ဘယ်စာအုပ်ကို ဘယ်ရုပ်ရှင်ကုမ္ပဏီက ဝယ်သွားကြောင်းများကိုလည်း သတင်းပေးတတ်၏။

အိမ်ထောင်စု မရှိ၊ ရည်းစားသနံ မရှိသဖြင့်လည်း အလုပ်ထဲတွင် ပို၍

* To Kill a mocking Bird တင်မောင်မြင့် (မြန်မာပြန်) ၂၀၀၅ ခုနှစ်တွင် အမျိုးသားစာပေဆုရ (ဘာသာပြန်-ရသ)။ ကံ့ကော်ဝတ်ရည်မှ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ဒုတိယအကြိမ် ထုတ်ဝေ။

mgyoe.com

mgyoe.com SAMPLE BOOK

အာရုံစုစည်းနိုင်လေသည်။ အလုပ်တွေကို အိမ်ယူလုပ်သည်။ စာမူတွေကို စာကြည့်တိုက် သွားသည့်အခါ ဖတ်သည်။

လင်ကိုအလုပ်တာဝန်တွင် မည်သည့်ကဏ္ဍတွေ ပါဝင်ကြောင်း ဘယ်သူမှ တိတိကျကျ ပြောမထား။ ချာလီလင့်ကိုယ်တိုင်လည်း သတ်မှတ်ပေးထားခြင်း မရှိ။

အလုပ်ထဲတွင် စိတ်မဝင်စားတော့ပြီဖြစ်သော၊ အလွန်မတန် မေ့မေ့လျော့လျော့နေတတ်သော အယ်ဒီတာ၏ လက်အောက်တွင် လင်ကီသည် မညည်းမညူ အောက်ခြေသိမ်း ကျုံးရှန်း လုပ်သည်။ သူနှင့် ထိပ်တိုက်မတွေ့ဘဲ လုပ်ငန်းတစ်ခု ပြတ်သွားအောင် လင်ကီ လုပ်တတ်နေပြီ။

"မင်းဘာလို့ ဒါလောက် အပင်ပန်းခံနေရတာလဲ။ ချာလီက အဲဒီအတွက် မင်းကို ဆုချမယ်များ ထင်နေလား" ဟု မမကော်ရယ်က သတိပေးသည်။

"ဆုကလေး ဘာလေးများ ရမလားလို့ မမရေ" ဟု အလိုက်သင့် လင်ကီ ပြန်ပြောတတ်သည်။

"ရသင့်ရထိုက်တဲ့ ရာထူးကိုလည်း မင်း သူ့ဆီမှာ တောင်းကြည့်ပါဦး"

◆◆◆

"မင်းသာ မရှိရင် ကိုယ်တော့ ဒုက္ခပဲ"

သုံးလအကြာတွင် ချာလီက ဤသို့ ပြောဖော်ရလာသည်။ ဘာမှ လှည့်မကြည့်၊ ငဲ့မကြည့်ရလောက်အောင် တော်သည့် သူ့အတွင်းရေးမှူးမ ကလေးကို ချာလီလင့်က သဘောအကျကြီး ကျနေ၏။

လင်ကီ အလုပ်ပိုလုပ်လာလေလေ သူက လုပ်ပိုင်ခွင့်တွေ ပိုပေးလာလေလေ။

"မင်းလောက် တော်တဲ့ မိန်းကလေးမျိုး ကိုယ်တစ်ခါမှ မတွေ့ဖူးဘူး။ မင်းကြောင့် ကိုယ် ခုလို နေနိုင်တာ" ဟု နေ့လယ်စာဝိုင်းမှ ပြန်ရောက်ချိန်များတွင် ပြောတတ်၏။ သူ၏ နေ့လယ်စာစားချိန်မှာလည်း တစ်နေ့တခြား ကြာသည်ထက် ကြာလာ၏။ ပြန်လာလျှင် မျက်နှာတစ်ပြင်လုံး နီရဲလျက်။

တစ်နေ့ခင်းလုံး ရုံးမှ ပျောက်နေပြီး ချာလီတစ်ယောက် ယမကာနှင့် ငြိမ့်နေချိန်တွင် သူ လစ်နေမှန်း အယ်ဒီတာချုပ် မသိအောင် လင်ကီက ဖုံးရဖိရသည်။ တယ်လီဖုန်းတွေ ဝင်လာလျှင် အကြောင်းအမျိုးမျိုးပြပြီး ကာကွယ်ရသည်။ ချက်ချင်း ပြန်စရာရှိသည့်စာများ ဝင်လာလျှင် လက်မနှေးဘဲ ကိုယ့်သဘောနှင့်ကိုယ် ပြန်ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီဇင်ဘာလ ရက်တစ်ရက်တွင် ချာလီက လင်ကီကို သူ့ရုံးခန်းထဲ ခေါ်မေးသည်။

"မင်း ညှော်ခံပွဲတစ်ခု တက်မလား လင်ကီ"

စာအုပ်လောကနှင့် ကြော်ငြာလောကမှ ညှော်ခံပွဲအမျိုးမျိုး ဖိတ်စာတွေ ချာလီ့ထံ အမြဲ လာတတ်သည်။ ချာလီက သည်လိုပွဲမျိုးတွေကို လုပ်ငန်းနှင့် ဆက်စပ်နေသဖြင့် အလုပ်ဟု သဘောထား၏။ ထို့ကြောင့် ညနေ ငါးနာရီထိုးသည်နှင့် ပွဲတစ်ပွဲသို့ အရောက်သွားပြီး နွဲ၏။ စင်စစ် နေ့လယ်က ချထားသည့် အရှိန်ကလေး မပြယ်မီ စောစော အားဖြည့်ပေးခြင်းဖြစ်သည်။

"ဩော်...ပလာဇာမှာလုပ်တဲ့ ဒါဘယ်လ်ဒေးတိုက်ရဲ့ ခရစ္စမတ် အကြိုပွဲလား၊ အင်း...ကောင်းသားပဲ"

လင်ကီက သူနှင့်အတူ သွားရမည်အထင်နှင့် ပြောလိုက်ခြင်း ဖြစ်သည်။

"မဟုတ်ဘူး၊ ဒါဘယ်လ်ဒေးကို ကိုယ်တစ်ယောက်တည်း သွားမှာ၊ ဥတ္တရကြယ်တိုက်က ဖိတ်တဲ့ပွဲကို ပြောနေတာ"

သူက လင်ကီကို ဖိတ်စာ ကမ်းပေးရင်း ပြောသည်။ သည်စာအုပ်တိုက်ကို လင်ကီ တစ်ခါမျှ မကြားဖူးသေး။ လျှို့ဝှက်သည်းဖို အဖုံးအပျော့တွေ ထုတ်ဝေသည့် တိုက်သစ်တစ်ခုဟု သိရ၏။ သည်တိုက်မှထွက်သည့် စာအုပ် များမှာ သူလျှိုဇာတ်လမ်းတွေများပြီး လူစွမ်းကောင်းဇာတ်လိုက်မှာ မင်းသား တွေချည်း။

တတိယရိပ်သာလမ်း ဥတ္တရကြယ်ညှော်ခံပွဲကို လင်ကီ တက်သည်။ တိုက်ပိုင်ရှင် ဂေါ်ဒွန်ရေဂျာနှင့် တွေ့ရ၏။ သူက အဖုံးပျော့ ဝတ္ထုစာအုပ်များ၏ အလားအလာနှင့်ပတ်သက်ပြီး အရမ်းမျှော်လင့်နေသူ။

"အဖုံးပျော့စာအုပ်တွေဟာ ခေတ်တစ်ခေတ် ဖြစ်လာလိမ့်မယ်၊ ဘာနဲ့မှ တားလို့ မရနိုင်ဘူး။ ထုတ်ဝေသူတွေ ကောင်းကောင်း စားရမှာ သေချာတယ်" ဟု နိမိတ်ဖတ်သည်။

ရှော့ဖ်ဝိတ်စ်နှင့်လည်း လင်ကီ တွေ့ခဲ့သည်။ ရှော့ဖ်က ကမ္ဘာကျော် ဟန့်ဂရင်နီ၏ စာပေပေါင်းကူး အေဂျင်စီတွင် အလုပ်လုပ်နေသည့် အယ်ဒီတာ တစ်ဦး ဖြစ်သည်။

"ကိုယ်က ဟန့်ဂရင်နီရဲ့ လက်နက်ပုန်းလေ" ဟု လင်ကီက သူ့ စာအုပ်တိုက်နာမည်ကို မေးတော့ ထုတ်ပြောသည်။

"သူက လူတွေ ပြောသလောက် ဆိုးသလားဟင်"

ဟန့်ဂရင်နီ၏ တုန်လှုပ် ချောက်ချားဖွယ်ရာ သတင်းများကို နားမဆံ့

mgyoe.com

mgyoe.com SAMPLE BOOK

အောင် ကြားဖူးနေသဖြင့် လင်ကီက ထပ်မေးခြင်း ဖြစ်၏။

"အင်း...သူတော်စင်တစ်ယောက်တော့ မဟုတ်ဘူးပေါ့ကွာ" ဟု ရှော့ဖ် ဖြေသည်။

အဖုံးပျော့ဝတ္ထုတွေ လှိုင်လှိုင်ရေးနေသည့် စာရေးဆရာ ဂလင်ဆင် ကလဲယားနှင့်လည်း လင်ကီ စကားပြောဖြစ်၏။ အုပ်ခြောက်ဆယ်ကျော် ထွက်ပြီးပြီ ဆို၏။ အများစုမှာ အပျော်ဖတ်ပရိသတ်အတွက် ရေးသည့် ခပ်ပေါ့ပေါ့ လှို့ဝှက်သည်းဖို ဇာတ်လမ်းများ ဖြစ်ကြောင်း စာရေးဆရာက ပြောပြသည်။

"အုပ်ခြောက်ဆယ် ဟုတ်လား"

လင်ကီက မယုံကြည်နိုင်စွာဖြင့် တအံ့တဩ ပြန်မေးသည်။

"လွယ်ပါတယ်၊ ကိုယ်က ပိုက်ဆံရဖို့ ရေးတာပဲ"

ဂလင်ဆင်ကလဲယားက မျက်နှာတစ်ချက် မပျက်ဘဲ ပြောလိုက်ခြင်းဖြစ်၏။ ရသစာပေ ဖန်ဆင်းရှင် စာရေးဆရာများကို ကြည်ညိုချင်စိတ် ကုန်သလို ဖြစ်သွား၏။

◆◆◆

"ညက အခြေအနေ ဘယ်လိုလဲ"

နောက်တစ်နေ့ ချာလီက လင်ကီကို မေးသည်။ ညက ဒါဘယ်လ်ဒေး စာအုပ်တိုက် ညွှေ့ခံပွဲတွင် များလာပုံရ၏။

"အင်း...စိတ်ဝင်စားစရာ ကောင်းပါတယ်၊ လင်ကီ ပျော်ပါတယ် ချာလီ"

နောက်ပိုင်းတွင် လာသမျှ ဖိတ်စာများကို ရွေးပြီး သူ စိတ်မဝင်စား သည့်၊ သူ မသွားနိုင်သည့် ညွှေ့ခံပွဲများသို့ လင်ကီအား တက်စေ၏။ ရောမ ပွဲကြီးပွဲကောင်းများကို သူကိုယ်တိုင် သွားသည်။ ရှန်ပိန်နှင့် ဝီစကီကို ဆယ်လ် မွန်ငါးကင်၊ ငါးဥတို့နှင့် အဝအပြဲ မြည်းသည်။ ဒါကို အလုပ်လုပ်နေသည်ဟု ယုံယုံကြည်ကြည် ပြောတတ်၏။

လင်ကီက သူ စိတ်မဝင်စားသည့် သေးသေးမွှားမွှား ညွှေ့ခံပွဲကလေး များကို တက်ပြီး အချိုရည်တစ်ဘူးတလေ သောက်ရသည်ကို ကျေနပ်နေ၏။ အချိန်ပိုများတွင် သွားစရာ တစ်နေရာရာ၊ လုပ်စရာတစ်ခုခု ရှိနေခြင်းသည် လင်ကီ့အတွက် ရှိသင့်သည့်လိုအပ်ချက်တစ်မျိုး ဖြစ်သည်။

သည်လို ညွှေ့ခံပွဲကလေးများတွင် လူငယ်လူရွယ် အယ်ဒီတာများနှင့် တွေ့ရ၏။ ဝေဖန်ရေးဆရာတွေနှင့် သိကျွမ်းရ၏။ စာရေးဆရာတွေ၊ စာအုပ် ပွဲစားတွေနှင့်လည်း မိတ်ဆွေဖြစ်ရ၏။ ရုပ်ရှင်နှင့် ကြော်ငြာလောကမှ ပုဂ္ဂိုလ် များနှင့်လည်း ကြုံရဆုံရ၏။

mgyoe.com

mgyoe.com SAMPLE BOOK

၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလထဲတွင် စီးပွားရေးလောက၏ ရင်းနှီးမြှုပ်နှံမှုအကြောင်း ရေးထားသည့် စာအုပ်တစ်အုပ်အတွက် ကျင်းပသည့် ညှော်ခံပွဲ ခပ်ညံ့ညံ့တစ်ခုတွင် စတော့ပွဲစား ပီတာဒက်စမွန်နှင့် လင်ကီ ဆုံဖြစ်သည်။ သည်စာအုပ်ကို ရေးမည့် ဟယ်ရီဒက်စမွန်က ပီတာ့ဦးလေး။ ဒက်စ်မွန်စကော့ လုပ်ငန်းကို ဦးဆောင်နေသူ။

"မင်း ခုလို လာရတဲ့အတွက် အန်ကယ်ဟယ်ရီဆီက တစ်ခုခု ရသလား" ဟု ပီတာက လင်ကီကို မေးလာသည်။ လင်ကီတင်းအက်လို ဝတ်ကောင်းစားလှနှင့် မိန်းမချောကလေးတစ်ယောက်က စတော့ပွဲစားတွေ စုဝေးရာ သည်လိုနေရာမျိုးကို ရောက်လာခြင်းအတွက် ပီတာ အံ့သြနေသည်။

"အမျိုးသမီးလောက မဂ္ဂဇင်းက လခပေးထားတယ်လေ၊ တာဝန်နဲ့ လာတဲ့သဘောပါ"

လင်ကီက ပြုံးပြုံးကလေး ပြန်ဖြေပြီး အကဲခတ်လိုက်၏။ ယောကျ်ား ပီသသည့် ကိုယ်နေဟန်၊ မျက်လုံးပြာများနှင့် ရွှေရောင်ဆံပင်၊ ဝတ်ထားသည့် ရှပ်အင်္ကျီနှင့်ဝတ်စုံက အဖေ ဝတ်တတ်သည့် အကောင်းဆုံးဝတ်စုံမျိုး။

ခဏာငယ်မျှ စကားပြောကြည့်ရုံဖြင့် လင်ကီတင်းအက်၏ အနေအထားကို ပီတာ သိလိုက်ပြီ။ ဝက်စ်ပို့တွင် ကြီးပြင်းသည်။ ဝက်စလေကောလိပ်က ဘွဲ့ရသည်။ တင်းနစ်ကစားသည်။ မျက်လုံးအစုံက မိုးပြာရောင်၊ ကိုယ်လုံးသွယ်သွယ်၊ ဒါ့အပြင် လင်ကီ့တွင် လက်ထပ်လက်စွပ် မရှိသေးကြောင်းလည်း သတိထားလိုက်မိ၏။

အလွန်ပျင်းစရာကောင်းသည့် အန်ကယ်ဟယ်ရီ၏ ညှော်ခံပွဲသည် ပီတာ့အတွက် ခုမှ အသက်ဝင်လာသလို ရှိ၏။

"မပြန်ချင်သေးဘူးလား၊ ကိုယ့်မှာ ကားပါတယ်လေ။ အီတလီဆိုင် တစ်ဆိုင်ဆိုင်မှာ သွားစားကြရအောင်လား" ဟု ပီတာပြောတော့-

"အင်း ... ကောင်းသားပဲ" ဟု လင်ကီ သဘောတူလိုက်သည်။ သူတို့နှစ်ယောက် ထွက်လာတော့ လူတွေ ဝိုင်းကြည့်နေသည်ကို လင်ကီ သတိထားလိုက်မိသည်။ ကြည်နူးသလိုလို ဖြစ်သွား၏။ အမျိုးသမီးတစ်ယောက်၏ ဝေဖန်သံကိုလည်း ကြားလိုက်၏။

"တော်တော်ကြည့်ကောင်းတဲ့ အတွဲပဲ။ သိပ်လိုက်တယ်နော်" တဲ့။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း [၁၀]
## လင်ကီ

ခေါက်ဆွဲ မှာစားကြ၏။ ညဉ့်သန်းခေါင်အချိန်ရောက်နေပြီ။ မြင်မြင်ချင်း ငြိတွယ်မိကြပြီဟု နှစ်ယောက်စလုံး နားလည်လိုက်၏။ စကားပြောရင်း ပြောရင်း နှစ်ကိုယ့်တစ်စိတ်လို ဖြစ်နေကြောင်းလည်း တွေ့ရ၏။

ညီအစ်ကိုမောင်နှမ တစ်ယောက်မျှ မရှိကြောင်း ပီတာပြောတော့ လင်ကီက-

"ဒါဆို ပီတာတစ်ယောက်တည်း အမေက မွေးတာပေါ့နော်၊ လင်ကီလည်း အတူတူပဲ၊ မွေးချင်း မရှိဘူး"

"ကိုယ့်ကို မွေးတော့ အမေ သုံးဆယ့်ငါးနှစ်ရှိနေပြီ။ အဖေနဲ့အမေ ကိုယ့်ကို ရဖို့ အကြာကြီး စောင့်ခဲ့ရတယ်"

"လင်ကီလည်း အဲဒီအတိုင်းပဲ၊ ဒါထက် ပီတာ၊ ညီအစ်ကို မောင်နှမတွေ မလိုချင်ဘူးလားဟင်"

"အင်း .. တစ်ခါတလေတော့ လိုချင်သား၊ ဒါပေမဲ့ တစ်ဦးတည်းသောသား ဖြစ်ရတာ ပိုသဘောကျသလိုပဲ"

"ပီတာ ဆိုလိုတာကို လင်ကီ နားလည်တယ်"

ထို့နောက် လင်ကီက မိဘတွေ ကွယ်လွန်ပုံကို ပြောပြသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

"သြော် ... လင်ကီရယ်၊ ကိုယ် မင်းကို သနားလိုက်တာ"

"ခုတော့ အားလုံး ပြီးကုန်ပါပြီလေ"

လင်ကို့စိတ်ထဲတွင် သည်အဖြစ်အပျက်ကို ဟိုးအဝေးကြီးက ဝိုးတဝါး ပုံရိပ်တစ်ခုလို ထင်နေပြီ။

"နီးနီးနားနားမှာလည်း ဘယ်ဆွေမျိုးမှ မရှိတော့ အစ်ကို တစ်ယောက် လောက်၊ အစ်မတစ်ယောက်လောက်ရှိရင် ကောင်းမှာပဲလို့တော့ တွေးမိတယ်။ ကိုယ့်ကို ပိုင်ဆိုင်တဲ့၊ ကိုယ်နဲ့ ပတ်သက်တဲ့ တစ်ယောက်ယောက်တော့ ရှိသင့် တာပေါ့နော်"

'အဲဒီလူဟာ ကိုယ် ဖြစ်ပါရစေလား လင်ကီ'

ပီတာ စိတ်ထဲမှ ပြောလိုက်ခြင်း ဖြစ်သည်။

ထိုညတွင် ဘဝနှစ်ခု တူညီချက်ကို နှစ်ယောက်စလုံး သဘောပေါက် လိုက်ကြသည်။

မွေးချင်းပေါက်ဖော် မရှိကြသည့် ဥတစ်လုံးဘဝသာမက အီတလီ အစားအစာကြိုက်ပုံ၊ တရုတ်ဟင်းလျာ ခံတွင်းတွေ့ပုံကအစ တူညီကြ၏။ အိန္ဒိယစာ နှင့် မက္ကဆီကို အစားအစာများကိုတော့ စပ်လွန်း၍ မကြိုက်ကြ။ ဘရော့ဒ်ဝေး ပြဇာတ်များထက် ဘရော့ဒ်ဝေးဂီတကို ပိုသဘောကျကြ၏။ တင်းနစ်ကို နှစ်ယောက်စလုံး ဝါသနာပါကြ၏။ လာမည့် ယူအက်စ်အိုးပင်းအကြောင်း ပြောကြရင်း ဩစတြေးလျက တင်းနစ်လောကကို ထိပ်ဆုံးမှ နေတော့မည် ဟူ၍ နှစ်ယောက်စလုံး သဘောတူကြ၏။

"ဒီနှစ်ကတော့ ရော့ဒ်လေဗာရဲ့နှစ် ဖြစ်မှာပါ" ဟု ပီတာက နိမိတ်ဖတ် တော့ လင်ကီ ခေါင်းညိတ်ပြီး ပြန်ဆွေးနွေးသည်။

"လွန်ခဲ့တဲ့နှစ်က သူ ဒုတိယပဲ ရတယ်နော်"

ဂီတအကြောင်း နှီးနှောရာတွင်လည်း အမြင်ချင်း တူကြ၏။ တယ်လီ ဗေးရှင်းမှ လာနေသည့် ဇာတ်လမ်းတွဲများကိုလည်း အကြိုက်ချင်း တူကြ၏။ မကြိုက်တာချင်းလည်း တူ၏။

၆၁ လမ်းရှိ လင်ကို့တိုက်ခန်းကို ပြန်ပို့ပြီး နောက်ထပ်တွေ့ဖို့ ပီတာက ချိန်းသည်။

"ဘာဘရာစထရိတ်ဆင်းကား ကြည့်ကြရအောင်လား၊ ကိုယ် လက်မှတ် ဝယ်ထားလိုက်မယ်လေ"

"အင်း ... ကောင်းသားပဲ" ဟု လင်ကီ သဘောတူသည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

ရုပ်ရှင်ကြည့်ပြီးအပြန်တွင် ပီတာက မေးသည်။

"မင်းသမီးက လူတွေ ပြောသလောက် တော်တယ် ထင်လား"

"တော်ပါတယ်၊ တကယ်တော်တဲ့ မင်းသမီးပါ"

နှစ်ယောက်သား လက်ချင်းချိတ်ပြီး လမ်းလျှောက်ပြန်ခဲ့ကြ၏။ သူတို့နှင့် ရွယ်တူတန်းတူ သူငယ်ချင်းများ၏ မိဘများထက် ပို၍ အသက်ကြီးကြသည့် သူတို့မိဘများအကြောင်းလည်း ပြောဖြစ်ကြ၏။ သည်လို မိဘများနှင့် ကြီးပြင်းရသည့် ဘဝအရသာကိုလည်း သူတို့ စားမြုံ့ပြန်ကြ၏။ တစ်ယောက်တည်း အရုပ်ကလေးများနှင့် ကစားကြသည့် ငယ်ဘဝများကိုလည်း ဖလှယ်ဖြစ်ကြ၏။

ပီတာက စစ်သားရုပ်ကလေးများနှင့် ကစားပုံကို ပြောပြ၏။ လင်ကီကလည်း သူ့ ကစားနည်းများကို ပြောပြသည်။

"လင်ကီကတော့ အိမ်ကလေးတစ်လုံး ဆောက်တယ်၊ အရုပ်တွေကတော့ အဖေရယ်၊ အမေရယ်၊ ကလေးငါးယောက်ရယ်၊ ခွေးနှစ်ကောင်ရယ်၊ ပြီးတော့ သိုးကလေးတစ်ကောင်၊ ကြက်တစ်ကောင်၊ ကြောင်တစ်ကောင်၊ နောက် ကနေရီငှက်ကလေးတစ်ကောင်"

လင်ကီ ပြောရင်း ရယ်သည်။ ပီတာက သူ့ကစားနည်းကို ဆက်ပြောသည်။

"ကိုယ့်စစ်သားတွေမှာ နာမည်တွေရှိတယ် လင်ကီ၊ သူတို့တွေက တကယ့်သူရဲကောင်းတွေ၊ ခံတပ်တွေကို တက်သိမ်းတယ်။ စက်သေနတ်တွေ ပစ်နေတဲ့ကြားက မြစ်တွေကို ဖြတ်တယ်။ တောင်ကုန်းတွေကို သိမ်းတယ်။ ရန်သူ့လက်ထဲက သူတို့ရဲဘော်တွေကို ပြန်ကယ်တယ်"

"လင်ကီ ဖတ်ဖူးတယ်၊ မွေးချင်း မရှိတဲ့ ကလေးတွေဟာ ထူးထူးဆန်းဆန်း စိတ်ကူးတတ်ကြတယ်တဲ့"

"ဒါကြောင့် မင်းဆောက်တဲ့အိမ်ထဲမှာ မိသားစုတွေ အများကြီး ထည့်ထားတာပေါ့၊ ကိုယ့်မှာလည်း စစ်သားတွေ အများကြီးလေ။ ကိုယ်တို့ဘဝက အထီးကျန်လွန်းတော့ လူတွေ အများကြီးကို တမ်းတတဲ့ သဘောပဲ"

လင်ကို့အခန်းဝရောက်တော့ ပီတာက–

"ကိုယ့်စိတ်ထဲမှာလေ လင်ကီကို ငယ်ငယ်ကတည်းက သိနေသလိုလိုပဲ"

mgyoe.com

mgyoe.com
SAMPLE BOOK

"လင်ကီလည်း အဲဒီ အတိုင်းပဲ ပီတာ"

အဖေနှင့်အမေ ရှိသေးလို့ ပီတာနှင့် မိတ်ဆက်ပေးလျှင် သူတို့ သဘောကျကြမည် မုချ။ နေနဲ့လ ရွှေနဲ့မြပဲဟု ပြောကြမည် ကေန်ဟု လင်ကီ ယုံကြည်လေသည်။

"တီဒဗလျူအေ အဆောက်အအုံကို ရောက်ပြီးပြီလား"

ပီတာက လင်ကီကို မေးသည်။ နယူးယောက်တွင် နောက်ဆုံး ဆောက်လုပ်ပြီးစီးသည့် အလှဆုံး မိုးထိတိုက်ကြီး ဖြစ်၏။ ဗိသုကာတစ်ယောက်၏ မြေးဖြစ်သော ပီတာသည် ဗိသုကာပညာရပ်တွင် ဝါသနာထုံ၏။

လင်ကီ ခေါင်းယမ်းပြသည်။

"စနေနေ့ သွားကြည့်ရင် မကောင်းဘူးလား။ မျှော်စင်ကြီးကို ပြချင်လို့၊ ပြီးမှ တင်းနစ်ကစားကြတာပေါ့။ လောင်းအိုင်လင်ကွင်းမှာ ကိုယ် အသင်းဝင်ထားတယ်လေ"

"ဟာ ... သိပ်ပျော်စရာကောင်းမှာပဲ"

ကစားကြသည့်အခါတွင် သုံးပွဲတွင် လင်ကီက နှစ်ပွဲ အနိုင်ရသည်။ ၆-၄၊ ၄-၆၊ ၆-၃။

"စရိုက်တဲ့ပွဲမှာ ယောကျ်ားလေးကို အနိုင်ပေးရတယ် မိန်းကလေးရဲ့" ဟု ပီတာက ပြောတော့-

"အဲဒါတော့ လင်ကီ မသိဘူး၊ ကစားပြီဆိုရင် အနိုင်ကစားတာချည်းပဲ"

"မင်း တော်တော်ထူးဆန်းတဲ့ မိန်းကလေးပဲ"

လင်ကီက ပခုံးတွန့်ပြီး-

"လင်ကီ့ကိုယ် လင်ကီ သိပါတယ်၊ သူများနဲ့ မတူဘူးဆိုတာလေ။ အဲဒါ မကောင်းလို့လားဟင်"

"ဟာ ... မဟုတ်ပါဘူး၊ ကောင်းပါတယ်။ ကိုယ် သဘောကျပါတယ်"

◆◆◆

ပီတာဒက်စမွန် ကြီးပြင်းခဲ့သည့် နောက်ခံဝန်းကျင်မှာလည်း လင်ကီ့ဘဝနှင့် အတူတူပင်။ အဖေက ဝေါလ်စထရိစတော့ လုပ်ငန်းရှင်၊ အမေက နာမည်ကျော် ဗိသုကာကြီးတစ်ဦး၏ သမီး။ ယေးလ်တက္ကသိုလ်တွင် အဆင့်အမြင့်ဆုံးဖြင့် အတန်းတိုင်း အောင်ခဲ့သည်။ တင်းနစ်အဖွဲ့တွင် အမှုဆောင်၊ တက္ကသိုလ်

mgyoe.com

mgyoe.com SAMPLE BOOK

နေ့စဉ်သတင်းစာတွင် ရုပ်ရှင်နှင့် ပြဇာတ် ဝေဖန်ရေးအဖွဲ့ဝင်။

ကိုလံဘီယာတက္ကသိုလ်မှ စီးပွားရေးမဟာဝိဇ္ဇာဘွဲ့ ထပ်ရသည်။ ကနက်တီကတ်နှင့် နယူးယောက်တွင် စတော့လုပ်ငန်း လိုင်စင်ရသည်။ ဝါသနာ အလျောက် မူရင်း ဗီသုကာပုံများကို စုဆောင်းသည်။ လင်ကီ ဖြတ်သန်းခဲ့သည့် ဘဝခရီးနှင့် တူညီချက်များစွာရှိနေသည်ကို သူက ဂုဏ်ယူစွာ ထောက်ပြတတ် သည်။

လင်ကီကလည်း-

"ပီတာနဲ့ လင်ကီ ဒါလောက်တူနေတာ မဆန်းဘူးလားဟင်" ဟု တုံ့ပြန်တတ်၏။

"တစ်ခါတလေများ ပီတာ့ကိုကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် မှန်ထဲ ကြည့်နေရသလား အောက်မေ့ရတယ်"

လင်ကီသည် ပီတာနှင့်ဆိုလျှင် အထီးကျန်ဘဝကို မေ့နေတတ်သည်။ ချစ်ရေးချစ်ရာတွင် ပီတာ မအောင်မြင်ကြောင်းပါ သိရသည့်အခါ နှစ်ဦးသား ပို၍ ပို၍ နီးကပ်လာသလို ဖြစ်လာ၏။

ပီတာသည်လည်း တက္ကသိုလ်တွင် ချစ်ကံခေသူတစ်ယောက် ဖြစ်ခဲ့ သည်။ အချစ်ကို ရှာခဲ့သော်လည်း ရေသာများ၍ ငါး မတွေ့ခဲ့ပေ။

လင်ကီလောက် ဘယ်မိန်းကလေးကိုမှ စိတ်မလှုပ်ရှားခဲ့ဖူးကြောင်း ပီတာက ဖေဖော်ဝါရီလထဲတွင် ထုတ်ပြောသည်။

"ကိုယ်တွေ့ဖူးတဲ့ မိန်းကလေးတိုင်းဟာ တစ်ပုံစံတည်းလိုချည်း ဖြစ်နေတယ်။ အဝတ်အစား မက်မောတဲ့ နေရာ၊ ယောက်ျားလေးတွေကို အမိဖမ်း ချင်တဲ့နေရာတွေမှာ အတူတူချည်းပဲ။ ကလေးသုံးလေးယောက် ရနိုင်မယ့် ယောက်ျား၊ စတေရှင်ဝက်ဂွန် ဝယ်နိုင်တဲ့ ယောက်ျား၊ ဘဏ်စာရင်းမှာ ဂဏန်း လေးငါးလုံး လောက် ရှိတဲ့ယောက်ျား၊ ကလပ်ကောင်းကောင်းမှာ အသင်းဝင် ထားပြီးသား ယောက်ျား၊ ကိုယ်က သူတို့ လိုချင်တဲ့ အဲဒီလို ယောက်ျားမျိုး မဖြစ်ချင်ဘူးလေ"

"ပီတာက ဘယ်လို ယောက်ျားမျိုး ဖြစ်ချင်တာလဲ"

"လင်ကီသဘောကျတဲ့ ယောက်ျားမျိုး ဖြစ်ချင်တာ"

လင်ကီ ခဏတွေသွားသည်။ ပီတာ့ပြောစကားကို စဉ်းစားနေခြင်း ဖြစ်၏။

"ပီတာက လင်ကီ့ကို ရည်းစားစကား ပြောနေတာလား ဟင်"

"အဲဒီကိစ္စ ကိုယ်တို့နှစ်ယောက်စလုံး စဉ်းစားသင့်ပြီ လင်ကီ"

◆◆◆

mgyoe.com

mgyoe.com
SAMPLE BOOK

ထိုညတွင် လင်ကီကို ပီတာ လိုက်ပို့တော့ လင်ကီက အခန်းထဲထိ ဖိတ်သည်။ မျိုးသိပ်စိတ်တို့ ရေကာတာကျိုးသလို ပြိုင်တူ ပေါက်ကွဲကြ၏။

ပီတာ့အကြောင်း စဉ်းစားလိုက်လျှင် လင်ကီ့စိတ်ထဲတွင် ကြည်နူးနေ၏။ ပီတာသည် တည်ငြိမ်သည်။ မိမိ၏ ကိုယ်ပွားတစ်ယောက်လို ဖြစ်နေ၏။ သူတို့ မိသားစုကလေးသည် စုစည်းကျစ်လျစ်စွာ တည်ဆောက်ထား၏။ ပီတာ့ အနာဂတ်သည် ဖြောင့်ဖြူးချောပြေလျက် ရှိသည်။

ဆေးရုံပေါ်တွင် အမှောင်ထုအတွင်းမှ ပြန်နိုးလာပြီး တောက်လျှောက် ခံစားခဲ့ရသည့် အထီးကျန်ဝေဒနာသည် ပီတာနှင့်တွေ့သည့် အချိန်မှစ၍ လွင့်စဉ် ပျောက်ကွယ်သွားလေပြီ။ သူ့ကို ရှောင်ဖို့ စိတ်ကူးခဲ့ဖူးသည့်အတွက်ရော၊ အဖေ့ အိပ်ဆေးတွေ ယူသောက်ခဲ့မိသည့်အတွက်ပါ နောင်တရလို့မဆုံး ဖြစ်နေ၏။

"လင်ကီက အရေးနိမ့် မခံနိုင်ဘူးလေ၊ အဲဒီတုန်းကတော့ အဲဒီလို လုပ်ခဲ့မိတဲ့အတွက် မှန်တယ် ထင်ခဲ့တာ" ဟု လင်ကီက ရှင်းပြသည်။

"ကိုယ်တော့ မင်းလို မိန်းကလေးတစ်ယောက် ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ကြိုးစားတယ်ဆိုတာ မယုံနိုင်အောင်ပဲ လင်ကီ"

တစ်ဖက်စွန်းရောက်သည့် လုပ်ရပ်များနှင့် မနီးစပ်သူ ပီတာက မှတ်ချက်ချသည်။ တစ်ဖက်စွန်းရောက်အောင် တွန်းပို့သည့် အဖြစ်မျိုးနှင့်လည်း ပီတာ မကြုံခဲ့ဖူးပေ။

"အဲဒီတုန်းကတော့ အဖေအမေ မရှိတဲ့နောက် ဒီလောကကြီးထဲမှာ ဘာလို့နေတော့မှာလဲလို့ တွေးမိတာကိုး။ ခုတော့ လင်ကီ့အတွေးတွေ ပြောင်းပြန် ဖြစ်သွားပြီ"

"ကိုယ်တို့ ဘယ်တော့မှ မခွဲတမ်းနော်"

"လင်ကီ့ အဖေနဲ့အမေလည်း ဘယ်တော့မှ ခွဲမနေခဲ့ဘူး"

ပီတာက ပြုံးပြီး -

"သိပ်ချစ်တယ် လင်ကီရယ်"

"တူတူပဲပေါ့ကွယ်"

◆◆◆

အဖေ့လုပ်ငန်းထဲတွင် ဝင်လုပ်နေရသည့် အကြောင်းများကို ပီတာ ပြောပြတော့ တင်းအက်ဝိုင်လုပ်ငန်းကို ရောင်းပစ်လိုက်မိသည့်အတွက် လင်ကီ ဝမ်းသာနေသည်။ ဦးလေးနှင့်အဖေ တည်ထောင်ခဲ့သည့် လုပ်ငန်းတွင် ဆက်ခံစရာ

mgyoe.com

mgyoe.com SAMPLE BOOK

ယောက်ျားလေးဟူ၍ ပီတာတစ်ယောက်သာ ရှိသည်။ ပီတာသည် ဒက်စမွန်နှင့် ဒက်စမွန်စတော့လုပ်ငန်း၏ အိမ်ရှေ့ဥပရာဇာဖြစ်သော်လည်း လောလောဆယ်တွင် ဦးလေး၏ အလုပ်သမားတစ်ယောက်မျှသာ ဖြစ်နေ၏။

"ဦးလေးက ကိုယ့်ကို ပြိုင်ဘက်လို သဘောထားပြီး အမြဲတမ်း နှိမ်တယ်၊ အလုပ်မကြိုးစားဘူး၊ အလုပ်ထဲမှာ စိတ်မပါဘူးဆိုပြီး အမြဲတမ်း ပူညံ ပူညံ လုပ်တယ်။ ကြာတော့ ကိုယ် စိတ်ကုန်လာတယ်။ ကိုယ် ဘာလုပ်လုပ် အဖေ လုပ်ခဲ့တဲ့ပုံစံနဲ့ တိုင်းပြီး ဘယ်တော့မှ အားရတယ် မရှိဘူး"

"လင်ကီ့မိဘတွေအလုပ်ကို ဆက်လုပ်ရင်လည်း အဲဒီလို ဖြစ်မှာပဲလား ဟင်"

လင်ကီက သိချင်စိတ်ဖြင့် မေးသည်။

"မိသားစု လုပ်ငန်းမှာ ဝင်လုပ်ရတာ ကောင်းတာလည်း ရှိတယ်၊ မကောင်းတာလည်း ရှိတယ်၊ လုံခြုံမှု ရှိတယ်၊ စိတ်ချရတယ်။ ဒါပေမဲ့ ဘယ်လောက်ပဲ ကြိုးစား ကြိုးစား မင်းကို လူကြီးတွေက ဘယ်တော့မှ ကြီးလာ တယ် မထင်ဘူး။ ကလေးဘဝမှာပဲ ထားတယ်၊ အဲဒါ သဘာဝပဲ။ သူတို့တွေသာ အသက်တွေ ကြီးသွားကြတယ်၊ သားသမီးတွေကို ဘယ်တော့မှ ကြီးလာတယ် မထင်ဘူး"

"အင်း ... ဒါဆို ပီတာ လုပ်ရတာ မလွယ်ဘူးပေါ့နော်"

"ဒါပေမဲ့ အဲဒီမလွယ်တာဟာ အမြဲတမ်းတော့ မဟုတ်နိုင်ပါဘူး။ ကိုယ် အချစ်တွေ့ပြီလေ၊ အချစ်ဟာ အရာရာကို လွယ်ကူစေနိုင်တယ်။ ပြောင်းပြန် ဖြစ်စေနိုင်တယ်။ မင်းလို မိန်းကလေးမျိုးနဲ့ ဆုံစည်းရလိမ့်မယ်လို့ ကိုယ် လုံးဝ မမျှော်လင့်ခဲ့ဘူး လင်ကီ"

"ပီတာကို လင်ကီ ချစ်ပါတယ်။ ပီတာဟာ လင်ကီ့အနာဂတ်၊ လင်ကီ့ မိသားစုပါ။ ချစ်သူပျော်အောင် လင်ကီ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"

မိမိကိုယ်မိမိ ကံအကောင်းဆုံး မိန်းကလေး၊ အပျော်ဆုံး မိန်းကလေး ဟု လင်ကီ ယုံကြည်ထားလိုက်သည်။ ပီတာသည် အစ်ကို တစ်ယောက်ထက် ပိုသော၊ ချစ်သူတစ်ယောက်ထက်သာသော အဖော်မွန်တစ်ဦး မဟုတ်လား။

"အဖေနဲ့အမေလိုပဲ ပီတာနဲ့လင်ကီ ပျော်ကြမှာပါ။ တစ်ယောက်နဲ့ တစ်ယောက် သိပ်အတွဲညီတာ မဟုတ်လား။ တင်းနစ်ရိုက်တော့လည်း အပျော်ဆုံး အတွဲလေ" ဟု အယ်လ်ဗင်ဟေးကို လင်ကီ ပြောပြသည်။

◆◆◆

ပီတာက လင်ကီ့ကို မတ်လလယ်တွင် တရားဝင်ကြောင်းလမ်းသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ငွေကျောက်ဆောင်ကလပ်၊ စနေည ကပွဲတွင် 'လကမ္ဘာသို့ ခေါ်သွားပါချစ်သူ' တေးသွားဖြင့် ကနေကြစဉ် ဖြစ်၏။

"ကိုယ့်အဖို့တော့ လကမ္ဘာလည်း သွားဖို့ မလိုဘူး၊ ကြယ်တွေ လတွေကြားလည်း မဖြတ်သန်းချင်ဘူး၊ ကိုယ့်ရင်ခွင်ထဲမှာ အချစ်ရှိနေပြီလေ၊ လက်ထပ်ကြမယ်နော်"

"လင်ကီ လိုချင်တာလည်း မောင့်အချစ်ပါပဲ မောင်ရယ်"

ဤသို့ဖြင့် တရားဝင်သွားကြခြင်း ဖြစ်သည်။ ပီတာက လင်ကီကို တင်းတင်းဖက်ရင်း စားမြုံ့ပြန်သည်။

"စတွေ့တဲ့ညကို သတိရသေးလား၊ ကိုယ်တို့ ထွက်လာတော့ အမျိုးသမီး နှစ်ယောက် ပြောနေကြတာလေ၊ သိပ်လိုက်တဲ့ အတွဲပဲတဲ့၊ အဲဒီတုန်းကတည်းက အချစ်ကို မောင် ချစ်မိပြီဆိုတာ သိလိုက်တယ်လေ"

"လင်ကီလည်း စိတ်ထဲက သိလိုက်သလိုပဲ။ မောင်နဲ့ဆုံတော့ အကြာကြီး ခံစားခဲ့ရတဲ့ အထီးကျန်ဝေဒနာ ချက်ချင်း ပျောက်သွားသလိုပဲ"

◆◆◆

၁၉၆၂ ခုနှစ် ဇွန်လထဲတွင် ပီတာနှင့် လင်ကီ လက်ထပ်လိုက်ကြသည်။ ဆယ့်ခြောက်နှစ်ပြည့်သည့် နေ့မှစ၍ အဖေနှင့်အမေက မင်္ဂလာဆောင် အတွက် သီးသန့်ခွဲထားပေးသည့် ဘဏ်မှငွေကို လင်ကီ ထုတ်သုံးလိုက်သည်။ လင်ကီ့ မင်္ဂလာဆောင်ကို အခမ်းနားဆုံး ဖြစ်စေရမည်ဟု အဖေနှင့်အမေက ခဏ ခဏ ပြောဖူးသည်။ မိဘနှစ်ပါးရှိလျှင် မိမိ၏ ဖူးစာရှင်ကို ဘယ်လောက်များ ချစ်ကြမည်လဲဟု လင်ကီ တမ်းတမ်းတတ တွေးနေ၏။

စိတ်မချမ်းမြေ့ဖွယ် အတိတ်၏ အရိပ်မည်းကြီးအောက်မှ လင်ကီ လွတ်မြောက်ခဲ့လေပြီ။ ဘယ်တုန်းကမှ သည်လို ပျော်ရွှင်မှုမျိုးနှင့် ဆုံစည်းရလိမ့်မည်ဟု လင်ကီ မထင်ခဲ့။

ရှေ့နေကြီး အယ်လ်ဗင်ယေားက ဖခင်နေရာယူပြီး သတို့သမီးကို သတို့သား လက်သို့ အပ်သည်။ သမီးမင်္ဂလာဆောင်အတွက် အဖေကိုယ်တိုင် စုဆောင်းထားခဲ့သည့် ကမ္ဘာကျော်ရှန်ပိန်မျိုးစုံဖြင့် ဧည့်ခံသည်။ နှစ်ယောက်သား၏ အနာဂတ်သည် ပန်းခင်းလမ်းပမာ မွှေးပျံ့သီညာ ဖြောင့်ဖြူးသာယာလျက် ရှိလေသည်။ လင်ကီ့အစီအစဉ်အရ သံစုံတီးဝိုင်းကြီးက လူကြိုက်များ အတည် အခံ့ တေးသွားများနှင့် လူငယ်ကြိုက် အမြူးအကြွ စည်းသွက်တေးဂီတကို တစ်ကျော့စီ

mgyoe.com

mgyoe.com SAMPLE BOOK

တီးမှုတ်ဖြေဖျော်ပေးသည်။

တီးဝိုင်းခေါင်းဆောင်က သတို့သမီးနှင့်သတို့သားအတွက် 'အချစ်အတွက် နံနက်စာ' တေးဖြင့် မင်္ဂလာလက်ဆောင်အဖြစ် သီဆိုလက်ဖွဲ့သည်။ ပီတာက လင်ကို နားနားကပ်ပြီး "မောင်ကတော့ အချစ်အတွက် နံနက်စာရော၊ နေ့လယ်စာရော၊ ညစာရော အဝကျွေးမှာ" ဟု ဆိုသည်။

ပေးဆပ်နိုင်သမျှ အရာအားလုံး ချစ်သူကို ပီတာ ပေးဆပ်ချင်ပါ၏။ အသွေးယူယူ အသားယူ ပေးလှူချင်ပါ၏။ ဘဝကို ပုံအပ်ချင်ပါ၏။ ပီတာ အသက်နှစ်ဆယ့်ခုနစ်နှစ်ရှိပြီ။ ချစ်သူအတွက် စွန့်စားခန်းဖွင့်ဖို့ အသင့် ဖြစ်နေပြီ။

❑

mgyoe.com

mgyoe.com · SAMPLE BOOK

## အခန်း [၁၁]
## လင်ကီ

မင်္ဂလာဦးခရီးမှ ပြန်လာတော့ လင်ကီ 'အမျိုးသမီးလောက' တွင် အလုပ်ပြန်ဝင်သည်။ 'အမျိုးသမီးလောက' ကို အမျိုးသားများ ဦးစီးနေကြောင်း တစ်စ တစ်စ လင်ကီ သိလာ၏။

လုပ်ငန်းခွင်တွင် လင်ကီ့ရာထူးသည် ယခုတိုင် အတွင်းရေးမှူးသာ ဖြစ်နေသေးသည်။ လက်ထပ်လက်စွပ် အသစ်စက်စက်ကလေးဝတ်ပြီး ချာလီ့ အတွက် လက်နှိပ်စက် ရိုက်ပေးနေရဆဲ၊ ဖိုင်တွဲနေရဆဲ ဖြစ်၏။

သူ့တယ်လီဖုန်းတွေကို ဖြေပေးနေရဆဲ၊ ကော်ဖီဖျော်ပေးနေရဆဲ။ အဖေ့ နေရာတွင် အစားထိုးကြည့်ဖို့ လင်ကီ လက်လျှော့လိုက်ပြီ။

"အများအားဖြင့်တော့ မိန်းကလေးတွေ လက်ထပ်ပြီးရင် အလုပ်ထွက်ကြတာချည်းပဲ"

ညွှန်ချုပ်၏ အတွင်းရေးမှူး ရိုစ်နော်မာဂျင်းက လင်ကီကို ပြောပြခြင်း ဖြစ်၏။ ရိုစ်က ချစ်သူနှင့် စေ့စပ်ထားသည်မှာ နှစ်နှစ်ရှိပြီ။ အိမ်ဝယ်ဖို့ ပိုက်ဆံ စုနေခြင်း ဖြစ်၏။

ရိုစ်က လင်ကီကို ဆက်ဝေဖန်သည်။

"မလုပ်ဘဲ နေလို့ ရရက်သားနဲ့ မင်း ဘာလို့ အလုပ်လုပ်နေရတာလဲ လင်ကီ၊ ဒီလိုလူစားနဲ့ မင်းမို့ သည်းခံနိုင်တယ်ကွာ"

"ဝင်္ငွေရှိသရွေ့ပေါ့ကွာ" ဟု လင်ကီက ချာလီလင့်၏ လက်ပါးစေဘဝ ကို ဟာသနှောပြီး ပြောလိုက်သည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

"ဘာသာတိုင်းမှာ ဂုဏ်ထူးနဲ့ အောင်ခဲ့တဲ့ မင်းလို မိန်းကလေးက ချာလီ့ဆီမှာ ဖိုင်တွဲနေရတယ်လို့ကွာ"

ပျိုမေတို့ မီးဖိုဆောင်ကဏ္ဍညွှန်မှူး၏ လက်ထောက် ဘက်ကီရိစ်၏ ဝေဖန်ချက် ဖြစ်သည်။

"မင်းက နွားလို ကုန်းရုန်းလုပ်နေချိန်မှာ သူက အရက်ကလေးတမြမြနဲ့ မင်းနေရာမှာသာ ကိုယ်ဆိုရင် ပစ်သတ်မိမှာ"

"အေး … တစ်ခါတလေတော့ အဲဒီလို လုပ်ချင်စိတ်မျိုး ပေါ်ဖူးတယ်ကွ" ဟု လင်ကီက ဝန်ခံသည်။

◆◆◆

'ပျိုမေတို့အလှ' ကဏ္ဍအယ်ဒီတာ ကော်ရယ်ဝင်စတိန်ကတော့-

"အင်း ‥ သူ့အလုပ်တွေကို မင်းက အောက်ခြေသိမ်း လုပ်ပေးနေရပေမယ့် လက်နှိပ်စက်ရိုက်တဲ့၊ ကော်ဖီဖျော်တဲ့ဘဝက ရှေ့မတိုးဘူးနော်" ဟု မှတ်ချက်ချသည်။

မမကော်ရယ်မှာ ကိုယ်လုံးသွယ်သွယ်နှင့် မဟာဆန်ဆန် ချောမော လှပသူ ဖြစ်သည်။

"အုပ်ချုပ်ရေးဌာနကို ကိုယ် မေးကြည့်တယ်။ မင်းကို ဌာနပြောင်းပေးဖို့လေ၊ လက်ထောက်အယ်ဒီတာ တစ်နေရာ ရှိနေတယ်။ သူတို့က ယဉ်ယဉ်ကလေးနဲ့ ငြင်းလိုက်တယ်။ ချာလီကို သူတို့ ပြန်မေးပုံရပါတယ်။ မင်းကို သူ ဘယ်တော့မှ လွှတ်မှာ မဟုတ်ဘူး၊ ခွေးသူတောင်းစားကြီး"

မမကော်ရယ်ကို ကျေးဇူးတင်မိပါသည်။ သို့သော် နှုတ်ခမ်းနီနှင့် မျက်နှာကို ဆေးဆိုးပန်းရိုက်လုပ်ဖို့၊ လက်သည်း အရောင်တင်ဖို့ ကိစ္စမျိုးများကို လင်ကီ စိတ်ဝင်စားလှသည် မဟုတ်။ စာမူတွေ၊ စာရေးဆရာတွေနှင့်သာ အလုပ် လုပ်ချင်သည်။

"သူကတော့ ပြောရှာပါတယ် မမရယ်၊ စိတ်အေးအေးထားတဲ့၊ သူ့ဆီမှာပဲ လက်ထောက်အယ်ဒီတာ ရာထူးရဖို့ သူ တာဝန်ယူပါတယ်တဲ့"

မမကော်ရယ်က နှာခေါင်းရှုံ့ပြီး-

"ကိုယ်ပိုင်တဲ့ တံတားတစ်ခု ရောင်းဖို့ရှိတယ်။ အဲဒါ ရွှေမုခ်ဝတံတားကြီးလို့ ပြောရင် မင်း ယုံမှာလား"

ဘက်ကီနှင့်ကော်ရယ်တို့နှစ်ယောက် ပြောသည့်အတိုင်းပင်။ ချာလီကို ကူရသည်မှာ ကြာလေ ဝန်ထုပ်ဝန်ပိုးကြီးက ကိုယ့်အပေါ် ပိလေလေ ဖြစ်လာ၏။

mgyoe.com

mgyoe.com
SAMPLE BOOK

စာအုပ်တွေ ဖတ်ရသည်၊ စာမူတွေ ဖတ်ရသည်၊ အယ်ဒီတာ မှတ်ချက်တွေ၊ အစီရင်ခံစာတွေ ရေးရသည်၊ မဂ္ဂဇင်းအတွက် စာမူတွေ ရွေးရသည်။

ဤသို့ဖြင့် ချာလီနှင့် ဆက်သွယ်ပတ်သက်သမျှ တိုက်များမှ စာရေးဆရာတွေ၊ အယ်ဒီတာတွေနှင့် လင်ကီ သိကျွမ်းခွင့်ရသည်။ မဂ္ဂဇင်းအတွက် ဝယ်သည့် ဝတ္ထုများကို အနှစ်ချုပ်ရေးခြင်း၊ စာရေးဆရာများနှင့် စာချုပ်ချုပ်ဆိုခြင်း ကိစ္စများကိုလည်း ချာလီက လင်ကီနှင့် အားလုံး လွှဲထား၏။

စာအုပ် အချိန်မှန်ထွက်ဖို့အထိ လင်ကီ့တာဝန် ဖြစ်လာသည်။ မဂ္ဂဇင်း အပြင်အဆင်ပိုင်းကိုလည်း ကူရသေး၏။ သည်မျှ အပင်ပန်းခံ၍ ကြိုးစားသော်လည်း လင်ကီ ခံစားရသည့် အကျိုးအမြတ်မှာ အများနည်းတူ ပေးသည့် တစ်နှစ် ငါးရာခိုင်နှုန်း နှစ်တိုးလစာပင် ဖြစ်လေသည်။

"သုံးဒေါ်လာနဲ့ နှစ်ဆယ့်ငါးဆင့်တဲ့၊ မပေးတာကမှ ကောင်းသေးတယ်" ဟု ချာလီကိုပြောတော့ အယ်ဒီတာကြီးက–

"ကိုယ် ကြည့်ပါဦးမယ်ကွာ" တဲ့လေ။

◆◆◆

'ကြည့်ပါဦးမည်' ဆိုသော ချာလီလင့်က လင်ကီ့ကိစ္စကို ဘာမှ ပြန်မကြည့်ပါ။

"အတွင်းရေးမှူးလစာ အမြင့်ဆုံးရနေတာပဲ" ဟူသည့် အကြောင်းပြချက်ဖြင့် နှစ်သိမ့်သည်။

"ဒါပေမဲ့ လင်ကီက အတွင်းရေးမှူးအလုပ် တစ်ခုတည်း လုပ်နေရတာမှ မဟုတ်ဘဲ၊ ချာလီကိုယ်တိုင် ခဏ ခဏ ပြောတယ်လေ၊ လင်ကီ မရှိရင် ဒုက္ခပဲဆို" ဟု လင်ကီက စောဒကတက်သည်။

ချာလီက သက်ပြင်းချပြီး–

"တခြား အတွင်းရေးမှူးတွေထက် ပိုပေးလို့ မဖြစ်ဘူးလေ"

"ဘာလို့ မဖြစ်ရမှာလဲ၊ လင်ကီက သူများတွေထက် ပိုလုပ်နေရတာပဲ"

ချာလီက စကားလမ်းကြောင်း ပြောင်းပစ်သည်။

"မိန်းကလေးတွေထဲမှာ စိတ်ဝမ်းကွဲကုန်တာမျိုး၊ မနာလိုဖြစ်တာမျိုး တွေ တို့ မလိုလားဘူးလေ။ တစ်ယောက်ကိုပေးရင် အားလုံးပေးရမှာ မဟုတ်လား" ဟု ကုမ္ပဏီပေါ်လစီနှင့် ကိုင်ပေါက်သည်။

ဒေါ်ပွပွနှင့် နောက်နှစ်ပတ်ကြာတော့ လင်ကီ ထပ်ပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဘော့ဝက်စတတ်နဲ့ လင်ကီ တစ်ရက်တည်း အလုပ်ဝင်တာလေ။ သူက အခု လက်ထောက်အယ်ဒီတာဖြစ်နေပြီ။ ရုံးခန်းနဲ့ ကိုယ်ပိုင်အသေးသုံးငွေနဲ့၊ ချက်နည်းပြုတ်နည်း အယ်ဒီတာနဲ့ အတွင်းရေးမှူးတောင် တွဲသုံးခွင့်ရနေပြီ။ ဒါလောက် ပျင်းတဲ့ဘော့လို လူစားတောင် ရာထူးတက်ပြီး ဘာဖြစ်လို့ လင်ကီ ကျန်နေတာလဲ"

"ဒါကတော့ ဌာနချင်း မတူဘူးလေ"

"ဒါဖြင့် လာရီဘိုဒင်းကျတော့ကော"

လာရီက လခစားမဟုတ်၊ ဝတ္ထုတွေကို အကျဉ်းချုံးရေးဖို့ ပုတ်ပြတ်စနစ်ဖြင့် ငှားထားသော အယ်ဒီတာ။ ပိုက်ဆံတိုးတောင်းတိုင်း ပေးသည်။ အယ်ဒီတာအဖွဲ့တွင် သူ့နာမည်ထည့်ဖို့ တောင်းဆိုခြင်းကိုလည်း လိုက်လျောသည်။

လင်ကီက ဆက်ပြီး တိုက်ပွဲဝင်သည်။

"ဘယ်တော့မှ သူ့အလုပ်တွေ အချိန်မီ မပြီးဘူး။ ရက်တိုးပေးရတာ ချည်းပဲ။ ပြီးကောလည်း သူ့ဟာတွေ လင်ကီ့ကို ပြန်အချောသပ်ခိုင်းတာချည်းပဲ။ တချို့အားလုံး ပြန်ရေးရတယ်လေ။ လင်ကီ့နာမည်ကျတော့ ဘာလို့ အယ်ဒီတာအဖွဲ့မှာ မထည့်နိုင်ရကာလဲ"

ချာလီက ပထမဆုံးအကြိမ်အဖြစ် စိတ်မရှည်သည့်လေသံဖြင့်-

"မင်းက တစ်လိုင်းပဲ လင်ကီ" ဟု စပြီးမှ ခပ်အေးအေး ပြန်ဖြေပြောသည်။

"ခဏနေပါဦးကွာ၊ ကိုယ် ဘာလုပ်ပေးနိုင်မလဲ ကြည့်ပါရစေဦး"

◆◆◆

ပီတာက လင်ကီကို ဖျောင်းဖျသည်။

"ချာလီ့ကို သိပ်ဝက်အူမတင်းနဲ့လေ၊ မင်းဘက်က သိပ်တင်းလာရင် သူ ပိုပြီး ကတ်နေလိမ့်မယ်"

ပီတာ ပြောသည့်အတိုင်း ဖြစ်နိုင်ပါတယ်လေဟု လင်ကီ တွေးပြီး သုံးလ ဆက်စောင့်သည်။ အကြောင်းမထူးသဖြင့် မိမိက တာဝန်တွေ ပိုသည် ထက် ပိုလာပြီး ဘာမှ မရသည့်အဖြစ်ကို လာရီနှင့် ဘော့တို့ရနေသည့် အခွင့်အရေး နှင့် နှိုင်းယှဉ်ပြီး ထပ်ပြောသည်။

"တစ်လောက ရာထူးတိုးပေးတာတွေ များသွားတော့ ဘတ်ဂျက် မကျန်တော့ဘူး လင်ကီ။ ခဏ သည်းခံစောင့်လိုက်ဦး" ဟု ချာလီပြောတော့

mgyoe.com

.mgyoe.com SAMPLE BOOK

လင်ကီ အနာကို ဆားပက်သလို ဖြစ်သွားတော့၏။ သို့သော် ဆက်သည်းခံသည်။

စက်တင်ဘာလထဲရောက်မှ အလုပ်ဝင်လို့ တစ်နှစ်ပြည့်ပြီ ဖြစ်ကြောင်း၊ ကတိတွေအတိုင်း လုပ်ဖို့ကောင်းပြီ ဖြစ်ကြောင်း ထပ်ပြောသည်။ သည်တစ်ခါ ချာလီ ငြင်းပုံကြောင့် လင်ကီ အလန့်တကြား ဖြစ်သွားသည်။

"မင်း လက်ထပ်ပြီးတာမှ မကြာသေးဘဲကွာ၊ မင်းမှာ ငွေမလိုသေး ပါဘူး" တဲ့လေ။

"လင်ကီ လက်ထပ်တာနဲ့ ဘာဆိုင်လို့လဲ။ ငွေလိုတာ၊ မလိုတာနဲ့ရော ဘာဆိုင်လို့လဲ၊ ရသင့်ရထိုက်တာကို တောင်းတာပဲဟာ"

သူ့အပြုံးကို ပထမဆုံးအကြိမ်အဖြစ် မတွေ့ပြန်ဘဲ နေလိုက်သည်။ သူတို့ လင်မယားကို မင်္ဂလာဆောင်တုန်းက တခမ်းတနား ဖိတ်ကျွေးခဲ့၏။ ငါးဥတွေ၊ ပုစွန်တုပ်ကြီးတွေနှင့် ကမ္ဘာကျော်ရှန်ပိန်ကို အဝတိုက်ခဲ့၏။ ခုတော့ သည် လက်ထပ်ပွဲကို သူက လက်နက်သဖွယ် အသုံးပြုနေပြီ။ လင်ကီ မယုံကြည် နိုင်အောင် ဖြစ်နေ၏။

လခ တိုးယူဖို့ တစ်ခုတည်း ပြောနေခြင်း မဟုတ်ဘဲ ရာထူးတိုးဖို့ကို အဓိကထားပြောနေခြင်းဖြစ်ကြောင်း လင်ကီက အလေးအနက် ထပ်ပြောသည်။ ထုံးစံအတိုင်း စောင့်ခိုင်းပြန်၏။ သူ စကားဖြတ်ချင်နေပြီ။ နေ့လယ်စာ စားဖို့ ထွက်တော့မည် မဟုတ်လား။

"လင်ကီ စောင့်ခဲ့ရတဲ့ အချိန်တွေ များနေပြီ၊ ဘော့ဘ်ကျတော့ အဲဒီလို အခက်အခဲမျိုး မရှိခဲ့ဘူး မဟုတ်လား"

"သူက စဝင်ကတည်းက အယ်ဒီတာလက်ထောက်အဖြစ်နဲ့ ဝင်တာလေ"

လင်ကီ ဒေါသဖြစ်လာပြီ။ ဘော့သည် မိမိနှင့် ယှဉ်လိုက်လျှင် အစစ နိမ့်ကျ ညံ့ဖျင်းသူ၊ ပညာအရည်အချင်းသာမက အရည်အသွေးပါ တခြားစီ။ လူသိရှင်ကြား ပျင်းရိ၊ ဖျင်းရိမက နောက်ဆုံးမှ တိုက်ကို ရောက်ပြီး အစောဆုံး ပြန်လစ်သူလည်း ဖြစ်၏။

ရှင်းပါသည်။ ဘော့ဘ်က ယောကျ်ားဖြစ်နေလို့ ဟူသည့် အဖြေမှတစ်ပါး အခြား မရှိပြီ။ 'အမျိုးသမီးလောက' တွင် အမျိုးသားများ ကြီးစိုးနေသည် မဟုတ်လား။

ချာလီက နာရီကို ငုံ့ကြည့်သည်။ တော်လောက်ပြီဆိုသည့် သဘော။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်ရောက်ရောက်ချင်း မာတိနီ နှစ်ခွက် မှာလိုက်၏။

"တိုက်မှာလည်း အပေါက်အလမ်း မတည့်ပါဘူးကွာ၊ မိန်းမတွေဟာ အပေါက်အစပ်ကို များတယ်"

မိုးမခစာအုပ်တိုက်မှ အယ်ဒီတာ တက်ဒ်စတင်းဖို့အား ချာလီ ရင်ဖွင့်နေခြင်း ဖြစ်၏။

"သူတို့တစ်တွေဟာ မရှိမကောင်း ရှိမကောင်း ဆိုတာမျိုးတွေကွ။ ငါတော့ သိပ်စိတ်ကုန်တာပဲ။ အတွင်းရေးမှူးမတွေက သာပြီး ဒုက္ခပေးသေးတယ်။ ရုံးတွင်းပြဿနာမှန်သမျှ သူတို့စတာချည်းပဲ၊ နည်းနည်း ပိုလုပ်ရ လို့၊ အဆီအငေါ်ကလေး တည့်လာပြီဆိုတာနဲ့ လခတိုးဖို့၊ ရာထူးတက်ဖို့ နားပူ နားဆာ လုပ်တော့တာပဲ"

တက်ဒ်က စိတ်မကောင်းသည့် အမူအရာဖြင့် ခေါင်းညိတ်သည်။ ချာလီ၏ ဆိုလိုရင်းကို သူ သေသေချာချာ သဘောပေါက်ပုံဖြင့် ထောက်ခံသည်။

"ဟုတ်တယ် ချာလီ၊ အလွန်တော်ပါတယ်ဆိုတဲ့ဟာတွေတောင် စိတ်ချရတာ မဟုတ်ဘူး။ သင်ပေးလို့ တတ်လည်း တတ်ရော တခြားပြောင်းဖို့ ခြေလှမ်းပြင်တော့တာပဲ"

တက်ဒ်က အလေးအနက်ပုံစံဖြင့် မုတ်ဆိတ်ကို လက်နှင့်သပ်ရင်း ပြောနေခြင်း ဖြစ်၏။

"ငါ့လုပ်သက်လည်း မနည်းတော့ပါဘူးကွာ၊ ခုထိ မိန်းမတွေ ဘာလိုချင်မှန်း ငါ မသိသေးဘူး၊ အရမ်းထူးခြားတယ်လို့ ငါထင်တဲ့ ငါ့အတွင်းရေးမှူးလေ၊ မင်း သိတယ်နော်၊ ဒီပုတ်ထဲက ဒီပဲ ပါပဲကွာ"

တတိယခွက် ကုန်သွားပြီမို့ ချာလီ အာသွက်စ ပြုနေပြီ။

ကုမ္ပဏီပေါ်လစီနှင့် လင်ကီ လျစ်လျူရှုခံထားရချိန်တွင် လေသူရဲ ဌာန်ဂလင်း ကမ္ဘာကို ပတ်နေပြီ။ ကမ္ဘာကြီးတွင် တိုးတက်ပြောင်းလဲမှုများ ဆက်တိုက် ဖြစ်ပေါ်လျှက် ရှိသည်။

အရာအားလုံးသည် အဟုန်ဖြင့် ရှေ့သို့ ရွေ့လျားနေ၏။ ထိုအထဲတွင် လင်ကီ မပါ။ ၁၉၆၂ ခုနှစ်တစ်ဝိုက်တွင် တစ်နိုင်ငံလုံး ယောကျာ်းသားများ ဦးဆောင်သည့် လုပ်ငန်းခွင်တွင် လင်ကီ မျောပါနေ၏။

အမျိုးသမီးလောက မဂ္ဂဇင်း အယ်ဒီတာအဖွဲ့ တသီကြီးထဲတွင်

mgyoe.com

mgyoe.com SAMPLE BOOK

'မေ တို့အလှ' ကဏ္ဍာ အယ်ဒီတာနှင့် ချက်နည်းပြုတ်နည်းကဏ္ဍာ လက်ထောက် အယ်ဒီတာနှစ်ဦးသာ အမျိုးသမီးများ ဖြစ်ကြသည်။

ကော်ရယ်ဝင်စတိန် သည်ရာထူးရသည်မှာ အလှကုန်သူဌေးတစ်ဦးနှင့် တိတ်တိတ်ပုန်း ဇာတ်လမ်းရှိနေခြင်းကြောင့် ဖြစ်၏။ လစဉ် ကြော်ငြာစာမျက်နှာ တစ်ဒါဇင်လောက် ရသည်လေ။ သည်လျှို့ဝှက်အချစ်ဇာတ်လမ်းကလေး ပြီးဆုံး သည်နှင့် ကော်ရယ် နောက်ထပ် အလုပ်တစ်ခု ရှာရတော့မည်ဟု အားလုံး သဘောပေါက်ထားကြ၏။

ဒါကို မမကော်ရယ်ကိုယ်တိုင် သိသည်။

"ဘယ်လောက် တရားကျဖို့ကောင်းလဲ၊ ရယ်ဗလွန်မှာ ကိုယ် ငါးနှစ် လုပ်ခဲ့တယ်။ အယ်စတိလော်ဒါမှာ ငါးနှစ်၊ ဒါတွေကို ဘယ်သူမှ သတိမရ ကြတော့ဘူးနော်" ဟု ကော်ရယ်ဝင်စတိန် ညည်းတွားဖူးသည်။

ဘက်ကီရိစ်က အမျိုးသမီးလောကတွင် လုပ်သက် ဆယ့်ငါးနှစ် ရှိပြီ။ သက်ဆိုင်ရာကို ခပ်မိုက်မိုက် ချဲရဲသဖြင့် လက်ထောက်အယ်ဒီတာ ရာထူး ကို ရလာခြင်း ဖြစ်၏။

တစ်ခုသော ခရစ္စမတ်အထူးထုတ်တွင် အထူးဟင်းလျာများအကြောင်း ပါမည် ကြော်ငြာပြီးမှ ဖောင်ပိတ်ရက်တွင် စာမူတွေအားလုံး ယူသွားပြီး ဘက်ကီက ရုံးမတက်ဘဲ နေသည်။ အယ်ဒီတာအဖွဲ့တွင် သူ့နာမည် မထည့်ပေးလျှင် ပြန်မလာတော့ဟု ဘက်ကီက ရာဇသံပေးသည်။

အိမ်ရှင်မ ပရိသတ်က မက်မွန်သီးနှင့် သစ်အယ်သီးဌာပနာမုန့် လုပ်နည်း၊ တင်လဲပေါင်မုန့်ဖုတ်နည်း၊ သစ်ကြံပိုးနှင့် လေးညှင်းနံ့သင်းသည့် ကိတ်မုန့်လုပ်နည်းများကို စောင့်ဖတ်ပြီး စမ်းသပ်မည်ဟု အားခဲထားချိန်၊ ဘက်ကီ၏ ဆောင်းပါးများကို မဂ္ဂဇင်းမှ ဖြုတ်ပြီး အိမ်ရှင်မတို့က မီးဖိုဆောင်တွင် ကလစ်နှင့် တွဲထားကြသည်ဆို၏။ ခရစ္စမတ်အထူးထုတ်တွင် သည်ကဏ္ဍာ မပါလျှင် မဂ္ဂဇင်း မည်သို့မျှ မထွက်ရဲ။

"အဲဒီတုန်းက ကိုယ့်ဖိုင်တွဲထဲမှာ အရက်ကြော်ငြာနဲ့ စားသောက်ကုန် ကြော်ငြာတွေပါ ပါလာတယ်ကွ၊ ဘယ်ရမလဲ၊ ကိုယ်တောင်းတာ သူတို့မပေးဘဲ မနေနိုင်ကြတော့ဘူးလေ" ဟု ဘက်ကီက သူ့အောင်ပွဲကို စားမြုံ့ပြန်ပြသည်။

"ဒါပေမဲ့ အသားစဉ်းပုံ၊ လှီးပုံဖြတ်ပုံနဲ့ ပန်းကန်ခွက်ယောက်တွေနဲ့ပဲ ကိုယ် အချိန်ကုန်နေတယ်လေ။ ဒီအဆင့်ကကို မတက်တော့ဘူး"

mgyoe.com

mgyoe.com SAMPLE BOOK

မီးဖိုဆောင်ကဏ္ဍ၏ ဌာနမှူးသည်လည်း အခြားဌာနမှူးများကဲ့သို့ ပုရိသခေါ် လူအထီးတစ်ယောက်ပင်။

◆◆◆

အလုပ်တစ်ခုခု လုပ်နေရင်း အခြားအလုပ်ရှာခြင်းက အကောင်းဆုံးဖြစ်ကြောင်း သဘောပေါက်လာသည်နှင့် မျက်စိကို ဖွင့်၊ နားလည်းစွင့်လျက် ချာလီ မသွားချင်သည့် ဒုတိယတန်းစား ဧည့်ခံပွဲများ တက်ရင်း စနည်းနာသည်။

"လက်ထောက်တစ်ယောက်တော့ ကိုယ့်မှာ လိုနေတယ်" ဟု ရော့ဖ်ဝိတ်စ်က လင်ကီကို ပြောသည်။ လင်ကီက ပြန်မေးသည်။

"လက်နက်ပုန်းရဲ့ တာဝန်က ဘာတွေလဲ"

"တင်ပေးလို့ရတဲ့ လူတွေကို တင်ပေးနိုင်တယ်လေ။ တစ်ခါတလေ နာမည်ကြီးတွေကို ပိုပြီး နာမည်ကြီးလာအောင်တောင် လုပ်ပေးနိုင်သေးတယ်၊ တကယ်တော့ ကိုယ်က ရှဲဒိုး အယ်ဒီတာပဲ"

"ရှဲဒိုး စာရေးဆရာပဲ ကြားဖူးပါတယ်၊ ရှဲဒိုး အယ်ဒီတာရယ်လို့ပဲ"

"ဟန့်ဂရင်နီက သူ့ဆီ ရောက်လာတဲ့ စာမူတစ်ခုကို စင်းလုံးချော မဖြစ်မချင်း ဘယ်တော့မှ သူ့ရုံးခန်းထဲက ပြန်မထွက်စေရဘူး၊ အဲဒါကိုယ့်အလုပ်ပဲ"

"လင်ကီ နားလည်ထားတာက စာအုပ်ပွဲစားတိုက်တွေက စာမူကို ရောင်းပေးရုံပဲ ထင်နေတာ၊ တည်းဖြတ်ပေးတယ်လို့ မကြားဖူးဘူး"

"တခြားတိုက်တွေ ဟုတ်တယ်၊ ဒါပေမဲ့ ဟန့်ဂရင်နီရဲ့ စာပေပေါင်းကူးက တစ်မျိုး၊ ခပ်ရိုးရိုး စာမူတစ်ခုကို မင်း တည်းဖြတ်ကြည့်ပါလား၊ ကိုယ်လည်း သဘောကျတယ်၊ ဟန့်လည်း ကြိုက်မယ်ဆိုရင် ကိုယ့် လက်ထောက်စာတည်း မင်း ဖြစ်နိုင်တာပေါ့"

"လင်ကီ ကြိုးစားမယ်၊ ဒီမဂ္ဂဇင်းတိုက်က ထွက်ရဖို့ဆိုရင် လင်ကီ ဘာလုပ်ရ လုပ်ရ လုပ်မယ်"

"ဟန့်ဂရင်နီလို လူဆီမှာ လုပ်ရ လုပ်ရ လုပ်မှာပဲလား"

ရော့ဖ်က မယုံကြည်နိုင်စွာ ပြန်မေးသည်။ အဖိုးတန် အနွေးထည်ထည်လဲဝတ်ပြီး အထက်တန်းလွှာပုံစံကျ မိန်းကလေးတစ်ယောက်က ဟန့်ဂရင်နီလို စည်းပြင်က လူတစ်ယောက်ဆီမှာ အလုပ်လုပ်မည် ဆိုပါကလား။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း [၁၂]
## လင်ကီ

ဟာန့်ဂရင်နီသည် ပြောစမှတ်ပြုရမည့် လူစားမျိုး ဖြစ်သည်။ သူ့အကြောင်း ပုံပြင်များကို လင်ကီ နားမဆံ့အောင် ကြားဖူးထားပြီးသား ဖြစ်သည်။ အပြောကျယ်လှသော စာပေလောကထဲသို့ ဝင်လာသည်မှာ သုံးနှစ်သားမျှသာ ရှိသေးကြောင်းနှင့် သူ့စာအုပ်တိုက်အကြောင်းကို သိထားပြီးပြီ။

သူ့ကို လူတော်တစ်ယောက်၊ အလွန်ရည်မှန်းချက် မြင့်သူတစ်ယောက် အဖြစ် အားလုံးက အသိအမှတ် ပြုကြရ၏။ သူ့လောက် အလုပ်လုပ်နိုင်သူ၊ ကြိုးစားသူ မရှိနိုင် ဟူ၍လည်း စံတင်ထားကြရ၏။ အရောင်းအဝယ်၊ အပေး အယူကိစ္စများတွင်လည်း အပြတ်သားဆုံး၊ အမာကျောဆုံး ကိုယ့်အတွက် ကျန်အောင် အကွက်ဆင်တတ်ဆုံးဟုလည်း နာမည်ကြီး၏။ အပေါင်းရ အသင်းရ ကျပ်သည့်နေရာတွင်လည်း နှစ်ယောက် မရှိဟု ဆိုကြ၏။

ဟာန့်ဂရင်နီအား စာပေထုတ်ဝေရေးလောကတွင် အညစ်ဆုံး လူတစ်ယောက်ဟု အသိအမှတ် ပြုသူများလည်း ရှိ၏။ သူ့လူတွေကို ခရစ္စမတ် အဖိတ်နေ့လို နေ့မျိုးတွင် အလုပ်ဖြုတ်ချင်ဖြုတ်ပစ်၏။ လူရှေ့မရှောင် သူရှေ့မရှောင် ဆူဆဲကြိမ်းမောင်း၏။ အချို့ အမျိုးသမီးများ မျက်ရည်တောက်တောက် ကျရသည်ဆို၏။ ရုံခါတွင် ယောက်ျား ရင့်မာကြီးများပင် ထိုင်ငိုရသည်ဟု ပြောကြ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ငါးမိနစ်မျှ ရုံးတက် နောက်ကျရုံဖြင့် အရေးယူချင်ယူ၏။ စက်ရုံ အလုပ်ရုံ များတွင် ထားသည့် အချိန်မှတ်နာရီကို သူ့ရုံးခန်းထဲတွင် တပ်ဆင်ထားသည်။ သူ့တိုက်တွင် ညဉ့်နက်သန်းခေါင်ထိ အလုပ်လုပ်ရခြင်းမှာ အဆန်း မဟုတ်တော့။ ထုံးစံလို ဖြစ်နေပြီ။ ဟန့်ဂရင်နီ၏ ကြောက်စရာသတင်းဆိုးများနှင့် သူ့ထက်မြက်မှု တွေကို ချိန့်ထိုးရင်း လင်ကီ အခြားအလုပ်တွေကို ရှာသည်။ စိတ်မဝင်စားသည့် အလုပ်တွေရပြီး လိုချင်သည့်နေရာတွေက အကြောင်းမညီညွတ်ဘဲ ဖြစ်နေ၏။

အယ်ဒီတာထက် အတွင်းရေးမှူးအလုပ်တွေသာ ပေါများနေကြောင်း လင်ကီ တွေ့ရ၏။ လူတိုင်း အတွင်းရေးမှူး လိုနေကြပြီလား။ အယ်ဒီတာများ ကလည်း အတွင်းရေးမှူးနှင့်၊ စာပေပွဲစားတွေ၊ ထုတ်ဝေသူတွေအားလုံး အတွင်းရေးမှူး ကိုယ်စီနှင့်။

လင်ကီက အယ်ဒီတာ ဖြစ်ချင်သူ။ သို့သော် လက်ထောက်အယ်ဒီတာ အလုပ်ဖြင့် အတွေ့အကြုံမရဘဲ မည်သို့ အယ်ဒီတာဖြစ်နိုင်မည်လဲ။ ရော့ဖ်ဝိတ်စ်နှင့် ဟန့်ဂရင်နီတို့ တိုက်တစ်ခုသာ နီးစပ်မလို ဖြစ်နေသည်။

ရော့ဖ်က နမူနာတည်းဖြတ်ဖို့ စာမူတစ်ပုဒ် ပို့လိုက်သည့်အခါတွင် ဟန့်ဂရင်နီနှင့် တွေ့ရသည်အထိ လုပ်ပြဖို့ လင်ကီ ဆုံးဖြတ်လိုက်သည်။

ရော့ဖ်က လင်ကီကို စာတည်းပုံများ သင်ပေးသည်။

"အားလုံးကို ဂရုစိုက်၊ အကွက်တိုင်းကို သတိထား၊ ဇာတ်ကြော၊ ဇာတ်ကွက်၊ ဦးတည်ချက် ရေးပုံ သားပုံ၊ ဇာတ်ကောင်စရိုက်၊ ဇာတ်ပန္နက်ကစ အသေးစိတ် သတိထားပြီးဖတ်၊ ပြီးမှ စာမူအပေါ် သုံးသပ်ချက် ရေးရမယ်၊ ရောင်းစွံနိုင် မစွံနိုင် မှတ်ချက်ပေးရမယ်။ ပထမ ကတ်ထူဖုံး၊ နောက် အဖုံး ပျော့နဲ့ ထပ်ထုတ်ဖို့ပါ သုံးသပ်ပြရမယ်။ ဒါတင်မကသေးဘူး၊ မဂ္ဂဇင်း တစ် စောင်စောင်မှာ အခန်းဆက် ပထမ ထည့်နိုင် မထည့်နိုင်၊ ပြီးတော့ ရုပ်ရှင် ရိုက်ဖို့ ဖြစ်နိုင် မဖြစ်နိုင်၊ ဆုရဖို့ တန်းဝင် မဝင်၊ အဲဒါတွေအပြင် ကိုယ်နဲ့ ဟန့် ကိုယ်စား စာရေးဆရာဆီကို အကြံပြုချက် စာကြမ်းပါ မင်း ရေးရမှာ"

စာမူကို တစ်ညတည်း အပြီးဖတ်ပစ်လိုက်သည်။ စနေ၊ တနင်္ဂနွေတွင် အစီရင်ခံစာ ရေးရသည်။ စာရေးဆရာထံ အယ်ဒီတာ အကြံပြုချက် တစ်ဒါဇင်မျှ ပါသည့် စာကြမ်းလည်း ရေးချလိုက်သည်။

စာမူထုပ်ကြီးပိုက်ပြီး အစီရင်ခံစာနှင့် စာရေးဆရာထံ အကြံပေးစာ သွားပို့တော့ ရော့ဖ်က ချက်ချင်းဖတ်ပြီး-

mgyoe.com

mgyoe.com SAMPLE BOOK

"အစီရင်ခံစာက နိုင်ပါ၏၊ အကြံပြုစာကလည်း မဆိုးပါဘူး၊ ဒါပေမဲ့ နည်းနည်းလိုသေးတယ်" ဟု ရှော့ဖ်က မှတ်ချက်ပေးသည်။

"လင်ကီ လိုတာတွေ ထောက်ပြပေးပါလား" ဟု ရှော့ဖ့်ကို တောင်းပန်တော့ စနေနေ့တွင် လင်ကီ့အခန်းသို့ ရှော့ဖ် ရောက်လာသည်။ လင်ကီ ချကျွေးသမျှ မုန့်ပဲသရေစာတွေကို အဝအပြဲ စားပြီးသည်နှင့် စာတည်းပုံကို ကရားရေလွှတ် ပြောတော့၏။

လင်ကီ၏ စာရေးဆရာအား အကြံပြုသည့် အချက်ပေါင်းတစ်ဒါဇင်မှသည် လေးဒါဇင် ဖြစ်လာ၏။ အတွေ့အကြုံရင့်လှပြီဖြစ်သည့် ရှော့ဖ် မျက်လုံးထဲတွင် စာရေးဆရာ၏ ချွတ်ယွင်းချက်အားလုံးကို ထိုးဖောက် မြင်နိုင်စွမ်းသည့် သဘောပင်။

ရှော့ဖ်က အသေးစိတ် ရှင်းပြသည်။ ဇာတ်တည်ဆောက်ပုံ မခိုင်မာသည့် ဝတ္ထုမျိုးကို အားကောင်းလာအောင် ဘယ်လို လုပ်ရမယ်၊ အဖြတ် အတောက်ကို ဘယ်လို လက်ရဲရမယ်၊ စာဖတ်ပရိသတ်ရင်ကို ထိစေမယ့် နေရာမျိုးကို ဖွဲ့နွဲ့ရာမှာ အချိန်အခါနဲ့ ကိုက်ညီအောင် ဘယ်လို အကွက်ချရမယ်၊ စသည် စသည်များအပြင် မဂ္ဂဇင်းတွင် ခွဲထည့်မည့် ဝတ္ထုများတွင် လစဉ် လှုံ့ဆော်သည်းဖိုဆန်သည့် အခန်းဖြင့် ပိုင်းဖြတ်ပုံများကိုလည်း သင်ပေးသည်။

စာဖတ်သူ၏ ရင်ထဲ စွဲနေစေမည့် ဇာတ်ရုပ်မျိုးကို ဖန်တီးပုံ၊ အရပ်သုံး စကားလုံးများကို တန်ဖိုးရှိရှိ ရွေးချယ် အသုံးချပုံများကိုပါ အသေးစိတ် လက်ချာရိုက်သည်။ စင်စစ် ရှော့ဖ်သည် လင်ကီအား စာမူတည်းဖြတ်ပုံကို လက်ပူတိုက် သင်ကြားနေခြင်း ဖြစ်လေသည်။

ရှော့ဖ်၏ စနစ်မှာ စာမူတစ်ပုဒ်ကို ရိုးရိုးတည်းဖြတ်ခြင်း မဟုတ်တော့ဘဲ တစ်စစီ ဆွဲဖျက်ပြီး ပြန်လည် တည်ဆောက်ခြင်းမျိုးဖြစ်ကြောင်း လင်ကီ သဘောပေါက်လာသည်။

ပို့ချချက်ဆုံးတော့ လင်ကီ မေးကြည့်သည်။

"ရှော့ဖ်၊ အဲဒါတွေ ဘယ်မှာ သင်ခဲ့တာလဲဟင်"

"ဟန့်ဆီက ရတာပေါ့၊ သူက ပြောတယ်။ သူ တော်လို့ မဟုတ်ဘူးတဲ့၊ သူ့အယ်ဒီတာတွေ ညံ့လို့ ဝင်လုပ်ရတာတဲ့၊ အတော်ဆုံး အယ်ဒီတာကြီး အီးဟာပါဆီမှာ သူ လက်ထောက်အယ်ဒီတာ လုပ်ခဲ့ဖူးတယ်လေ"

mgyoe.com

mgyoe.com SAMPLE BOOK

လင်ကို ကြားဖူးသည့် ဟန့်ဂရင်နီပုံပြင်များထဲတွင်တော့ သည်အကြောင်း မပါ။ ရော့ဖ်ထံမှ ရသမျှ အားလုံး လင်ကို ခေါင်းထဲ ရိုက်သွင်းလိုက်သည်။ အစီရင်ခံစာနှင့် စာရေးဆရာထံ အကြံပေးစာတို့ကို ပြန်ရေးပြီး ရော့ဖ်ဆီ သွားပို့သည်။

"ဟန့်ဆီကို ကိုယ် တင်ပေးလိုက်မယ်၊ သူ့ဆီက တစ်ခုခု ထူးခြားတာနဲ့ မင်းဆီကို ကိုယ်အကြောင်းကြားမယ် ဟုတ်ပြီလား"

နောက်တစ်နေ့ ရှစ်နာရီခွဲတွင် လင်ကိုစားပွဲပေါ်မှ တယ်လီဖုန်း မြည်လာသည်။ စာမူကို ဟန့် ဖတ်ပြီးသွားပြီဖြစ်ကြောင်း ရော့ဖ် အကြောင်း ကြားလာခြင်း ဖြစ်၏။

"သူ ဘာပြောလဲဟင် ရော့ဖ်"

"ဘာမှ မပြောဘူး" ဟု ပြောပြီး ရော့ဖ် ချောင်းဟန့်သည်။

"သူ သဘောကျ မကျ ရော့ဖ် မသိဘူးလား"

"သူ မကြိုက်ရင် လွှင့်ပစ်လိုက်ပြီပေါ့။ အစအနတောင် တွေ့ရတော့မှာ မဟုတ်ဘူး"

"ဒါဆို လင်ကို နောက်တစ်ပုဒ် ထပ်စမ်းကြည့်ရဦးမလား"

စာမူ နောက်တစ်ပုဒ် ထပ်ရသည်။ သန်းခေါင်သန်းလွဲအထိ လင်ကို ဖတ်လိုက်၊ တည်းလိုက် လုပ်သည်။ အယ်ဒီတာမှတ်ချက်ကို အကြိမ်ကြိမ် ပြန်ရေးသည်။ စာရေးဆရာသို့ အကြံပြုစာကို အကြိမ် တစ်ဒါဇင်လောက် ပြန်ရေးဖြစ်သည်။ ဘာကြောင့် သည်လောက် အပင်ပန်းခံနေမှန်း ပီတာ လုံးဝ သဘောမပေါက်။

"ပိုက်ဆံလည်း မရဘဲနဲ့ ရော့ဖ်နဲ့ ဟန့်ဂရင်နီအတွက် မအိပ်မနေ လုပ်နေတယ် ဟုတ်လား"

"အို … ပီတာကလည်း ပိုက်ဆံရဖို့ လုပ်နေတာမှ မဟုတ်တာ။ ဒီ မဂ္ဂဇင်းတိုက်က ထွက်ဖို့ လုပ်နေတာပဲဟာ။ ဒီစာမူ အပေါက်အလမ်း တည့်သွားရင် အင်တာဗျူး ဝင်ချင်ဝင်ရမှာ၊ ကံကောင်းရင် စာပေပေါင်းကူးမှာ အလုပ် ဖြစ်သွား နိုင်တယ်လေ"

နံဘေးတွင် ခေါင်းလိုက်မျဉ်းတွေ မြားတွေ မှတ်ချက်တွေ ရှုပ်ပွနေ သည့် စာမူကို ငုံ့ကြည့်ရင်း လင်ကို ပြောနေခြင်းဖြစ်၏။ နှုတ်ခမ်းတွင် ဆိုး ဆေးမရှိတော့။ ပင်ပန်းလှပြီ။

mgyoe.com

m gyobe.com

"ဟန်္ဂရင်နီဆီမှာ မင်း ဝင်လုပ်ချင်တယ် ဟုတ်လား လင်ကီ"

သည်လူ့အကြောင်း လင်ကီ့ဆီက ကြားရသမျှမှာ မကြားဝံ့ မနာသာ တွေချည်း ဖြစ်၍ မယုံကြည်နိုင်စွာ ပီတာ မေးခြင်း ဖြစ်၏။

"လုပ်ချင်တယ်လို့လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ လင်ကီ ဘယ်လောက် မြန်မြန် တတ်လွယ်တယ်၊ ဘယ်လောက် အလုပ်လုပ်နိုင်တယ်ဆိုတာတော့ လူတွေ သိစေချင်တယ်။ အဲဒါမှ တဖြည်းဖြည်း ကိုယ်လုပ်ချင်တဲ့အလုပ်ကို လုပ်ရမှာ၊ ဟန်္ဂရင်နီဆီမှာ မဟုတ်ရင်လည်း တခြားတိုက် တစ်ခုခုပေါ့"

◆◆◆

ဤသို့ဖြင့် လင်ကီသည် နေ့ပိုင်းတွင် 'အမျိုးသမီးလောက' အတွက် အလုပ်လုပ်ပြီး ညပိုင်းတွင် ဟန်္ဂရင်နီ၏ အလုပ်တွေကို အိမ်ယူပြီးလုပ်သည်။ တစ်ပြိုင်တည်းတွင် အိမ်မှုကိစ္စကိုလည်း မလစ်ဟင်းစေရအောင် ကြိုးစားသည်။ အမေက အဖေ့ကို ပျော်အောင် ထားသလို ပီတာ့ကို ပျော်အောင်ထားသည်။ လင်တော်မောင်ကို အိမ်ဦးနတ်အဖြစ်၊ ဘဝမဏ္ဍိုင်အဖြစ် ကိုးကွယ်သည်။

သူ စိတ်ဝင်စားသည့် အရာမှန်သမျှ လိုက်ပြီး စိတ်ဝင်စားသည်။ သူ့ သူငယ်ချင်း အပေါင်းအသင်းများကို တရင်းတနှီး ဆက်ဆံသည်။ လိုလေသေး မရှိ ဧည့်ခံသည်။ မိမိတို့ အိမ်ထောင်စုကလေးကို 'စံပြရိပ်မြုံ' ကလေးတစ်ခု ဖြစ်အောင် လင်ကီ ကြိုးစားဖန်တီးသည်။

ပီတာက ချည်ထည်ကြိုက်သဖြင့် အိပ်ရာခင်းများကို ဘယ်တော့မှ ပိုးတို့၊ ဖဲတို့ မသုံးတော့။ ပီတာ့အကြိုက် လိုက်ပြီး လင်ကီသုံးနေကျ စားပွဲပေါ် တင်သည့် အောက်ခံအဝိုင်းပြားကလေးများကို သိမ်းထားလိုက်သည်။ မီးဖိုဆောင် တွင် ငွေထည်ပစ္စည်းများကို သုံးနေကျဖြစ်သော်လည်း စတီးဇွန်း၊ ခက်ရင်းများ ကိုသာ သုံးတော့သည်။

စာမူတွေ၊ စာအုပ်တွေ မအားမလပ် ဖတ်နေသည့်ကြားမှ ဟင်းချက် နည်း စာအုပ်များကိုလည်း လင်ကီ ဖတ်သည်။ လင်တော်မောင် လျှာရင်းမြက် အောင် ကြံဖန်ချက်သည်။

ရုံးအားရက် နံနက်ခင်းများတွင် ကြက်ဥကြော်တွေကို အိပ်ရာထဲထိ ယူလာကျွေးသည်။ ရုံဖန်ရံခါတွင် ဗန်းထဲမှ နံနက်စာကို နှင်းဆီပွင့်တွေ ခြံရံလိုက်သေး၏။ ရှန့်ပိန်ခွက်နှင့် နောက်ဆုံးပေါ် အချစ်နိုတိစာအုပ်လည်း နံနက်စာ

mgyoe.com SAMPLE BOOK

ဗန်းထဲတွင် ပါသည့်အခါ ပါ၏။ နံနက်စာ စားပြီးလျှင် အိပ်ရာပြန်ဝင်ဖြစ်ကြသည်က ခပ်များများ။

"အဲဒီစာအုပ်မျိုးတွေ ဆက်မထုတ်ကြရင် ကိုယ်တို့ ဘာလုပ်ကြမလဲ ဟင်"

ဗီတာက ပူပူပင်ပင် မေးသည်။ လင်ကီ ဖြေ၏။

"သိပ် ပူစရာရှိမယ် မထင်ပါဘူး မောင်ရယ်၊ စာအုပ်ဆိုတာ လူတွေ ရေးတာပါ"

◆◆◆

ဗီတာ့အတွက် ညစာသည် အမြဲတမ်း စိုပြည် မြိုင်ဆိုင်လေသည်။ ဝိုင်ဖြူဆိုလျှင် အသားပြုတ်နှင့်၊ ချဉ်ငန်စပ်ကောင်းကောင်းနှင့်။ ဝိုင်နီဆိုလျှင် အသားကြော်နှင့်။ ဗီတာ့ရုံးမှ မိတ်ဆွေများ၊ ကောလိပ်အပေါင်းအသင်းများအတွက် ညှော်ခံပွဲများတွင် တစ်ခါနှင့်တစ်ခါ ဘယ်တော့မှ ဟင်းလျာ မထပ်စေရ။ ပြီးတော့ တိုက်သည့်ဝိုင်နှင့် အစပ်အဟပ် တည့်ပြီးသား ဖြစ်စေရမည်။ သည့်အတွက် အပေါင်းအသင်းများက လင်ကီကို ချီးကျူးမဆုံး ရှိကြ၏။

နွားကလေးသားကို ဒယ်အိုးထဲတွင် ရဲနေအောင် ကြော်ရင်း၊ သို့မှမဟုတ် ငါး၊ ပုစွန်များကို ကင်ရင်း-

"လင်ကီက ချက်တဲ့ပြုတ်တဲ့နေရာမှာ လက်ဆိပ်ရှိတယ်" ဟု လင်ကီ ပြော တတ်သည်။

အိမ်ထောင်သည်ဘဝကို သည်မျှ ပျော်စရာကောင်းလိမ့်မည်ဟု ဗီတာ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့။

"ကိုယ်က မိန်းမယူပြီး ခဏကြာရင် ငြီးငွေ့လာမယ် ထင်တာ၊ ခုတော့ ငြီးငွေ့စရာဆိုလို့ တစ်စက္ကန့်တောင် မရှိဘူး" ဟု ဗီတာက အပေါင်း အသင်းများအား ပြောတတ်သည်။

လင်ကီ အလုပ်တစ်ခု ရှာနေသည့် ကိစ္စအတွက်လည်း ဗီတာ စိတ်ပါ လာသည်။ အားပေးစ ပြုလာသည်။

"ခုတော့ ကိုယ့်မိန်းမက အတွင်းရေးမှူးပေါ့ကွာ၊ ဒါပေမဲ့ မကြာခင် သူ ကိုယ်တိုင် အတွင်းရေးမှူးတစ်ယောက် ရတော့မှာပါ" ဟုလည်း ဗီတာ နောက်တတ်၏။ သူ့အလုပ်တွင် စိတ်ပျက် ငြီးငွေ့နေသော ဗီတာသည် လင်ကီကို ကြည့်ပြီး အားတက်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

'အမျိုးသမီးလောက' မဂ္ဂဇင်းဟာ တခြား အပျော်ဖတ် ပေါ်ပင်မဂ္ဂဇင်းတွေနဲ့ စာရင် အပုံကြီးသာပါတယ်'' ဟုလည်း ကြော်ငြာပေးတတ်၏။

လင်ကီ ကလည်း တိုက်မှာ ဖြစ်ခဲ့သည့် အတွေ့အကြုံတွေကို ပီတာ့အား ပြန်ပြီး ဖောက်သည်ချတတ်သည်။

ချာလီ တစ်နေ့တခြား အရက်ပိုသောက်လာကြောင်း၊ မမ ကော်ရယ်နှင့် အလုကုန်သူဌေးကြီးတို့၏ ပြင်းထန်လှသည့် တိတ်တိတ်ပုန်း အချစ်ဇာတ်လမ်း၊ တိုက်သားအချင်းချင်း လက်သီးပုန်း ထိုးနေကြပုံ၊ နိုင်ငံရေး အမြင် မတူကြပုံ စသည် စသည်များ။

နှစ်ယောက်စလုံး မွေးချင်းမရှိသူများဖြစ်၍ တစ်ဦးနှင့်တစ်ဦး ပို၍ တွယ်တာကြသည်၊ ကြင်နာကြသည်။ ပီတာ ဝါသနာပါသည့် ရှေးဟောင်း ဗိသုကာပုံစံများ စုဆောင်းသည့်အလုပ်ကို စိုက်လိုက်မတ်တတ် တစ်ဖက်က လုပ်ဖို့ လင်ကီ အားပေးသည်။

''ချီကာဂိုပြတိုက်တစ်ခုမှာ ဖရင့်ရိုက်ရဲ့ ပုံစံတွေ ရောင်းဖို့ ပြထားတယ် ကြားတယ်။ တို့ သွားလေ့လာကြရအောင်'' ဟု ပီတာက အားတက်သရော ပြောသည်။

လင်တော်မောင်၏ အားပေးမှုပါ ရလာသည့်အခါ လင်ကီကလည်း အလုပ်ရဖို့ ကြိုးစားပမ်းစား အားထုတ်သည်။ နမူနာစာမူသုံးပုဒ် တည်းဖြတ်ပြီး ရှော့ဖ်ဆီ ပို့လိုက်သည်။ မကြာမီ ရှော့ဖ်က ဖုန်းပြန်ဆက်လာသည်။ 'ဟန့်ဂရင်နီက လင်ကီ့ကို လူတွေ့ စစ်ဆေးမည်' တဲ့။ ခရစ္စမတ်နှင့် နှစ်ကူး ကြားရက် တစ်ရက်ကို ရက်ချိန်းပေးလိုက်၏။

''ဟာ ... ဒီရက်က လူတွေ အလုပ်လုပ်တဲ့ရက်မှ မဟုတ်တာ''

ပီတာ တအံ့တသြ ပြောသည်။

''အဲဒီလူတွေထဲမှာ ဟန့်ဂရင်နီ မပါဘူး ထင်တယ်'' ဟု လင်ကီက ထင်ကြေးပေးလိုက်သည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း [၁၃]
## လင်ကီ

ဟန့်ဂရင်နီသည် မွေးကတည်းက တိုက်ပွဲနှင့် စခဲ့ရသူ ဖြစ်သည်။ ဟန့်တို့ မိသားစုသည် တောင်ကာရိုလိုင်းနားပြည်နယ် ဂရင်းဗဲလ်တွင် တစ်ခုတည်းသော ဂျူးမိသားစုဖြစ်သည်။ ဟန့်၏အဖေ ဆော်လ်ဂရင်နီမှာ သဘော်ဆေး စက်ရုံတွင် လစာအနည်းဆုံး အလုပ်သမားဘဝမှ စခဲ့ရသည်။

ဂျူးလူမျိုးဖြစ်ရခြင်း၊ ဆင်းရဲမွဲတေခြင်းတို့သည် ဟန့်တွင် ဆူး တစ်ချောင်းပြီးတစ်ချောင်း ပေါက်လာခြင်း၏ အကြောင်းရင်းများ ဖြစ်လေသည်။

ကျောင်းသားဘဝတွင် အားကစား မထူးချွန်သဖြင့်လည်း မျက်နှာ မပွင့်ခဲ့။ ခေါင်းကောင်းသော်လည်း မျက်စိမှုန်သဖြင့် ဘယ်အသင်းကမှ သူ့ကို မသုံးခဲ့။ ဘယ်မိန်းကလေးမှ သူ့ကို ဂရုမစိုက်။ မကြိုက်။

ဆယ်တန်းအောင်သည့်အခါတွင် ဂျူးလူမျိုးဖြစ်နေ၍ တက်ချင်သည့် ကောလိပ်ကို မတက်ရ။ ကြိုက်သည့်မိန်းကလေးက ဘယ်တော့မှ ပြန်မကြိုက်။ ဤသို့ဖြင့် ဟန့်ဂရင်နီသည် ဆူးမျိုးစုံပေါက်နေသည့် အမုန်းခွန်အားနှင့် လူသား တစ်ယောက် ဖြစ်လာတော့သည်။

လင်ကီကို တွေ့ကတည်းက ပုံစံကျ အထက်တန်းလွှာမှ ဖြစ်ကြောင်း ဟန့်ဂရင်နီ တန်းသိလိုက်၏။ ဘာသာတိုင်း ဂုဏ်ထူးရှင်၊ 'အမျိုးသမီးလောက' မှ ငမူးအယ်ဒီတာ ချာလီလင့်ဆီမှာ အလုပ်လုပ်နေသော်လည်း မိမိနှင့် လုံးဝ တန်းမတူနိုင်သည့် အဆင့်မျိုး။

mgyoe.com

mgyoe.com SAMPLE BOOK

လင်ကီ၏ တည်းဖြတ်မှု လက်ရာများကို ဟန် သေသေချာချာ ဖတ်ပြီးပြီ။ အစီရင်ခံစာမှာ သိပ်သည်းကျစ်လျစ်၏။ အကြံပေးစာမှာ အကျိုးအကြောင်းပြည့်စုံ၏။ အားကောင်း၏။ သည်မိန်းကလေး၏ အကြံပေးသည့်အတိုင်း စာရေးဆရာ၊ သို့မဟုတ် စာရေးဆရာမ လိုက်နာမည်ဆိုလျှင် ယင်းစာမူစွံဖို့ မြေကြီးလက်ခတ် မလွဲဟု ဟန် ယုံကြည်လိုက်၏။

စာတည်းပုံ၊ ဝတ္ထုကို သုံးသပ်ပုံကိုသာ ဟန်သဘောကျသည် မဟုတ်။ စာဖတ်၊ စာတည်းရာတွင် မြန်ဆန်သွက်လက်လှကြောင်းလည်း ဟန် သတိထားမိ၏။

သူ ငှားသုံးနေသည့် အယ်ဒီတာတွေနှင့်စာလျှင် လင်ကီဒက်စမွန်ဆို သော ထိုအမျိုးသမီးသည် သုံးဆလောက်မြန်ပြီး သုံးဆလောက် ပိုတော်သည်ဟု ဟန် သုံးသပ်လိုက်သည်။ ရှော့ဖ်ဝိတ်စ်လို လူတစ်ယောက်က ထောက်ခံထားသည့် အတွက်လည်း ဘယ်လိုမှ အထင်သေး၍ မဖြစ်။ ဆယ့်ရှစ်လအတွင်း ရှော့ဖ်ကို သူ လေးကြိမ် အလုပ်ဖြုတ်ခဲ့ပြီးပြီ။ သူ မရှိလျှင် အလုပ်မဖြစ်သဖြင့် လေးကြိမ်လုံး ပြန်ခန့်ခဲ့ရ၏။

စာမူတစ်ပုဒ်ကို တန်ဖိုးဖြတ်ရာ၊ တည်းဖြတ်ရာတွင် အလွန်ထက်သည့် အယ်ဒီတာတစ်ယောက်အဖြစ် ဟန် အသိအမှတ် ပြုထားရသည်။

ဘာသာစုံဂုဏ်ထူးထွက်သည့် မိန်းကလေးမျိုး၊ အင်္ဂလိပ်စာပေ အဓိက ယူသည့် မိန်းကလေးမျိုးကို စာကြမ်းပိုးမကလေးအဖြစ် မြင်ပြီး စိတ်ပျက်ငြီးငွေ့ စရာ ကောင်းလိမ့်မည်ဟု ဟန် ထင်ခဲ့၏။ ပြီးတော့ ပိုးဟပ်ဖြူပုံစံကလေးဖြင့် ယောကျ်ားသားတို့ စွဲမက်စရာ ဟူ၍ အငွေ့အသက်မျှပင် ရှိမည် မထင်ခဲ့။ ထို့ကြောင့် လင်ကီဒက်စမွန်ဆိုသည့် မိန်းကလေးသည် မျက်မှန်ထူကြီးနှင့် ဆံပင်တွေ ဖွာလန်ကြဲနေသည့် မိန်းကလေးမျိုး ဖြစ်ရမည်ဟု ကြိုတင် မှန်းဆထား၏။

သည်လိုပုံစံမျိုးများနှင့် ဟန် ဆုံဖူးပေါင်းများပြီ မဟုတ်လား။ အထက် တန်းကျောင်းမှာရော တက္ကသိုလ်မှာပါ အကြိမ်ကြိမ် တွေ့ဖူး၏။ စာအုပ်နှင့် မျက်နှာမခွာဘဲ၊ ရည်းစားသနံ ထားရကောင်းမှန်းလည်း မသိဘဲ ကျောင်းပြီးလို့ အချိန်တန်လျှင် စာကြည့်တိုက်မှူးအလုပ်မျိုး၊ စေတနာ့ဝန်ထမ်း လူမှုရေးအလုပ် မျိုးနှင့် ညားသွားတတ်ကြ၏။ ဘယ်လို ယောကျ်ားမျိုး၏ စိတ်ကိုသော်မှ ညွှတ်ပျောင်းလာအောင် လုပ်နိုင်စွမ်း မရှိသော မိန်းကလေးမျိုးတွေ။

ရုံးခန်းထဲကို လင်ကီ လှမ်းဝင်လာတော့ ဟန်က ဟဲလိုဟု လှမ်း နှုတ်ဆက်လိုက်မိသည်။

ဧည့်သည်ထိုင်ခုံတွင် ဝင်ထိုင်လာသော မိန်းကလေးကို ဟန်က မျက်တောင်

mgyoe.com

mgyoe.com SAMPLE BOOK

တဖျပ်ဖျပ်ခတ်ရင်း နောက်တစ်ကြိမ် လှမ်းကြည့်လိုက်သည်။ ပြီးတော့ မျက်မှန်ကို ချွတ်ပြီး လည်စည်းနှင့် ပွတ်သည်။ ပြန်တပ်ပြီး တတိယ အကြိမ် ကြည့်သည်။

လင်ကီက ရှေ့သို့ မသိမသာကိုင်းပြီး အစစ်ဆေးခံဖို့ အသင့်ပြင်လိုက်၏။

မှန်းထားချက်နှင့် တခြားစီဖြစ်နေသော ရှေ့မှ မိန်းမချောကို ဟန့် ငေးကြည့်နေသည်။ အရပ် ခြောက်ပေ၊ ဝတ်ထားသည့် အနက်ရောင် သိုးမွေး ဆွယ်တာက ပထမတန်းစား၊ ကိုယ်နေဟန်ကောက်ကြောင်းကို ပေါ်လွင်နေစေ သည့် မီးခိုးရောင်စကတ်၊ ဆံပင်ကို ခပ်တိုတိုညှပ်ထားပြီး မျက်လုံးအရောင်က ပြာမလိုလိုနှင့် အစိမ်းရောင် သန်းနေ၏။ စူးရှထက်မြက်မည့်ပုံ။

စိန်ခြယ်လက်ထပ်လက်စွပ်ကလေး ဝတ်ထား၏။ လက်မှ နာရီက မိကျောင်းသားရေကြိုးနှင့် အဖိုးတန် အကောင်းစား။

စည်းပြင်က လူ့ခွစာ ဟန့်ဂရင်နီက ရှေ့မှ အကြင် မိန်းကလေးသည် မိမိ အလွန်မုန်းတီးသော အလွှာမှဖြစ်ကြောင်း တန်းသိလိုက်သည်။

သည်လို မိန်းကလေးမျိုးက ရော့ဖ်ဝိတ်စ်၏ လက်ထောက်အဖြစ် ဝင်လုပ်မည်တဲ့။ ဖြစ်နိုင်ပါမည်လား။ ပြီးတော့ ရော့ဖ်ဝိတ်စ် အလုပ်လုပ်နေသည့် ဟန့်ဂရင်နီ၏ 'စာပေပေါင်းကူး' သည် နာမည်ကျော် စာအုပ်တိုက်ကြီး တစ်တိုက် မဟုတ်။

ကံကောင်းခြင်းပါလားဟု မယုံကြည်နိုင်ခြင်း များစွာဖြင့် တွေးလျက် မိန်းမချောထံမှ မျက်စိမခွာနိုင်ဘဲ ဖြစ်နေ၏။

◆◆◆

မကောင်းသတင်း မွေးလှသူ ဟန့်ဂရင်နီထံတွင် လူတွေ့စစ်ဆေးခံရသည့် အဖြစ်မှာ လင်ကီအတွက် ရင်တုန်စရာ ကောင်းလှသည်။ မျက်မှန်ထူကြီး တပ်ထား သည့် မျက်နှာကြီးက ဝက်ခြံရာတွေ ထူလပျစ်နှင့်။ ဆေးလိပ်နံ့က သူ့ကိုယ်မှာ တထောင်းထောင်း။

ပြုံးရယ်ခြင်း အလျှင်းမရှိသည့် မျက်နှာဖြင့် ညှို့သည်အမျိုးသမီးငယ် တစ်ဦးကို မတ်တတ်ရပ်ကြိုဆိုဖို့ သူ လုံးဝ သတိရပုံမပေါ်။ လက်ဆွဲနှုတ်ဆက် ဖို့လည်း သူ သိပုံ မရ။

ဘာများ အမှားအယွင်းရှိလို့ပါလိမ့်ဟု လင်ကီ ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ကြည့်သည်။ မြင်မြင်ချင်း သူ ငါ့ကို မုန်းစိတ်ဝင်နေခြင်းလားဟု ခံစား မိ၏။

mgyoe.com

mgyoe.com SAMPLE BOOK

အနက်ရောင်ကို ဝတ်လာမိလို့ အသုဘရှုသွားသည့် ပုံစံတော့ မဆောင်တန်စကောင်းဟု လင်ကီ ယုံကြည်သည်။ မေးသမျှ မေးခွန်းကို ကျေနပ်အောင် ဖြေနိုင်ပါစေဟုသာ လင်ကီ ကျိတ်ပြီး ဆုတောင်းရတော့၏။

ဟန့်ဂရင်နီ မိမိအား ကြောက်ရွံ့နေသည့်အဖြစ်ကို လင်ကီ လုံးဝ မရိပ်မိ။

စားပွဲပေါ်မှ ဖိုင်တွဲကို သူ ဖွင့်သည်။ လည်ချောင်းရှင်းပြီး သူ အလုပ်စသည်။

"နာမည် ဘယ်လိုခေါ်လဲ"

"နာမည် ဘယ်လိုခေါ်လဲ၊ ဟုတ်လား"

လင်ကီက ခပ်ကြောင်ကြောင် ပြန်မေးလိုက်သည်။ မေးပြီးမှ မှားမှန်းသိလိုက်၏။ သေလိုက်ပါတော့ကွာ။ သူ့မေးခွန်းကို လုံးဝ နားမလည်သည်တော့ အမှန်၊ ကိုယ်ရေးမှတ်တမ်းကို သူ ဖတ်ပြီး မေးနေခြင်း မဟုတ်လား။ သူ စာမတတ်တာတော့ မဖြစ်နိုင်။

ဟန့်ဂရင်နီက ကုလားထိုင်ကို နေရာရွှေ့ရင်း စိတ်အနှောင့်အယှက်ဖြစ်သွားသည့် အမူအရာဖြင့်–

"မင်းကို ကျုပ်က ဘယ်လိုခေါ်ရမှာလဲ၊ ဟန့်ဂရင်နီက မိန်းကလေးတိုင်းကို ငယ်နာမည်ခေါ်ပြီး ဆက်ဆံတတ်တဲ့ကောင်မျိုး မဟုတ်ဘူး"

"လင်ကီလို့ပဲ ခေါ်ပါ"

ဟန့်ဂရင်နီက ချောင်းတစ်ချက်ဟန့်ပြီး–

" 'အမျိုးသမီးလောက' မှာ မင်း ဘာလုပ်သလဲ၊ ပြီးတော့ ဘာကြောင့် တို့တိုက်ကို ပြောင်းချင်ရသလဲဆိုတာ အကြောင်းပြပါ"

ပြောပြီး ကုလားထိုင်နောက်ကျောကို ဟန်ပါပါ ပစ်မှီလိုက်သည်။

"ကျွန်မ ချာလီလင့်ဆီမှာ အလုပ်လုပ်ပါတယ်"

စိတ်လှုပ်ရှားစွာဖြင့် ဖြေမိဖြေရာ စွတ်ဖြေလိုက်ခြင်း ဖြစ်၏။

"ဟာ … သေတော့မှာပဲ၊ ဒါတော့ သိတာပေါ့"

သူ ကိုယ်ရေးမှတ်တမ်း ဖိုင်တွဲကို ပုတ်ပြီး ဆက်ပြောသည်။

"မင်း အင်္ဂလိပ်စကား မတတ်ဘူးလား၊ မင်း ဘာလုပ်သလဲလို့ ကိုယ်မေးနေတာ"

"အဓိကအားဖြင့်တော့ ချာလီလင့်ရဲ့အလုပ်တွေကို ကျွန်မ လုပ်ရပါတယ်"

သူက စိတ်မရှည်နိုင်တော့သည့် အမူအရာဖြင့်–

mgyoe.com

mgyoe.com

"တတိယအကြိမ် ကျုပ်မေးမယ်၊ မင်း ဘာအလုပ် လုပ်သလဲ၊ ဒါမှ မဟုတ် [illegible]း တော့ တစ်ယောက်လား"

"ကျွန်မ စာမူတွေ ဖတ်ရပါတယ်၊ စာချုပ်ချုပ်တဲ့ ကိစ္စတွေ ဆောင်ရွက်ရတယ်၊ ဝတ္ထုကြီးတွေ မဂ္ဂဇင်းထဲမှာ ပြန်ထည့်ဖို့ အပြင်က အယ်ဒီတာတွေရေးတဲ့ အနှစ်ချုပ်တွေကိုလည်း တည်းဖြတ်ပေးရပါတယ်"

ရင်ထဲရှိတာတွေကို ကြောက်ကြောက်နှင့် အန်ထုတ်လိုက်ပြီးတော့ ဘာဆက်ပြောရမှန်း မသိတော့ဘဲ ပါးစပ်အဟောင်းသား ဖြစ်နေသည်။

"နောက်တော့ကော၊ နေ့လယ်စာ စားပြီး ဘာလုပ်ရသလဲ၊ ထုတ်ဝေသူတွေ လုပ်ပေးတဲ့ ဧည့်ခံပွဲတွေ တက်တဲ့အကြောင်း ထည့်မပြောနဲ့"

"စာချုပ်စာတမ်း ပြင်ဆင်တာတို့၊ စာအုပ်ထွက်မယ့်ရက် သတ်မှတ်တာတို့၊ စာမူပွဲစားတွေနဲ့ ဆွေးနွေးတာတို့ ကျွန်မပဲ လုပ်ပါတယ်။ ပေးရန် ရရန် တိကျမှန်ကန်အောင် ငွေစာရင်းဌာနကို ကြီးကြပ်ပေးရပါတယ်။ ပန်းချီဆရာတွေဆီမှာ ပုံအပ်တဲ့ ကိစ္စကိုလည်း ကျွန်မပဲ တာဝန်ယူရပါတယ်။ တခြား မဂ္ဂဇင်းတွေ လွှတ်သွားတဲ့ စာအုပ်မျိုးတွေကို 'အမျိုးသမီး'မှာ သုံးဖို့ စာမူရွေးရာမှာလည်း ကျွန်မ ပါရပါတယ်။ ပြီးတော့..."

"ကဲ ... ကျုပ်လိုချင်တာ ရပြီ၊ စက်သေနတ်ပစ်သလို ဆက်မပြောနဲ့တော့၊ မင်း ပြောနေတာတွေက အရေအတွက်တွေ၊ ကျုပ် သိချင်တာက အရည်အချင်း၊ မင်း ဘယ်လောက် တော်တယ်လို့ မင်းကိုယ်မင်း ထင်သလဲ"

"ချာလီလင့် အတွက်တော့ ကျွန်မဟာ မရှိ မဖြစ်ပဲ"

ဟန့်က သူ့စားပွဲပေါ် ငါးအသေကောင်တစ်ကောင် ပစ်ချလိုက်သလို မျက်နှာပေးဖြင့် လင်ကီကို ကြည့်သည်။

"သြော် ... မင်း အထက်လူကြီးက တော့၊ မင်းက ပညာရှင်၊ ဒီလို ဆိုချင်တာလား"

"အဲဒီလို မဟုတ်ပါဘူး၊ ချာလီက လူတော်တစ်ယောက်ပါ။ ဒါပေမဲ့ လူပျင်း၊ ဒါထက်ကောင်းတဲ့ နေရာမျိုးမှာ ကျွန်မ လုပ်ချင်တယ်"

"ကျုပ်ဆီမှာ ပိုကောင်းမယ်လို့ မင်း ထင်နေသလား"

"ခုတော့ မထင်တော့ပါဘူး"

"မင်း နောက်ထပ် မှားပြန်ပြီ၊ တစ်ပတ်ကို ခုနစ်ဆယ့်ငါး ဒေါ်လာ ရမယ်၊ မနက်ဖြန် စဆင်း၊ မင်း အလုပ်တော်မယ်၊ အချိန်မှန်မယ်၊ ကျုပ်ကို စိတ်အနှောင့်အယှက်မပေးဘူးဆိုရင် ခြောက်လအတွင်း လခ တိုးကောင်း

mgyoe.com

mgyoe.com SAMPLE BOOK
တိုးမယ်၊ တိုးကောင်းတိုးမယ်ဆိုတာ သေချာပေါက် မဟုတ်ဘူးလို့ ဆိုလိုတာ''

စိတ်ချောက်ချားစရာကောင်းလှသည့် စစ်ဆေးမှုကို ဖြတ်သန်းပြီး အလုပ်ရလိုက်ပြီဟု လင်ကီ သဘောပေါက်လိုက်၏။ တစ်ပတ် ခုနစ်ဆယ့်ငါး ဒေါ်လာဆိုတော့ ဆယ်ဒေါ်လာ ပိုရမည်ပေ့။

''ကျွန်မ မနက်ဖြန်တော့ မဆင်းနိုင်သေးဘူး၊ ချာလီ့ကို နှစ်ပတ်ကြိုပြောရမှာမို့ပါ''

အလုပ်မရခင် အဖြုတ်ခံရနိုင်ဖွယ် ရှိသော်လည်း ဖွင့်ပြောချလိုက်၏။

''မင်းက ဘာလဲ၊ လောကနိတိရဲ့ သမီးပျိုလား''

''ဟုတ်တယ်၊ အမှန်ပဲ''

လင်ကီ့လေသံကြောင့် ဟန့်ဂရင်နီ စဉ်းငယ်မျှ ဖြုံသွား၏။ ပထမဆုံး အကြိမ် သူ လျှော့သွားသည်။ အလုပ်ရရုံမက လူထူးလူဆန်း အလုပ်ရှင်နှင့် ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲကိုလည်း ဆင်နွှဲပြီးဆုံးသွားပြီဖြစ်၍ လင်ကီ့စိတ်ထဲ ပေါ့ပါးသလို ဖြစ်သွားသည်။ သည်တော့မှ ရှေ့တည့်တည့်မှ လူ့ခွစာဟု နာမည်ကြီးသော အလုပ်ရှင်ကို အကဲခတ်ဖို့ သတိရသည်။

အညိုရောင်ဝတ်စုံ၊ နိုင်လွန်ရှပ်အင်္ကျီနှင့် အကောင်းစားလည်စည်းတို့ကို မသေမသပ် ဝတ်ဆင်ထား၏။ ဆံပင်ပုံက လူနှင့် အချိုးမကျ၊ ဖြစ်ကတတ် ဆန်းနေတတ်ပုံ ပေါ်လွင်နေ၏။ ဒါလည်း ဟန့်ဂရင်နီ၏ ကိုယ်ပိုင်ဟန် ဖြစ်ပုံရ၏။

သို့သော် သူ့တွင် အလွန် အင်အားကောင်းသည့် ဆွဲငင်မှုတစ်မျိုး ရှိနေသလို ထင်ရ၏။ အားကောင်းမောင်းသန် ပုံစံမျိုး၊ သူ့ အကြည့်ခံရသည်နှင့် သွေးခုန်နှုန်းတွေ မြန်လာသလိုလို၊ တစ်ကိုယ်လုံး ပူနွေးလာလိုလို ထင်ရ၏။ ကျောက်ပေါက်မာအရာတွေလို ထင်နေသည့် ဝက်ခြံဖုများက လူပျိုဖော်ဝင်ချိန် တွင် ယောက်ျားပော်မှုန်း လွန်ကဲခြင်း လက္ခဏာ၊ မျက်မှန်ထူထူကြီးက သူ့အသိဉာဏ် ခွန်အားကို ပြနေသည့်အလား။

စီးကရက် ဖွာရှိုက်ပုံက ဒေါသတကြီး။ သူ့စရိုက်ကို ပြနေဘိသို့။

လင်ကီ မတ်တတ်ထရပ်ပြီး သူ့ကို လက်ဆွဲနှုတ်ဆက်ရင်း အဆင် ပြေပြေ တွဲဖက်လုပ်ကိုင်ဖို့ မျှော်လင့်ကြောင်း ထုံးစံအတိုင်း ပြောလိုက်သည်။ သူက မျက်မှန်ထူကြီးအောက်မှ မျက်လုံးပြူးကြည့်ရင်း–

''မင်း အဲဒီလို ထင်သလား၊ ကျုပ်ဟာ အလုပ်သမားကို ခိုင်းတဲ့နေရာမှာ ကျွဲခိုင်း နွားခိုင်း ခိုင်းတဲ့လူစားဆိုတာ စာအုပ်လောကတစ်ခုလုံး သိတယ်''
mgyoe.com

mgyoe.com SAMPLE BOOK

"ရှင့်အကြောင်း ကျွန်မ ကြားသမျှ အားလုံး မယုံကြည်ပါဘူး။ နိုင်းတဲ့နေရာမှာ ရက်စက်သလို သိပ်တော်တဲ့ စာအုပ်သမားတစ်ယောက်ဆိုတာလည်း ကျွန်မ ကြားဖူးပါတယ်"

ဟန့်ဂရင်နီက ရှေ့မှ အမျိုးသမီးကို ခဏ ငေးကြည့်နေသည်။

"အေးလေ၊ ဟုတ်၊ မဟုတ် ကြည့်ကြသေးတာပေါ့"

ပြောပြောဆိုဆို တယ်လီဖုန်း ကောက်ကိုင်ပြီး လင်ကီကို အခန်းထဲ က ထွက်ဖို့ လက်ဟန့်ပြလိုက်သည်။ သူမျက်နှာပေါ်တွင် မည်သည့် အဓိပ္ပာယ်မျှ လင်ကီ မတွေ့လိုက်။

◆◆◆

ဟန့်ဂရင်နီ၏ ရုံးခန်းထဲမှ လင်ကီ ထွက်လာခဲ့သည်။ ရင်ထဲတွင် မခံချင်စိတ်နှင့် ပျော်ရွှင်မှုတို့ ရောထွေးလျက်။ သို့သော် ပျော်ရွှင်မှုဘက်က အလေးသာနေသည် ထင်၏။ သာမန်မိန်းကလေးတို့ လုပ်နိုင်မစွမ်းသော အလုပ်မျိုးကို မိမိ လုပ်နိုင်ခဲ့ခြင်း မဟုတ်လား။ အတွင်းရေးမှူးဘဝက လွတ်တော့ ကျွတ်တော့မည်။

အဆင့်မြင့်မြင့်ရာထူးမျိုး မဟုတ်သော်လည်း၊ ရည်မှန်းထားသော နေရာမျိုး မဟုတ်သော်လည်း အယ်ဒီတာဟု အခေါ်ခံရတော့မည်။ 'အမျိုးသမီးလောက' မဂ္ဂဇင်းတိုက်ဆီသို့ ဦးတည် လျှောက်နေရင်း အယ်ဒီတာဟူသည့် စကားလုံး ကလေးသုံးလုံးကို လင်ကီ အမြတ်တနိုး တွေးကြည့်နေမိသည်။

သူများ အခိုင်းခံ အတွင်းရေးမှူးဘဝမှ အယ်ဒီတာဘဝသို့ ရောက်ရတော့မည်။ ဘဝ၏ အပျော်ဆုံးနေ့တစ်နေ့ကို ရောက်လာသလို ပျော်နေမိ၏။ အဖေနှင့်အမေသာ ရှိသေးလို့ ဒီသတင်းမျိုး ပြောပြလိုက်ရလျှင် …။

အခြား စိတ်လှုပ်ရှားမှုတစ်ခုအကြောင်းတော့ ပြောပြဖြစ်မည် မထင်။ အန္တရာယ်စက်ကွင်းထဲ ရောက်နေသလို အလွန်စိတ်ကျဉ်းကျပ် မွန်းနစ်ချင်စရာကောင်းသည့် စိတ်ခံစားမှုမျိုး၊ အလုပ်အတွက် စိုးရိမ်ထိတ်လန့်ခြင်း မဟုတ်၊ အလုပ်ရှင် ဟန့်ဂရင်နီကြောင့် ဖြစ်လာသည့် ခံစားမှုတစ်မျိုး။

အလုပ်ရပြီဖြစ်ကြောင်းနှင့် အလုပ်ထွက်တော့မည့်အကြောင်း ချာလီလင့်ကို ပြောပြတော့-

"ဘာ ဟန့်ဂရင်နီဆီမှာ ဟုတ်လား၊ မင်း နောက်နေတာလား လင်ကီ"

ဟု ချာလီ တအံ့တသြ မေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK

လင်ကီက အလုပ်ထွက်မည်ဟု ကြေညာလိုက်သောအခါ ချာလီ၏ နားထဲတွင် ဗုံးကွဲသံလို ဆူညံ ရိုက်ခတ်သွားသည်။ နေ့လယ်စာ စားပြီးချိန် ဖြစ်၍ မှုးနေသည့် အရှိန်ကလေး ရုတ်ခြည်း ပြေသွားတော့၏။ ဝေဝါးနေသည့် မျက်လုံးများ ချက်ချင်း ကြည်လင်လာ၏။ လင်ကီ မရှိလျှင် မဖြစ်မှန်း သူ သိသည်လေ။

"လင်ကီ တကယ်ပြောနေတာ ချာလီ၊ ဟိုမှာ နှစ်ပတ်အတွင်း လင်ကီ အလုပ်ဝင်တော့မယ်၊ ဒီအတွင်း ချာလီ လူစားရှာတော့"

"မင်း ပြန်စဉ်းစားပါဦး လင်ကီ၊ လခတိုးဖို့ ကိုယ် ကြည့်ပါဦးမယ်"

လင်ကီ ဘာမျှ မပြော။

"ရာထူးတက်ဖို့လည်း ကိုယ် ကြိုးစားပေးမှာပေါ့"

လင်ကီ မလှုပ်။ အတန်ကြာမှ -

"မရတော့ဘူး ချာလီ၊ လင်ကီ အားလုံး စီစဉ်ပြီးခဲ့ပြီ"

ယခုမှ ရာထူးတိုးပေးဖို့ သတိရသည်တဲ့။ တစ်ကိုယ်တော် တိုက်ပွဲ ဝင်ခဲ့သည့် ဘက်ကီရိစ်၏ ကာမိကာဇီနည်းကို ပြေးသတိရလိုက်၏။

"မင်းရဲ့ အနာဂတ် ဒီမှာ ပိုကောင်းမယ်ထင်တယ် လင်ကီ၊ စိတ်ရှည် ရှည် ထားပါကွာ"

"တစ်သက်လုံး စိတ်ရှည်ရမှာလားဟင်"

လင်ကီ ပြန်ပက်လိုက်ပုံက မြန်ဆန်သွက်လက်လှသည်။ မြွေပေါက် သည့်နှယ်။

◆◆◆

"မင်း တစ်နေ့မှာ နောင်တရလိမ့်မယ် လင်ကီ၊ ဟန့်ဂရင်နီဆိုတဲ့ကောင် က လူတကာရဲ့ မျက်ခုံးမွေးပေါ်မှာ စကြံလျှောက်နေတဲ့ကောင်"

လင်ကီ အလုပ်ထွက်မည်ဆို၍ သွေးပျက်နေရာမှ ဣန္ဒြေဆည်နိုင် လောက်သည့်အခါတွင် ချာလီက လေချိုသွေးသည်။

အယ်လ်ဗင်ဟေးကလည်း လင်ကို ဆုံးဖြတ်ချက်ကို မထောက်ခံ။

"ဦးက စာအုပ်လောကကို သမီး ဝင်သွားတယ်ဆိုတော့ ဟေးဝဒ်တိုက် မှာ အောက်မေ့နေတာ"

အယ်လ်ဗင်ပြောသည့် တိုက်က ကမ္ဘာကျော် စာအုပ်တိုက်ကြီး။ ဟန့်ဂရင်နီကို သူ ကြားဖူးစရာ အကြောင်းမရှိ။ ထို့ကြောင့် လင်ကီက ရှင်းပြရ

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ဟန့်ဂရင်နီ၏ 'စာပေပေါင်းကူး' မှာ ငွေရေးကြေးရေး သိပ်မတောင့် တင်းသည့် စာမူပွဲစား တိုက်ကလေးဖြစ်ကြောင်း၊ သတင်းမဂ္ဂဇင်းမှ သတင်း ထောက်စာရေးဆရာ အိုဝင်ကာဆယ်နှင့် ကက်သလင်းဒိုရင်းမှလွဲပြီး ပင်တိုင် စာရေးဆရာ တစ်ယောက်မျှ မရှိသေးကြောင်း စသည် စသည်။

"ဟန့်ဂရင်နီဆီမှာ ပြောင်းပြီးလုပ်ဖို့ ဆုံးဖြတ်ပြီးရင်လည်း ဆုံးဖြတ် ထားတဲ့အတိုင်း လုပ်ပေါ့" ဟု ပီတာက ထောက်ခံသော်လည်း လင်ကို ဆုံးဖြတ်ချက် မှန်၊ မမှန်ကိုမူ သံသယဝင်လျက် ရှိသည်။

"မကြိုက်ရင် နောက်တစ်နေရာ ပြောင်းလုပ်လို့ ရတာပဲ။ အဲဒီလို အခါမှာ ကိုယ့်မိန်းမကို အားလုံးက နားလည်ကြမှာပါ" ဟုလည်း နှစ်သိမ့်သည်။

"ဒါပေမဲ့ အဲဒီလိုဖြစ်ရင် လင်ကို့ကိုယ်လင်ကီ နားလည်မှာ မဟုတ်ဘူး"

အလုပ်ထွက်ရခြင်းကို အရှုံးပေးခြင်းများ ဖြစ်နေမလားဟု လင်ကီ ဇဝေဇဝါ တစ်ချက် ဖြစ်သွားသည်။ အရှုံးပေးခြင်းသည် ပျက်စီးခြင်းနှင့် သံတူ ကြောင်းကွဲ မဟုတ်လား။

ဟန့်ဂရင်နီ၏ တိုက်တွင် တရားဝင် အလုပ်မဆင်းမီကတည်းက သူ့ ကို လိုက်နိုင်အောင်၊ သူ မငြိုငြင်အောင် လုပ်ဖို့ ဆုံးဖြတ်ထားပြီး ဖြစ်သည်။ လင်ကီသည် သူ့ဘဝ မျက်နှာစာအသစ်ကို လှလှပပ ဖွင့်နိုင်မည်ဟု ယုံယုံ ကြည်ကြည်ဖြင့် စိတ်နှလုံး တုံးတုံးချထား၏။

စိတ်ပျက်စရာကောင်းသည့်၊ မိမိလုပ်အားကို အသိအမှတ်ပြု မခံရသည့် ကာလများ ကုန်ဆုံးလွန်မြောက်ခဲ့ပြီဟုလည်း ယုံကြည်ထားလိုက်၏။ တောက်ပ သည့် အနာဂတ်ကို လှမ်းမြင်နေရပြီ မဟုတ်လား။ ထိုအချိန်မှစ၍ ကိုယ့်ကိုယ် ကိုယ် ခေတ်၏ သမီးပျိုတစ်ယောက် ဖြစ်စေရမည်ဟုလည်း ဆုံးဖြတ်ထားလိုက်၏။ ယောကျ်ားတစ်ယောက်ယောက်၏ အကူအညီမပါဘဲ လိုချင်သည့် အဆင့်ကို ရောက်စေရမည်ဟုလည်း သံန္နိဋ္ဌာန်ချထား၏။ လင်ကီ့ကို ကြည့်ပြီး ပီတာ သဘောတွေ ကျနေသည်။ ပြီးတော့ လန့်သလိုလို ဖြစ်လာသည်။

"မင်း ဆုံးဖြတ်ချက်တွေက တစ်ခါတစ်ခါ ကြောက်စရာကောင်းတယ် လင်ကီ" ဟု ပြောတော့ လင်ကီက-

"မောင်က ဘာလို့ ကြောက်ရမှာလဲကွယ်"

"အေးလေ၊ ကြောက်ရမယ့်အထဲမှာ ကိုယ် မပါသင့်ဘူးပေါ့နော်"

◆◆◆

၁၉၆၃ ခုနှစ်၊ ဇန်နဝါရီလတွင် 'စာပေပေါင်းကူး' တိုက်သို့ လင်ကီ

mgyoe.com

mgyoe.com
SAMPLE BOOK

ရောက်သည်။ နေ့လယ်စာစားလျှင် သုံးနာရီကြာသော ချာလီလင့်အား တာ့တာ လုပ်ပြီး ဟန့်ဂရင်နီနှင့် သူ့အချိန်မှတ်နာရီကို ဟဲလိုဟု နှုတ်ဆက်၍ အလုပ်ဝင် လိုက်သည်။

ရုံးကို စောစောရောက်သည့်အကျင့်ကို ဆက်ထိန်းထားသည်။ ရုံးသို့ အစောဆုံးရောက်သူမှာ လင်ကီ။ သို့သော် ဟန့်ထက်တော့ တစ်ခါမျှ မစောနိုင်။ ဟန့်ဂရင်နီက ရုံးကို အိမ်လို သဘောထားနေသူ။

"ဘာဖြစ်လာတာလဲ၊ ယောက်ျားက အိပ်ရာပေါ်က ကန်ချလိုက်လို့လား"

တစ်နေ့ နံနက် ရှစ်နာရီဆယ့်ငါးတွင် လက်နှိပ်စက်တဖြောက်ဖြောက် ရိုက်နေသော လင်ကီကို ဟန့်က လှမ်းပြောသည်။

လင်ကီက ပြုံးပြုံးလေး ပြန်မော့ကြည့်ရင်း-

"ရှင်ကရော မိန်းမက ကန်ထုတ်လိုက်လို့လား" ဟု ပြန်ပက်လိုက်၏။ ဟန့်ဂရင်နီရှေ့တွင် အားနည်းပျော့ညံ့ခြင်းသည် ကိုယ့်ကိုယ်ကိုယ် သေဒဏ်ပေး ခြင်းနှင့် အတူတူ ဖြစ်ကြောင်း ရော့ဖ်က လင်ကီကို အစောကြီး သတိပေးထား၏။

သည်တော့မှ ဘုကြည့်ကြည့်ပြီး သူ့ရုံးခန်းဆီသို့ ဆက်လျှောက်သွား သည်။ ထိုနေ့ညနေတွင် ဟန့်ဂရင်နီ မပြန်မချင်း လင်ကီ အလုပ်ထိုင်လုပ်နေ၏။ ရုံးခန်းရှေ့မှ သူ ဖြတ်လျှောက်သွားတော့ လင်ကီက ယဉ်ကျေးစွာ လှမ်း နှုတ်ဆက်သည်။

"မင်္ဂလာ ညနေခင်းပါ"

ဝတ်ကျေတမ်းကျေ အသံပြုရုံမျှပင် မတုံ့ပြန်ဘဲ စီးကရက် တထောင်း ထောင်းဖွာကာ ဆက်လျှောက်သွားသည်။

သည်အဖြစ်ကို လှမ်းမြင်လိုက်သော ရော့ဖ်က-

"အဲဒါ ဟန့်ရဲ့ အကျင့်ပဲ၊ မင်း အလုပ်ဝင်မိတာ မှားပြီလို့တော့ မထင် ပါဘူးနော်"

လင်ကီက ပြုံးပြုံးကလေး ခေါင်းယမ်းပြီး-

"လင်ကီ ခံနိုင်ရည်ရှိပါတယ် ရော့ဖ်"

❑

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း [၁၄]
## အယ်လီ

ဟိုအဝေးကြီးမှ ဂျိန်းဂရက်ချ် လှမ်းပြီး စိတ်ကူးယဉ်နေသည့် နယူးယောက်မြို့၊ ပဉ္စမရိပ်သာလမ်းရှိ အနုပညာရပ်ကွက်မှ အလယ်အလတ်တန်းစားများနေသည့် ဒေသတွင် အယ်လီမက်ဂရက် အေးချမ်းစွာ ကြီးပြင်းခဲ့သည်။

အဖေက အလုပ်သမားရေးရာ ဥပဒေအကျိုးဆောင် ရှေ့နေကြီး။ နိုင်ငံရေးတွင် အလွန်အကွက်မြင်သူ။ အမေက ဖက်ရှင်ကြော်ငြာ မဂ္ဂဇင်းကြီးတစ်ခု၏ ဒါရိုက်တာအဖွဲ့ဝင်။

"အယ်လီ ဘာလုပ်လုပ် အဖေနဲ့ အမေတို့ရဲ့ ရောင်ပြန်ဟပ်မှုတွေချည်းပဲ၊ တစ်ခုပဲ ရှိတယ်၊ အဖေရဲ့ ဥပဒေဦးနှောက်လည်း မရလိုက်ဘူး၊ အမေရဲ့ အလှဆင်မှုနည်းပညာတွေလည်း မရလိုက်ဘူး" ဟုအစ်မလုပ်သူ မာဂရက်ကို ရင်ဖွင့်သည်။ မာဂရက်က မိဘနှစ်ပါးစလုံး၏ ပညာအမွေ ရလိုက်သူ။

အယ်လီသည် ၁၄ လမ်းတောင်ပိုင်းတွင် ရေပန်းစားသည့် ခေတ်စမ်းစာရေးဆရာများ၊ တော်လှန်ပန်းချီဆရာများနှင့် ကာလပေါ်ဂီတ၏ အငွေ့အသက်များနှင့် ကြီးပြင်းလာသူဖြစ်လေသည်။ ရောက်သည့်နေရာတွင် ရပ်မနေဘဲ ရှေ့သို့ တိုးတှေ့တိုက်ခိုက်လိုခြင်းသည် အနုပညာရပ်ဝန်းဒေသ၏ လွှမ်းမိုးမှု ဖြစ်လေသည်။

၉ လမ်း၊ အရှေ့ပိုင်းမှ ပန်းချီပြခန်းများတွင် အဟောင်းနှင့် အသစ်တို့၏ အားပြိုင်မှုကို တွေ့ရသည့်အချိန်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

အယ်လီကို ဂျိန်းရာဆယ်နှင့် မာရီလင်မွန်ရိုးတို့၏ခေတ်ဖြစ်သော ၁၉၄၀ ပြည့်နှစ်တွင် မွေးဖွားသည်။ မိန်းကလေးများက အစ်ကိုကာလသားတို့ စွဲမက်အောင် အလှပြိုင်နေသောခေတ်။ သို့သော် အယ်လီက သူ့ခန္ဓာကိုယ် ဖွံ့စည်းပုံကို တံမြက်စည်းတစ်ချောင်း ထောင်ထားသလိုပဲဟု ပြောလေ့ရှိပြီး အားငယ်နေတတ်သည်။

'ရင် မရှိ၊ တင် မရှိ၊ အမို့အမောက် ကောက်ကြောင်းမဲ့ အဲဒီပုံကို ဘယ်သူ ကြိုက်မှာလဲ' ဟုလည်း ညည်းတွားတတ်၏။

သူ့ခန္ဓာကိုယ်နှင့် ပတ်သက်ပြီး အယ်လီက ကျိန်စာသင့်နေသလားဟုလည်း တွေးမိ၏။ မခံချင်စိတ်ဖြင့် ပုံပြောင်းလာအောင် အပြင်းအထန် ကြိုးစားသည်။ ရင်သားလေ့ကျင့်ခန်းကို လက်မောင်းတွေ ပြုတ်ထွက်မတတ် အပင်ပန်းခံပြီး လေ့ကျင့်သည်။

ရင်သားအလှအတွက် အထောက်အကူပြုပစ္စည်းများ တစ်ခုပြီး တစ်ခု ဝယ်သည်။ ကြော်ငြာတွင် ပါသမျှ လိမ်းဆေးတွေ၊ လူးဆေးတွေ ဝယ်သုံးသည်။ ထူးထူးခြားခြား တက်မလာ။ ယောကျ်ားလေးများက ရင်သားအလှကို မြတ်နိုးတတ်ကြောင်း ဆယ့်ငါးနှစ်သမီးအရွယ်ကတည်းက အယ်လီ နားလည်ခဲ့၏။ ထို့ကြောင့်လည်း အသေအလဲ ကြိုးစားခြင်း ဖြစ်သည်။

အရွယ်ရောက်လာချိန်တွင် အယ်လီ သူ့ကိုယ်သူ ပြန်သုံးသပ်သည်။

'အင်း ... ငါ့ဘဝ တစ်ဝက်က ယောကျ်ားလေးတွေ ကြိုက်ရာ ကြိုက်ကြောင်း ကြိုးစားခဲ့ရတယ်၊ ကျန်တစ်ဝက်က သူတို့ ကြိုက်နိုးကြိုက်နိုးနဲ့ စောင့်ရတယ်''

ခုနစ်တန်းတွင် အယ်လီသည် တောင်းဆိုချက်တွေကို လက်မှတ်ထိုးတတ်နေပြီ။ အဖွဲ့အစည်းတွေထဲ ဝင်သည်။ နိုင်ငံရေးအဖွဲ့အစည်းများ၏ မဲဆွယ်ပွဲတွေကို ပါဝင်ကူညီသည်။

ရွယ်တူကလေးတွေက ရုပ်ပြစာအုပ်များ ဖတ်နေချိန်၊ တီဗွီမှ ကာတွန်းကားများ ကြည့်နေချိန်တွင် အယ်လီက နိုင်ငံရေးရာ၊ ဥပဒေရေးရာတွေကို ဝေဖန်နိုင်နေပြီ။

အိုက်စင်ဟောင်ဝါကို လူတိုင်း ထောက်ခံနေချိန်တွင် အယ်လီက အက်ဒ်လေကို မဲပေးသည်။ ၁၉၅၆ ခုနှစ်၊ အိုက်စင်ဟောင်ဝါ နောက်ထပ် အရွေးခံရတော့ ဒေါသူပုန်ထသည်။ တွေ့သမျှလူကို အိုက်စင်ဟောင်ဝါ မကောင်းကြောင်း၊ နှစ်ဆင်က သာဆိုးကြောင်း လျှောက်ပြောသည်။

mgyoe.com